

ကိုပိုက်
ထူးဆန်းသောနှလုံးသားနှင့်လူ
ဒုတိယအကြိမ်

ဘ ယ

မွေးမေ

မွေးဖေ



ပြီးတော့ .....

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်

ဆရာသော်တာဆွေအား ဤစာအုပ်ဖြင့်

ဂါရဝပြုပါသည်။



ကိုပိုက်

ဘ ၆

ပုဂံသားစာအုပ် (၁၁)

# ကိုပိုက်

## ထူးဆန်းသောနှလုံးသားနှင့်လူ

စီစဉ်သူ - ကိုကျော်သူမိုး

**ပုဂံသားစာပေ**

အမှတ် (၁၄)၊ အနောက်ဗဟိုရ်လမ်း၊
ဆရာစံမြောက်အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၃၆၀၅၀၅

အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၂၃၀၅၀၇

ပုံနှိပ်ခြင်း

ဒုတိယအကြိမ်

(စက်တင်ဘာလ - ၂၀၀၅)

အုပ်ရေ (၅၀၀)

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (၀၂၉၀၉)

အမှတ် (၁၇၁)၊ ၃၃လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဒေါ်တင်တင်ဝေ (၀၃၇၆၀)၊ မိုးမြင့်စာပေ

အမှတ် (၇၅)၊ ၄-လွှာ၊ မဟာဗန္ဓုလလမ်း၊

ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းဖလင်

ဇမ္ဗူရာဇ်

မျက်နှာဖုံးပန်းချီ

ပန်းချီ (K) တာသက်း

ကွန်ပျူတာစာစီ

*Asia Born* (*Desktop Publishing & Media Group*)

*Ph : 383841 , 727709*

တန်ဖိုး - ၇၀၀ ကျပ်

မှဆိုးဝတ္ထုများ

ကြိုက်နှစ်သက်သော

စာဖတ်သူများအတွက်

ရည်ညွှန်းပါသည်။

## ပုဂံသားစာပေ မှ ထွက်ရှိပြီး စာအုပ်များ

၁။ ကိုပိုက် (အပျိုမ၊ မေနှင့်တွေ့တုန်းတွေ့နိုက်၊
ထွေရာတွေးမိ၊ စကားလက်ဆုံ)

၂။ ကိုပိုက် (၂၀၀၁ မှဆိုးများ)

၃။ ကိုပိုက် (ကြုံဆုံခဲ့ရ မှဆိုးဘဝ)

၄။ ကိုပိုက် (ဝိညာဉ်ကလဲ့စား)

၅။ ကိုပိုက် (အင်ကြင်းဝက်ပါ)

၆။ ကိုပိုက် (လောကငရဲပြွန်)

၇။ ကိုပိုက် (နားလည်ခြင်း)

၈။ ဆွေလှိုင်ဦး (အငြိုးတစ်ရစ် အဆိုးတစ်ရစ် အချစ်တစ်ဖုံငုံ)

၉။ ကိုပိုက် (သေမင်းတမန်မှဆိုး)

၁၀။ ကိုပိုက် (မီးလောင်ကုန်းရွာသူ)

ယခုလ

၁၁။ ကိုပိုက် (ထူးဆန်းသောနလုံးသားနှင့်လူ)

ဆောင်းရာသီ ဖြစ်သည်ကြောင့် ပေါင်းလောင်းချောင်းများတွင် ရေ အနည်းငယ်သာ ရှိတော့၏။

ဆင်ပိုင်ကြီး စောစံကြိုင်၏ ဆင်အဖွဲ့တစ်ဖွဲ့သည် ထိုပေါင်းလောင်းချောင်းများ နံဘေးတွင်ရှိ၏။ စုစုပေါင်း ဆင်(၆)ကောင်အဖွဲ့ ဖြစ်သည်။ ထို ဆင်အဖွဲ့၏ ဦးစီးဦးဆောင် ဆင်ခေါင်းကြီးသည် ကိုခင်မောင်မြင့် ဖြစ်သည်။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် အမဲပစ်ရန်အလို့ငှာ ဆင်ခေါင်းကြီး ကိုခင်မောင်မြင့်ထံ ရောက်နေကြ၏။

ကျွန်တော်တို့နှင့်အတူ "ဦးသင်းကြိုင်" ဆိုသော မိတ်ဆွေတစ်ယောက် ပါလာချေ၏။

"ကိုပိုက်. . . အမဲပစ်သွားလျှင် ခေါ်စမ်းပါဗျာ၊ ကြုံဖူးတယ်ရှိအောင် လိုက်ချင်လို့ပါ" ဆိုခဲ့ဖူးခြင်းကြောင့် ဖျဉ်းမနားတွင် တကူးတက ဝင်ခေါ်ခဲ့ခြင်း ဖြစ်တော့၏။ ကျွန်တော်တို့က ဦးသင်းကြိုင်ရယ်လို့ ခေါ်ကြသော်ငြား အမှန်တကယ်တော့ ဦးသင်းကြိုင်သည် အသက်အားဖြင့်

ကျွန်တော်တို့နှင့် မတိမ်း မယိမ်းသာ ရှိပေ၏။ အိမ်ထောင်မရှိ လူပျိုကြီး ဖြစ်သည်။

ကျွန်တော်တို့နှင့် ပတ်သက်၍ သူသည် ဆင်ခေါင်းကြီး ကိုခင်မောင်မြင့်နှင့် တရင်းတနှီး ဖြစ်သွားကြသည်။

ငယ်ပေါင်းတွေအလား ထင်မှတ်ရပေ၏။

လင်းမြင့်လှိုင်နှင့် ကျွန်တော်သည်လည်း ဆင်ခေါင်းကြီးအိမ်တွင် လေးငါးရက်ခန့် ရှိကြပေ၏။ ဆင်ခေါင်းကြီးတဲတွင်သာ စတည်းချပြီး အမဲထွက်လည်ကြခြင်း ဖြစ်၏။

သားကောင်ပေါသည့်ကြောင့် ဆင်စခန်းနှင့် သိပ်ဝေးဝေးလံလံ မသွားရချေ။

ဂျီ၊ ဆတ်၊ ဒရယ်၊ မျောက် တို့ကိုသာ ပစ်ခတ်လိုကြခြင်းကြောင့် ဖြစ်၏။

အိမ်ဆင်များ ရှိနေခြင်းကြောင့် သားရဲကောင်များတော့ မရှိကြချေ။

ဆင်ခေါင်းကြီးတို့ စခန်းတွင် အိမ်ထောင်စု သုံးစုပါ၏။ ဆင်ဦးစီး၊ မောင်စိုး၊ နိုင်မောင်နှင့် ခူနှိုးတို့သည် လူငယ်လူပျို လူလွတ်လေးများ ဖြစ်ကြသည်။

သို့ပေမယ့် တစ်ယောက် တဲတစ်လုံး ထိုးကာ လွတ်လွတ်လပ်လပ် နေထိုင်ချက်ပြုတ်စားကြ၏။

ဆိုခဲ့သလို ဆင်ဦးစီး စောလယ်ဝါး၊ စောဒေးဗစ်နှင့် စောအေးဖိုးတို့သည် မိသားစုကိုယ်စီနှင့် ဖြစ်တော့၏။ စောလယ်ဝါးသည် ဥတ္တံ့သား၊ စောအေးဖိုးသည် လှည်းကူးသားနှင့် စောဒေးဗစ်သည် ပျဉ်းမနားသား ဖြစ်ချေ၏။

ဆိုတော့ကာ ကျွန်တော်တို့၏ မိတ်ဆွေကြီး ဦးသင်းကြိုင်သည် ဆင်ခေါင်းကြီးနှင့်ပတ်သက်၍ ပျဉ်းမနားသားချင်း အဖွဲ့ကျသွားပြန်

တော့၏၊ သည်တော့ စောဒေးဗစ် မိသားစုနှင့်ပါ တရင်းတနှီး ဖြစ်သွားပြန်ချေ၏၊

သည်တွင် ဦးသင်းကြိုင် တစ်ယောက် "ရှယ်လီထွန်း"နှင့် ပတ်သက်လာပြန်တော့၏၊

"ရှယ်လီထွန်း"ဆိုသည်မှာ စောဒေးဗစ်၏ ခယ်မ ဖြစ်ချေတော့သည်၊

❑ ❑ ❑ ❑ ❑

"ဘယ်လိုလဲ ကိုလင်း ကိုသင်းကြိုင်တစ်ယောက် စောဒေးဗစ်ခယ်မကို မျက်စိကျနေပြီ ထင်ရဲ့"

"ဟုတ်လိမ့်မယ်ဗျ. . . ကျွန်တော်တို့နဲ့ အမဲပစ်တောင် မလိုက်တော့ဘူး"

"နှိပါစေတော့ ကိုလင်းရယ်. . . ကျွန်တော်တို့လည်း ဒီရောက်နေတာ အတော်ကြာပြီ၊ နက်ဖြန်ကို ပြန်ကြစို့ဗျာ".

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တစ်မနက်လုံး တောတိုးလျှောက်ခဲ့ကြရာမှ နေမွန်းလွဲသည့်တိုင် မည်သည့်သားကောင်မျှ မရသို့ပေမယ့် ဖွတ်ကျားကြီးတစ်ကောင်တော့ဖြင့် မနက်ပိုင်းက ရထား၏။

အောက်ပေါင်းရှင်းသော ဘင်္ဂပင်ကြီးတစ်ပင်အောက်တွင် နားလိုက်ကြသည်။

"ခဏ နားစို့ဗျာ. . ."

ဆာလောင်နေသည်လည်း ဖြစ်၍ ကျွန်တော်သည် ဖွတ်ကောင်ကြီးကို အသားဖျက်၍ ထင်းခြောက်များကို စုဆောင်းလိုက်ပြီး မီးဖို

လိုက်၏။ ပြီးနောက် ဖွတ်ကောင်သား အတုံးအတစ်များကို တံစို့ထိုး မီးကင်လိုက်သည်။

လင်းမြင့်လှိုင်သည် နားနေ ထိုင်လျက်မှ ကပျာကသီ ထလိုက်ပြီး သေနတ်ကိုကိုင်၍ မပြောမဆို နေရာမှ ထသွားလေသည်ကြောင့် ကျွန်တော်သည် သစ်ပင်ကြီးကို ကျောမှီ မှိန်းနေရာမှာ လိုက်ကြည့်လိုက်၏။

လင်းမြင့်လှိုင်သည် ချုံနွယ်ပင်တစ်ခု နောက်ကွယ်သို့ ဝင်သွား၏။ သူ ကျွန်တော့်အမြင်မှ ပျောက်သွားလေတော့၏။ အတန်ကြာတွင်-

"ဒိန်း"

လင်းမြင့်လှိုင်ထံမှ သေနတ်သံတစ်ချက် ကြားလိုက်သည်။

သားကောင်တစ်ကောင် တွေ့၍ ပစ်လိုက်ခြင်းဖြစ်မည်။

မကြာမီ ထိုချုံနွယ်ပင်လေး နောက်ကွယ်မှ လင်းမြင့်လှိုင် တစ်ယောက် သားကောင်ငယ်တစ်ကောင် ထမ်း၍ ထွက်လာလိမ့်မယ်ဟု တွက်ထားပေမယ့် အတန်ကြာသည့်တိုင် မမြင်ရလေသည်ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်နောက် လိုက်သွားကြည့်လိုက်၏။

"ဟင်!"

လင်းမြင့်လှိုင် ဘယ်ရောက်သွားပါလိမ့်။

ကျွန်တော်သည် တောင်ကြောလေးတစ်ခိုက် လှည့်ပတ်ကြည့်လိုက်သည်။

"ဟာ"

ကျွန်တော် ရှိနေသည့် တောင်ကြောလေးအောက် မြောင်တွေ့လေးတစ်ခုတွင် လူရိပ်တစ်ခု တွေ့လိုက်သည်ကြောင့် လှမ်းကြည့်လိုက်သည်။

လင်းမြင့်လှိုင်များ ဖြစ်လေမလား။

ကျွန်တော့်အား မပြောမဆို ထွက်သွားသည်မှာ သူ ပစ်လိုက်

သော သားကောင် ဒဏ်ရာအနာတရဖြင့် ပြေးသွားသဖြင့် နောက်မှ လိုက်သွားခြင်းလေလား။ မည်သို့ပင်ဖြစ်စေ သူ့ကို လှမ်းတွေ့လိုက်သော နေရာသည် အတန်ဝေးသည်ဖြစ်၍ ကျွန်တော် ထိုမြောင်းအတိုင်း လိုက်သွားတော့သည်။

မြောင်းလေးအတိုင်း လိုက်ခဲ့ရာမှ လူရိပ် လှမ်းမြင်လိုက်ရသည့် မြောင်းကွေ့လေးသို့ ရောက်လာ၏။

ထိုမြောင်းကွေ့လေးမှ အတော်လှမ်းလှမ်းသို့ လျှောက်ခဲ့သည်တွင် မြောင်းပေါက်ဝသို့ ရောက်လာ၏။

"အလို"

ဟုတ်မှ ဟုတ်ပါလေစ၊ ကျွန်တော့် အတွေ့အကြုံအရ ပြောရလျှင် ပထဝီသဘောအရ မြောင်းပေါက်ဆုံးလျှင် ချောင်းသို့ ရောက်ရပေမည်။ သို့မဟုတ် မြောင်းလေးမှ မြောင်းကြီးပေါ့။ ယခုမူ အံ့ဖွယ်ဖြစ်တော့၏။ ကွင်း မြေပြန့်ကျယ်လို့ပဲ ခေါ်မလား။ အင်းပျက်လို့ပဲ ခေါ်ရလေမလား မသိတော့ချေ။ မြက်ပင်ခြောက်တို့သည် ဟိုတစ်စု၊ သည်တစ်စု ထိုးထိုးထောင်ထောင်၊ ထိုသည်ကြားမှ သစ်တစ်ပင်၏ မီးလောင်ငုတ်တိုကြီးသည် ကွင်းလယ်လောက်တွင် ထီးထီးမားမား ကျက်သရေ မရှိလိုက်တာ၊ အမြင့်အားဖြင့် ရှစ်ပေခန့် ရှိလိမ့်မည်။

အဝေးတွင်မတော့ ကျွန်းတောကြီး ဖြစ်လိမ့်မည်။ ဓာပ်ဓာပ်စိုင်းစိုင်း အရွက်ဖားဖား အပင်တို့ ဖြစ်သည်။

ကျွန်တော်သည် ကွင်းလယ်ရှိ သစ်ငုတ်တိုကြီးကို ထူးဆန်းစွာ ကြည့်နေရာမှ နားသို့ တိုးကပ်သွားလိုက်၏။

"ကိုပိုက်. . . ကိုပိုက်. . . ကိုပိုက်. . . ကိုပိုက်"

ကျွန်တော့်ကို ခေါ်နေသံများလေလား။ ပိုးတဝါး သဲ့သဲ့ ကြားနေရ၏။ သို့ကြောင့် အသံလာရာဘက်များဆီသို့ ကြည့်လိုက်၏။

အသံများပင် ပျောက်သွား၏။ စိတ်ထင်ခြင်းလေလား။

ကျွန်တော်သည် သစ်ငုတ်တိုကြီးရှိရာသို့ မြက်ခြောက်တောကို တိုးဝှေ့ဖြတ်သန်းသွားလိုက်၏။

"ကွိစ်း"

အလို သစ်ငုတ်တိုကြီး ရှိရာက အသံစူးစူး ကြားလိုက်ရ၏၊ "ဆင်" အော်သံ ဖြစ်သည်။

ကျွန်တော်သည် မျက်မှောက်ကြုတ်၍ သစ်ငုတ်တိုကြီးကို အသေအချာ ကြည့်လိုက်သည်။

"ဝူး"

ဘယ်လိုကြောင့် သစ်ငုတ်တိုကြီးက"ဆင်" အော်သံ ကြားရပါလိမ့်၊ မဟုတ်သေးပါဘူး။

သစ်ငုတ်တိုကြီးကို အသေအချာ စိုက်ကြည့်နေရာမှ လှုပ်ရှားလာသည်ဟု ထင်လိုက်မိ၏။

တကယ် လှုပ်လာတာပါကလား။

"ဝူး"

"ဝူး"

ကြည့်နေရင်းမှ သစ်ငုတ်တိုကြီးသည် ကျွန်တော့်ထံ ပြေးလာလေတော့သည်။

"ဟာ. . ."

ကျွန်တော် ထိတ်လန့်သွားသည်၊ ချာခနဲ လှည့်ပြေးလာလိုက်တော့၏။

"ဒိန်း"

ကျွန်တော့် မျက်လုံးများ ပြာသွားသည်၊ နားမှ ကပ်၍ ကျည်ဖြတ်သွားသည်ကြောင့် လေပင် ဟပ်သွားသေးတော့၏။

ကံကောင်းပေလို့ ကြက်သီးမွေးညှင်းများပင် ထသွားတော့၏။

"ကွိစ်း"

"ဘုန်း"

ကျွန်တော့်နောက် ပြေးလိုက်လာသော ဆင်ကြီးသည် ခွေယိုင်လဲကျသွားတော့၏။

ကျွန်တော်သည်လည်း ရှေ့သို့ ဟပ်ထိုးမှောက်ခုံကြီး လဲကျသွားရပေတော့သည်။

"ကိုပိုက်"

"ကိုပိုက်"

ကယျာကသိ ကုန်းရုန်းထလိုက်၏။

"ဟင်!"

လင်းမြင့်လှိုင်သည် ကျွန်တော့်ကို စိုးရိမ်တကြီး ကြည့်နေသည်ဟု ထင်ရပေမယ့် သူ့မျက်နှာကို အသေအချာ ကြည့်လိုက်သည့်အခါ ပြုံးစစမျက်နှာပေး ဖြမ်မနေသဖြင့်-

"ကိုလင်းနှယ်ဗျာ ကံကောင်းပေလို့ . . . ခင်ဗျားသာ ရောက်မလာလျှင်ဖြင့် ကျွန်တော် ဆင်နင်းလို့ သေလောက်ပြီ"

ကျွန်တော့်စကားကြောင့် လင်းမြင့်လှိုင်သည် ပြုံးစစမျက်နှာပေးသည် လငပုပ်ဖမ်းသလို ဖြစ်သွားတော့၏။

"ဘာပြောတယ် ကိုပိုက် ပြန်ပြောပါဦး"

"ကိုလင်း အရောက်မြန်လို့ ဆင်နင်းမခံရလေတာ"

"ဟင်! ဘယ်မလဲ ဆင်"

သည်တစ်ကြိမ် အံ့ဩသွားရသူမှာ ကျွန်တော် ဖြစ်သည်။

ကျွန်တော်သည် နောက်သို့ လှည့်ကြည့်လိုက်ပြီး-

"ဟိုမယ်လေ ဆင်ကြီးကို မတွေ့လား"

"ဟာ"

သေနတ်မှန် လဲကျနေသော ဆင်ကြီးရှိရာသို့ လှမ်းကြည့်မြောလိုက်သည့်တွင် အံ့ဩစွာ ဆင်ကြီး မရှိတော့ပါကလား။

"ဘယ်လို ဖြစ်ရတာလဲဗျာ"

တောဆင်ကြီး မဟုတ်၊ တောဝက်တောင်းကြီးတစ်ကောင် ဖြစ်နေ၏၊ တစ်ထွာမက အစွယ်ဖွေးဖွေး ကားကားကြီးသည် အသည်းယားစရာပင် ကောင်းသေးတော့၏၊ လင်းမြင့်လှိုင် ကယ်ပေလို့သာပေါ့၊

"ကိုပိုက်ရယ်. . . ခေါ်မကြား အော်မကြားနဲ့ ဘယ်လို ဖြစ်ရတာလဲ"

သို့ ကျွန်တော် ကြားလိုက်ရသည့် စကားကြောင့် လွန်မင်းစွာ အံ့ဩသွားမိ၏၊

"ကိုလင်း စောစောက ဘယ်ရောက်နေတာတုန်း. . ချုံကွယ်ကနေ တော်တော်နဲ့ ထွက်မလာတော့ကာ ကျွန်တော်က စိုးရိမ်ပြီး ချုံကွယ်နောက်လာကြည့်တာ အင်းဖျက်ထဲမယ် ပထမ မီးလောင်သစ်ငုတ်တိုကြီးလို့ မြင်လိုက်တယ်၊ အသေအချာကြည့်တော့ တောဆင်ရိုင်းကြီး ဖြစ်နေတယ်၊ တောဆင်ရိုင်းမှန်း ကျွန်တော်သိတဲ့အချိန်က သိပ်နောက်ကျသွားပြီးလေ၊ ဒါကြောင့် လှည့်ပြေးခဲ့တာပေါ့. . . ဟော. . . ကိုလင်းက ပစ်လိုက်တော့ ဆင်ရိုင်းမဟုတ်ဘဲ ခုလို တောဝက် ဖြစ်နေပြန်တယ်"

"ဟာ. . . ဟား. . . ဟား. . . ဟား. . . အတော်ရယ်ရတဲ့သူပေပဲ၊ ကျွန်တော် အဲဒီ တောဝက်ကို မြင်လို့ ပစ်လိုက်တော့ ထိသွားပုံတော့ ရတယ်၊ နို့ပေမယ့် ထွက်မပြေးနိုင်ဘူး၊ အဲဒီ နေရာမှာတင် လဲနေတယ်၊ ဒါနဲ့ ကျွန်တော်လည်း နောက်တစ်ချက်ပစ်မယ် အလုပ်မှာ ကိုပိုက် ရောက်လာပြီး ကျွန်တော့်ကို မြင်ပုံမပေါ်ဘူး၊ အဲဒီ ဒဏ်ရာရ တောဝက်နား သွားနေတော့ကာ ကျွန်တော် လှမ်းခေါ်ပါသေးတယ်၊ ဘယ်လိုမှ ကိုပိုက် ကြားပုံမပေါ်ဘူး၊ ငိုက်စိုက်ငိုက်စိုက်နဲ့ သွားနေတော့၊ ကျွန်တော်လည်း ကြည့်နေလိုက်တော့တယ်၊ အဲဒီမှာ ကျွန်တော် ပစ်လိုက်တဲ့ဝက်က သတိပြန်လည်လာပြီး "ကိုပိုက်"ကို မြင်တော့ ပြေး ခုကွပေးတာပေါ့ဗျာ၊ နို့ပေမယ့် ကျွန်တော်က လက်ဦးမှုရလိုက်ပါရဲ့"

"ဟင်! ကျွန်တော် သိတာ ကျွန်တော့်နောက် ဆင်နှိုင်းကြီး လိုက်လာတယ်၊ ကိုလင်း လှမ်းပစ်လိုက်တယ်၊ ဆင်ကြီး လဲကျသွားတယ်၊ နို့ပေမယ့် ဆင်ကြီးက ဘယ်လိုလုပ် တောဝက် ဖြစ်သွားတာပါလိမ့်"

"တဲ. . . လာကိုပိုက်"

သို့ဆိုကာ လင်းမြင့်လှိုင်သည် တောဝက်သေကို ကောက်ထမ်း၍ ချုံနွယ်အပြင်သို့ ထွက်သွားလေသဖြင့် ကျွန်တော်သည်လည်း သူ့နောက်လိုက်ပါသွားတော့၏။

"ကိုလင်းရေ. . . ကျွန်တော်တို့ ဒီမယ် စခန်းချ ညအိပ်ပြီးလေမှ ဆင်စခန်း ပြန်သွားကြလျှင်ဖြင့် ကောင်းမယ်"

သို့ ကျွန်တော် တောဝက်ကို အသားဖျက်နေရာမှ ဝင်ပြောလိုက်၏။

"ကောင်းတယ်. . . အချိန်လည်း လင့်နေပြီပဲ"

သို့ဖြင့် ကျွန်တော်တို့သည် တောဝက်ကို အသားဖျက် အသားအတုံးအတစ်လိုက် မီးကင်လိုက်ပြီး စခန်းတဲလေး ဆောက်လိုက်ကြသည်။

ပြီးနောက် ဖွတ်သားမီးကင်ကို အဆာပြေ စားလိုက်ကြပြီး မနီးမဝေးရှိ ရေစီးချောင်းလေးတစ်ခုတွင် ရေချိုးလိုက်ကြ၏။

ရေမိုး ချိုးလိုက်ကြပြီးနောက် စခန်းတဲပေါ်တွင် ဝက်သားမီးကင် ပူပူနွေးနွေးနှင့် ဝီစကီကို အေးအေးလူလူ သောက်စားနေလိုက်ကြတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တောတောင်အတွင်း သားကောင်တို့ကို လိုက်လံပစ်ခတ် သတ်ဖြတ်နေရခြင်းထက် ဤကဲ့သို့ တောတောင်၏သဘာဝ အလှအပကိုကြည့်ပြီး ဤကဲ့သို့ သားကောင်သားမီးကင်ကို စားလျက် အရက်သောက်ရခြင်းကို ပို၍ နှစ်သက်ကြလေ၏။

ဤစည်းစိမ်၊ ဤခံစားချက်မျိုးကို တော်ရုံလူ ခံစားရနိုင်လိမ့်မည် မဟုတ်ချေ။ ငွေကြေး ချမ်းသာသူ ဖြစ်ဦးတော့ သိပ်မလွယ်ပါချေ။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သို့ စည်းစိမ်ခံ သောက်စား နေကြစဉ် စခန်းတဲနောက်ဘက် တောင်ကြောလေးပေါ်မှ ဆင်ရိုင်းတစ် အုပ်၏ အော်ဟစ်သံများ ကြားလိုက်ရသည်။

"ကိုလင်းရေ. . . . ဒီကွပဲ ကျွန်တော်တို့ စခန်းတဲက ဆင်လမ်း ကြောပေါ် ရောက်နေလား မသိဘူး"

စိုးရိမ်ထိတ်လန့်စွာဖြင့် ပြောလိုသည်။

"ဘာမှ တွေးပူမနေပါနဲ့ ကိုပိုက်ရယ်၊ စခန်းနောက်ဘက် တောင် ကြောကိုလည်း သေချာကြည့်ပါဦး၊ တောင်ကြောက တောင်ဘက်ကို လျှောဆင်းသွားတာကလား။ ဒါကြောင့် ဆင်တွေဟာ တောင်ကြော အတိုင်းသာ ဆင်းသွားကြမှာပေါ့. . . ကျွန်တော်တို့ စခန်းနောက်ဘက် ကို ထိုးကျလာတဲ့ တောင်စွယ်မှ မရှိတာဗျာ"

သို့လင်းမြင့်လှိုင်က ပြောလာလေမှ ကျွန်တော် စိတ်အေးသွား ရတော့၏။ သို့ဆိုငြား- ထိုညတွင် ကျွန်တော်သည် ဆင်နှင့်ပတ်သက်၍ အိပ်မက်ဆိုး မက်ခဲ့ရတော့၏။

"ကိုလင်းရေ ညက ကျွန်တော် အိပ်မက်တယ်ဗျ"

"ဆိုပါဦး"

"ကိုသင်းကြိုင်လေ. . . ဆင်နင်းခံရလို့ သေသွားတယ်တဲ့"

"ဟား. . . ဟား. . . ဟား. . . ကိုပိုက် ညက တောဆင်ရိုင်း တွေကို စိတ်စွဲပြီး အိပ်မက်သွားတာ ဖြစ်လိမ့်မယ်"

"ဘယ်လိုပဲ ပြောပြောပေါ့ ကိုလင်းရယ် အိပ်မက် နိမိတ် မကောင်းတာတော့ သေချာတယ်"

"ဲ. . . ကိုပိုက် ကျွန်တော်တို့ စောစော ပြန်ကြစို့၊ ကိုသင်း ကြိုင်တစ်ယောက်တော့ဖြင့် ဒေးဗစ်ရဲ့ ခယ်မလေး "ရှယ်လီထွန်း"နဲ့ ဘယ် အခြေအနေ ရောက်နေပြီလဲ မသိ"

"ကျွန်တော်တို့ မြို့ပြန်လျှင်ဖြင့် တစ်ပါတည်း ခေါ် သွားရတော့

လေမလား မသိပါဘူးဗျာ ဟဲ. . . ဟဲ. . . ဟဲ. . . ဟဲ"

"ကိုသင်းကြိုင်တစ်ယောက် လူပျိုကြီးဘဝက ကျွတ်တော့မယ် ထင်ပါရဲ့"

သည်သို့ဖြင့် ကျွန်တော်တို့သည် စခန်းမှ စောစော ထွက်ခဲ့ကြရာတွင် ပေါင်းလောင်းချောင်းဖျားရှိ ဆင်စခန်းသို့ နေမွန်းလွဲလုတွင် ပြန်ရောက်ခဲ့ကြတော့၏။

"ခင်ဗျားတို့ မိတ်ဆွေကြီး ဦးသင်းကြိုင်တစ်ယောက် မနက်က ထွက်သွားလေရဲ့"

ဆင်ခေါင်းကြီး ကိုခင်မောင်မြင့် စကားကြောင့် အံ့ဩသွား၏။

ဘယ်လို ဖြစ်နိုင်မှာလဲ။

"ဘယ်ထွက်သွားတာလဲ"

"ခင်ဗျားတို့ ညက ပြန်မလာလို့ စိတ်ပူပြီး လိုက်သွားမယ်လို့ ပြောတာပဲ"

ကျွန်တော် လင်းမြင့်လှိုင်ကို လှည့်ကြည့်လိုက်၏။ လင်းမြင့်လှိုင်က မဖြစ်နိုင်ဆိုသည့် သဘောဖြင့် ခေါင်းရမ်း ပြပြီး-

"သူ တစ်ယောက်တည်းလား" ရယ်လို့မေး၏။

"မဟုတ်ဘူး ဆင်ဦးစီး မောင်စိုးနဲ့ နှစ်ယောက် သွားကြတာ"

"ကဲ. . . ကိုလင်းရေ. . . ကျွန်တော်တို့ အစီအစဉ်အရ မြို့ပြန်လို့မဖြစ်သေးဘူး။ ကိုသင်းကြိုင် ပြန်အလာကို စောင့်ရတော့မှာပဲ"

သို့ဖြင့် ကျွန်တော်တို့သည် ခရီးပန်းလာသည်ဖြစ်၍ နားနေလိုက်သည်။

ထိုညတွင် ကိုသင်းကြိုင်တစ်ယောက် ပြန်ရောက်မလာ၊ နောက်နေ့တွင်လည်း ရောက်မလာပြန်။

ကျွန်တော်တို့ ကိုသင်းကြိုင်အတွက် စိုးရိမ်မိကြပေပြီ။

"ဘယ်လိုလုပ်မလဲ ကိုလင်း"ကျွန်တော်က မေးလိုက်၏။

"နေပါဦး ကိုခင်မောင်မြင့်ရဲ့ . . . ခင်ဗျား ဆင်ဦးစီးလေး မောင်စိုးကော ပြန်ရောက်နေပြီလား"

လင်းမြင့်လှိုင်က ဆင်ခေါင်းကြီး ကိုခင်မောင်ကို မေးလိုက်၏၊

"အေးဗျာ. . . နေဦး. . . မောင်စိုးကို သွားမေးဦးမယ်" ဆိုကာ-

"ဟိတ်ကောင်. . . ဖိုးခေါင်း မောင်စိုးကို သွားခေါ်စမ်း"

ဆင်ခေါင်းကြီး၏ သားဖြစ်သူက စခန်းတဲမှ ကပျာကသီ ဆင်းသွားလေ၏၊

အတန်ကြာတွင် ဆင်ခေါင်းကြီး၏ သားနှင့်အတူ လူငယ် တစ်ယောက် ပါလာ၏၊

အရပ်ရှည်ရှည် အသားလတ်လတ် မျက်လုံးပြူးပြူး ဆံပင် ရှည်ရှည်နှင့် လူငယ်က-

"အတီး. . . ကျွန်တော့် ခေါ်တယ်ဆို"

"အေး ဟုတ်တယ်. . . တစ်နေ့က မင်း သူတို့မိတ်ဆွေ တစ်ယောက်နဲ့ တောတက်သွားတယ်ဆို"

ဆင်ခေါင်းကြီး ကိုခင်မောင်မြင့်က မေးလိုက်၏၊

သည်တွင် ထိုသူငယ်က ကျွန်တော်တို့ကို လှမ်းကြည့်ပြီး ရှုတ်ခြည်း ဆိုသလို ကိုခင်မောင်မြင့်ဘက် ပြန်လှည့်ကာ-

"ဟုတ်တယ်. . . ကျွန်တော် ဆင်ကောက်သွားတော့ကာ လိုက် လာတာ"

"ဘာ လိုက်လုပ်တာလဲ"

ကျွန်တော်က ရုတ်တရက် ဝင်မေးလိုက်၏၊

ကျွန်တော့်အမေးကြောင့် ထိုသူငယ် မျက်စိမျက်နှာ ပျက်သွား တော့၏၊ အတန်ကြာလေမှ-

"ဦးတို့နောက် လိုက်မယ် ပြောတာပဲ"

"အဲဒီတော့. . ."

"သူ. . . တောင်ပိန္နဲစခန်းမှာ လမ်းခွဲထွက်သွားတယ်"

"ဘယ်အချိန်လောက်လဲ"

ကျွန်တော်က မေးလိုက်ပြန်၏။

"အစောကြီးပေါ့"

"မင်းတို့ ဆင်ကောက်ထွက်တာ အစောကြီး ဆိုတာတော့ ငါ သိတာပေါ့၊ အချိန်နာရီ ခန့်မှန်းကို မေးတာ"

"အင်း. . . ဟို. . . ဟို ဝေလီဝေလင်း မြောက်နာရီ မထိုး လောက်မိဖြစ်လိမ့်မယ်"

ကျွန်တော်သည် လင်းမြင့်လှိုင်ဘက် လှည့်လိုက်ပြီး-

"တစ်ခုခုတော့ မှားနေပြီ ထင်တယ်ဗျ" ဟု ပြောလိုက်၏။

"ဟုတ်ပြီလေ ချာတိတ်. . . ကနေ့ တို့ကို အဲဒီ တောင်ပိန္နဲ စခန်းဆိုတာ လိုက်ပို့ချေကွာ"

သို့ လင်းမြင့်လှိုင်က မေးလိုက်သည်တွင် ချာတိတ်သည် တုန် လှုပ်သွားပုံ ရပေ၏။

"ဟုတ်. . . ဟုတ်ကဲ့. . ."

သို့ဖြင့်. . .

ကျွန်တော်တို့သည် ထိုနေ့တွင်ပင် ဆင်စခန်းမှ ထွက်ခဲ့ကြ သည်၊ လမ်းပြအဖြစ် . ဆာ်ဦးစီး မောင်စိုး၊ လင်းမြင့်လှိုင်၊ ကျွန်တော် နှင့် ဆင်ခေါင်းကြီး ကိုခင်မောင်မြင့်တို့ ဖြစ်သည်။

မောင်စိုးပြောသည့် တောင်ပိန္နဲစခန်းလမ်းခွဲသို့ ရောက်သည် တွင် နေကျသွားချေပြီ ဖြစ်၏။

သို့ကြောင့်-

"ကိုခင်မောင်မြင့်ရေ. . . ကျွန်တော်တို့ သည်မယ် စခန်းချ ကြစို့"

သို့ ကျွန်တော်က ပြောလိုက်သည်တွင်-

"အချိန် ရှိပါသေးတယ်၊ တောင်ပိန္နဲ သွားတဲ့လမ်း တစ်နေရာမယ်ဆို ပိုမကောင်းပေဘူးလား"

မောင်စိုးက ဝင်ပြောသဖြင့်-

"ဘာလို့လဲ"

လင်းမြင့်လှိုင်က မေးလိုက်သည်၊

"စခန်းက ဆင်တွေက သည်တစ်ဝိုက်မယ် စားကျက် ချနေလို့ပါ"

"အင်း. . . ဟုတ်ပေသားပဲ. . ."

ကျွန်တော်တို့သည် မောင်စိုး၏ သတိပေးချက်အရ ထိုနေရာတွင် စခန်းချ မနေကြတော့ဘဲ တောင်ပိန္နဲလမ်းအတိုင်း ဆက်လျှောက်ခဲ့ကြ၏၊ ကိုသင်းကြိုင်တစ်ယောက် တောင်ပိန္နဲစခန်းဘက် သွားသည်ဆို၍ ဖြစ်သည်၊ နှစ်မိုင်လောက် လျှောက်ခဲ့ကြသည်တွင် မှောင်စပျိုးလုချေပြီဖြစ်၍ သစ်ပုတ်ပင်ကြီးလေးပင်ခန့် စုပြုံပေါက်နေသည့် တောင်ကြောစွယ်လေးတွင် စခန်းချရန် ဆုံးဖြတ်ကြသည်၊

ထိုအနီးတစ်ဝိုက်တွင် ဝါးမရှိသည်ဖြစ်၍ သစ်ပုတ်ပင်လေးပင်ဆိုင် မြေကွက်လပ်လေးတွင် ရှင်းလင်းလိုက်ကြပြီး သစ်ခြောက်တုံးများစုပုံလိုက်ပြီး မီးပုံလုပ်လိုက်၏၊

ကျွန်တော်တို့ စခန်းချသည့် တောင်စွယ်သည် ချောင်းမကြီးဦးတိုက်ဖြစ်နေသည်ကြောင့်. . . ထိုချောင်းတွင်း ခြေလက်ဆေးကြောရန်အလို့ငှာ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် သေနတ်ကိုယ်စီဖြင့် လာခဲ့ကြ၏၊

"ကျွန်တော်တို့မယ် ရိက္ခာဆိုလို့ ဘာမှ ပါမလာခဲ့ဘူး၊ ပြီးတော့တစ်လမ်းလုံး ဘာ သားကောင်မှ မပစ်ခဲ့ရဘူး"

ကျွန်တော်တို့သည် ဆင်စီးလာ၍သားကောင် မပစ်ခဲ့ရခြင်းဖြစ်သည်၊

"ရှေ့တောင်ကြောလေးပေါ် တက်ကြည့်ကြလျှင် မကောင်းလား"

လင်းမြင့်လှိုင်က ပြောလာသဖြင့် ကျွန်တော်သည်လည်း ကန့်ကွက်ခြင်း မပြုလေဘဲ သူနှင့်အတူ တက်သွားလိုက်၏။

ချောင်းမကြီးနံဘေးဖြစ်ခြင်းကြောင့် အလင်းဖျော့ဖျော့တော့ဖြင့် ရှိနေသေး၏။ ထို တောင်ကြောလေးတွင် သိပ်ပင် မလျှောက်လိုက်ရ မျောက်တစ်ကောင် ပစ်ရလိုက်၏။

အချိန်မရှိတော့သည်ဖြစ်၍ မျောက်တစ်ကောင်နှင့်ပင် စခန်းသို့ ပြန်လာခဲ့ကြ၏။ ချောင်းရေစီးကြောင်းတွင်ရှိ ရေတိုင်ငယ်တစ်ခုတွင်ဝင်၍ ခြေလက်မဆေးမီ မျောက်သေကောင်ကို အရေခွံ ဆုတ်လိုက်ကြ၏။ ပြီးလေမှ ခြေလက်ဆေးကြောကာ စခန်းသို့ ပြန်ခဲ့ကြ၏။

ထိုညတွင် ကျွန်တော်တို့သည် လင်းမြင့်လှိုင် ယူလာသည့် ဝီစကီနှင့် မျောက်သား စားသောက်ရင်း စကားစမြည် ပြောကြ၏။

"ဘွဲလ်. . . ဘွဲလ်. . . ဘွဲလ်"

သို့ စားသောက်နေစဉ် ကျွန်တော်တို့ မျောက်ပစ်ခဲ့သော တောင်ကြောလေးပေါ်မှ ဆတ်တစ်ကောင်၏ နာကျင်မှု ခံစားနေရသည့် အသံကြောင့်-

"ဆတ်ကောင်တော့ ဟင်းကောင်အစာ ဖြစ်ပြီထင်ရဲ့"

လင်းမြင့်လှိုင်က ပြောလေ၏။

"ကျွန်တော်တို့ မှောင်စပျိုးတုန်းက အဲဒီတောင်ကြောပေါ် တက်ခဲ့ကြတာ ဟင်းကောင်ရှိမှန်း မသိလို့ပေါ့ဗျာ. . . နို့ဘယ်တက်ပါ့မလဲ"

ကျွန်တော်က တွေးကြောက်စွာဖြင့် ပြောလိုက်၏။

"ဘွဲလ်စ်. . . အီး. . . အဲလ်"

ဆတ်ကောင်၏ နောက်ဆုံး ထွက်သက်နှင့် တစ်ပြိုင်တည်း

ပါလာသည့် ဖော်ညည်းသံ ဖြစ်ချိမ့်မည်။

သည်နောက်ပိုင်း မည်သည့် အသံမျှ မကြားရတော့ချေ။

ကျွန်တော်တို့သည်လည်း စားသောက် ပြီးကြသည်နောက် ထင်းမီးကို ထပ်ထည့်လိုက်ကြပြီး သစ်ပုပ်ပင် ခြေရင်းတွင် ကျောမှီ နားနေမှိန်းနေလိုက်ကြတော့၏။

"မောင်စိုး. . . မနက်ကျ မင်း ဆင်ကောက်ပြီး စခန်းပြန်တော့ ဟုတ်လား၊ ငါတို့ ဒီမယ် ဘယ်နှစ်ရက် ကြာလေမလဲ မသိဘူး။ မင်းမယ် အလုပ်တွေ ရှိသေးတယ်၊ ဒါကြောင့် မင်းကို ပြန်လွှတ်တာ"

သို့နှယ် ဆင်ခေါင်းကြီး ကိုခင်မောင်မြင့်က ဆင်ဦးစီးလေး မောင်စိုးကို ပြောလိုက်သံသည် ကျွန်တော် နောက်ဆုံး ကြားလိုက်ရသော စကားသံ ဖြစ်၏၊ ဘယ့်ကြောင့်မှု ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် သွားခြင်းကြောင့် ဖြစ်၏။

မည်မျှကြာကြာ အိပ်ပျော်သွားသည်မသိ၊ ဆူဆူညံညံတွေ ကြောင့် အိပ်ရာမှ နိုးလာရတော့၏။

မျက်လုံးအစုံကို ဖွင့်လိုက်ပြီး-

"ဘယ်လို ဖြစ်နေကြတာတုန်း"ဟု မေးလိုက်၏။

"မောင်စိုးလေ သူ့ဆင် သွားကောက်တာ ဆင်ခြေထောက် ဖနောင့်မယ် ဟင်းကောင် ကိုက်ခံလိုက်ရသလား မသိဘူး၊ ဒဏ်ရာရလာ တယ်၊ ဒါကြောင့် ဘာကောင် ကိုက်ခံရသလဲ သိရအောင် ကြည့်နေကြ တာ"

"ညက ဟင်းကောင် ဖြစ်မပေါ့"

ကျွန်တော်က ပြောလိုက်ရင်း ထိုနေရာလေးသို့ ထ,သွား လိုက်၏။

လင်းမြင့်လှိုင်၊ ကိုခင်မောင်မြင့်နှင့် ဆင်ဦးစီး မောင်စိုးတို့သည် ဆင်ကြီး၏ ခြေဖနောင့်မှ ဒဏ်ရာကို လေ့လာနေကြ၏။

"ကိုလင်း. . . ကျားကိုက်လိုက်တာ မဟုတ်လား"

သို့ ကျွန်တော်က မေးလိုက်၏။

"မဟုတ်ဘူးဗျ"

"ဟင်!"

ကျွန်တော်သည် ဆင်ကြီး၏ ခြေဖနောင့်ဒဏ်ရာကို ကြည့်လိုက်၏။ ဟင်းကောင်(ကျား)ကိုက် ဒဏ်ရာဆိုပါလျှင် အစွယ် လေးချောင်း ဒဏ်ရာအပေါက်သာ ရှိရပေမည်။ ယခုမူ အစိအနိ ရှိကြသည့်သွားရာဖြစ်ချေတော့၏။ ထူးဆန်းလှချည့်၊ ဆင်ကြီး၏ ခြေဖနောင့်ကို ဒဏ်ရာအနာတရဖြစ်အောင် ကိုက်ခဲနိုင်သည့် သတ္တဝါတောင် ဟင်း(ကျား)ကောင်မှလွဲ၍ မည်သည့်အကောင် ဖြစ်နိုင်ပါလိမ့်မည်နည်း။

ဟင်းကောင်(ကျား)မဟုတ်တာတော့ သေချာသည်။ မည်သည့်အကောင် ဖြစ်သည် ဆိုသည်တော့ အသိနိုင်ပါချေ။

"ကဲ. . . မောင်စိုး မင်းကောင်ကြီး လျှောက်နိုင်ပါသေးတယ်နော်"

ကိုခင်မောင်မြင့်က မေးလိုက်၏။

"ခုပုံ အတိုင်းဆိုလျှင်ဖြင့် သွားတွက် မဖြစ်စလောက် ဒဏ်ရာလို့ပဲ ပြောရလိမ့်မယ်။ အင်း အဆိပ်ရှိသတ္တဝါ ဆိုလျှင်ဖြင့် ဘယ်လိုဖြစ်နိုင်လိမ့်မလဲ ပြောတတ်ဘူး"

မောင်စိုးက ပြော၏။

"အေးလေ. . . မင်း ပြန်ပေတော့၊ ဒီကောင်ကြီး ဒီဒဏ်ရာကြောင့် ဘာမှတော့ မဖြစ်နိုင်ပါဘူး"

ဆင်ဦးစီး မောင်စိုးသည် ကျွန်တော်တို့နှင့်အတူ အဆာပြေအလို့ငှာ ညက အကျန် မျောက်သားမီးကင်ကို စားပြီးနောက် သူ့ဆင်ကို စီးကာ ဆင်စခန်းသို့ ပြန်သွားလေတော့၏။ ကျွန်တော်တို့သည်လည်း ပစ္စည်းများကို သယ်ပိုးပြီးသည်နှင့် ထိုစခန်းလေးမှ ထွက်ခဲ့ကြတော့သည်။

ညက ဆတ်ကောင်အော်သံကြားသည့် တောင်ကြောစွယ်လေးသို့ တက်ခဲ့ကြခြင်း ဖြစ်၏။

တောင်ကြောစွယ်လေး အထက်ပိုင်းသည် မြေပြန့်လေး ဖြစ်နေတော့၏။ ပျဉ်းမပင်တောဟု ဆိုရမလောက် ပျဉ်းမရွက်ကြီးပင်တို့ အပေါက်များသည်။

"ဟာ. . ."

တစ်ကောင်လုံး အသားတို့ မရှိသလောက် ဖြစ်နေသည့်ဆတ်ကောင်သေကြီးကို တွေ့လိုက်ရ၏။

ညက ဟင်းကောင် စားသွားသော ဆတ်ကောင်ကြီး ဖြစ်လိမ့်မည်။ ထိုနေရာတစ်ဝိုက် ဟင်းကောင်(ကျား)၏ ခြေရာကို ရှာကြည့်လိုက်၏။

"ဟာ"

ဟင်းကောင် ခြေရာတော့ မတွေ့၊ ထူးဆန်းသော ခြေရာကို တွေ့လိုက်ကြရ၏။

ဘာကောင် ဖြစ်နိုင်လေမလဲ။

မြေပြင်တွင် ခြေသည်း လက်သည်းကြီးတို့၏ ကုတ်ခြစ်ရာများသာ မြင်ရ၏။ ခြေရာတော့ မတွေ့။ မြေကြီးပေါ်တွင် ဝမ်းဝိုက်ရှပ်တိုက်ရာတော့ဖြင့် ရှိ၏။ အင်မတန် ကြီးမားသော မိကျောင်းလေများလား။

သို့လည်း မဖြစ်နိုင်။ အနီးဝန်းကျင်တွင် ချောင်းမရှိ၊ ရေအိုင်မရှိ၊ အခြား တွားသွားသတ္တဝါကောင် ဖြစ်လေမလား။ မြေပြင်တွင် ကိုယ်လုံးရှည်ကြီး၏ ပွတ်သပ်ရာများ တွေ့ရခြင်းဖြင့် လွန်စွာမှ ကြီးမားသော မြွေကြီးတစ်ကောင်များလား။

မြွေဆိုပါလျှင်လည်း ဘယ့်အတွက် မြိုမချလေဘဲ ကိုက်ဝါးစားသွားရပါသနည်း။ ထူးတော့ ထူးဆန်းနေ၏။

"ကိုလင်းရေ. . . ဒီလိုမှန်းသိ ညက ကျွန်တော်တို့ ဒီလာကြည့်

လိုက်ရ အကောင်းသားဗျာ. . . ကျွန်တော်တို့က ဟင်းကောင် ထင်နေတာကိုး"

"ကဲ. . . ဆရာလေးတို့. . . ဘယ်ဘက် ဆက်လိုက်ကြမလဲ"

ဆင်ခေါင်းကြီး ကိုခင်မောင်မြင့်က မေးလာတော့မှ ကိုသင်းကြိုင်ကိစ္စကို သတိရလိုက်သည်ကြောင့် မဆီမဆိုင် ကိုသင်းကြိုင်အတွက် ပို၍ စိုးရိမ်သွားမိပြန်၏။

"ဘာ ဆက်လုပ်ကြမလဲ. . . ဘယ်ဆက်သွားကြမလဲ"

လင်းမြင့်လှိုင်ကို ကျွန်တော်က မေးလိုက်၏။

"ဟင်း. . . အင်း ကိုသင်းကြိုင်ရဲ့ ခြေရာလက်ရာလည်း အစရှာမရဆိုတော့ အခက်သားကလား။ ဒီတော့ ဒီလို လုပ်ဗျာ. . . ဟိုးရှေ့မယ် မြောင်ကျယ်တစ်ပေါက် လှမ်းတွေ့ရတယ်။ အဲဒီမယ် တောကျီးတစ်အုပ်ရှိပုံထောက်တော့ သားကောင်သေတစ်ကောင် ရှိနိုင်သေးဗျ။ ဒီဆတ်ကောင်လို သေရတာလား၊ နို့မဟုတ် တခြားပယောဂနဲ့ သေနေသလား၊ သွားကြည့်ချင်တယ်ဗျာ"

"အင်း. . . ကောင်းတယ်"

လင်းမြင့်လှိုင် ပြောသလို ကျွန်တော်လည်း စိတ်ဝင်စားပါသည်။ သို့ကြောင့်-

ကျွန်တော်တို့သည် ထိုတောင်ကြောလေးမှ ဖြတ်ဆင်းကာ တောကျီးတစ်အုပ် ဂနာမငြိမ် ဖြစ်နေသည့် မြောင်ကျယ်ကြီး ရှိရာသို့ သွားလိုက်ကြတော့သည်။

"အလို"

တောဝက်သေ တစ်ကောင်ပါကလား။ ပုပ်ပွလို့နေ၏။ ဝမ်းဗိုက်သည် ပေါက်ကာ ဟောင်းလောင်း ဖြစ်နေ၏။ အူတွင်းကလီစာတို့အား ကျားကောင်က ဖောက်စားသွားသည်လား။

အသေအချာ ကြည့်လိုက်တော့ကာ ထို တောဝက်သေ၏

ခြေထောက်တွင် ခြေဆစ်မှ ကျိုးပဲ့ဒဏ်ရာကို တွေ့ရ၏။

ကျားကောင်တော့ မဖြစ်နိုင်။ ကျားကောင်သည် တောဝက်ကို သို့ ခြေထောက်ကို ကိုက်ခဲဆွဲလှဲပြီးလေမှ ဗိုက်ဖောက်စားခြင်း မဟုတ်။ ခန္ဓာကိုယ်ပေါ် ပြေးတက် လည်ကုပ်ကို ကိုက်ခဲဆွဲလှဲ၍ ဝမ်းဗိုက်ဖောက် စားခြင်းသာ ပြုတတ်၏။ နိုင်လို ပြောင်လို အကောင်ကြီးများကိုသာ နောက်မှ ခြေရာခံ မြောင်ကျပ်လေး ရောက်လေမှ သားကောင်ကြီးတို့ နောက်ပြန်မလှည့်သာ မပြုသာ နေရာတွင်သာ ခြေဖနောင့်ကြော ကိုက် ဖြတ်တတ်ခြင်း ရှိ၏။

"ကိုပိုက်. . . ဒီမယ် ကြည့်စမ်း"

ရေစပ်စပ် ရှိသည့် မြောင်လေး ဖြစ်သည်ကြောင့် ခြေရာများ ဗရပွ တွေ့ရ၏။ တောခွေး၏ ခြေရာများ၊ ကျီးကန်းကောင်၏ ခြေရာ များဖြစ်၏။ ထူးဆန်းသော ခြေရာကိုလည်း ထင်းထင်းကြီး တွေ့ရ၏။ ခြေသဲချွန်များ အားပြုကုတ်တွယ်ဆွဲခြစ်ထားသည့် အရာများကို မြေပြင် တွင် တွေ့ရ၏။ ပြီးတော့ စွပ်ကြောင်းကြီးကိုလည်း တွေ့ရ၏။ ဘာ ကောင်ပါလိမ့်။

လေးဘက်တွား သတ္တဝါကောင်ကြီးတစ်ကောင် ဖြစ်နိုင်၏။

စဉ်းစားမရ ဖြစ်ရသည်မှာ ဘယ်လိုအကောင်ရယ်လို့ ခန့်မှန်း၍တော့ မရပါချေ။

"ကိုလင်းရေ. . . ကျွန်တော်တို့ စခန်းနားက ဆတ်ကောင်သေကြီးကို သတ်ဖြတ်စားသွားတဲ့ သတ္တဝါဆန်းရဲ့ လက်ချက်ပဲဗျ"

"အေးဗျာ. . . ဒါ့ပါရဲ့. . . ဒီ ခြေရာစွပ်ကြောင်းနောက် လိုက်ကြစို့ဗျာ"

လင်းမြင့်လှိုင်က စွပ်ကြောင်းရာနှင့် ခြေရာကို ကြည့်ပြီး ပြောလေ၏။

"ကျွန်တော်တော့ မိကျောင်းလို့ ထင်တာပဲ"

"မဖြစ်နိုင်ဘူးဗျ၊ မိကျောင်း ဆိုလျှင်ဖြင့် သူ့ရဲ့အစာကောင်ကို ဗိုက်ဖောက်စား၊ အသားဖဲ့စား ဘယ်လုပ်ပါ့မလဲ. . . တစ်ကောင်လုံး ဝါးစားမျိုလိုက်တော့မပေါ့ဗျ"

"အင်း. . . ဟုတ်တယ်ဗျ"

"ကျွန်တော်တော့ ဆရာလေးတို့ မိတ်ဆွေအတွက် စိုးရိမ်မိတာပဲဗျာ"

ဆင်ခေါင်းကြီး ကိုခင်မောင်မြင့်က ပြောလာ၏၊

"ဘယ်ဘက်သွားလဲ မသိတော့ အခက်သားကလား"

သည်သို့ဖြင့် ကျွန်တော်တို့သည် တွားသွားသတ္တဝါကောင်ကြီး နောက် ခြေရာခံလိုက်ခဲ့ကြသည်၊

လမ်းတွင် မျောက်ညိုတစ်ကောင်နှင့် လင်းရှူးတစ်ကောင် ပစ်ခတ်ရလိုက်သည်၊

နေ့လယ်ခင်းလောက်တွင် ရေစီးချောင်းလေးတစ်ခုအနား ကွက်လပ်ကလေးတွင် ခေတ္တနားနေလိုက်ကြပြီး မျောက်ကင်နှင့် လင်း ရှူးကို မီးကင်စားလိုက်ကြသည်၊

သည့်နောက် ခေတ္တနားနေပြီး ခရီးဆက်ခဲ့ကြပြန်၏၊

အင်းပျက်လေလား မသိ၊ မြေပြန့်သို့ ရောက်ခဲ့၏၊ ဒူးဆစ်နိုးနိုး ရေရှိ၏၊ ပျဉ်းမပင်တို့ အပေါက်များ၏၊ သဖန်းပင်နှင့် တောင်အုန်းပင် အနည်းငယ်ကိုလည်း တွေ့ရ၏၊

ရေသည် ကြည်လင်ခြင်းတော့ မရှိ၊ ချုံပုတ်၊ နွယ်ပင်တို့သည် လည်း အစီအရီ ပေါက်နေကြ၏၊ သို့ ရေတွင်း ဖြတ်လျှောက်သည်တွင် အမျိုးအမည်မသိ မြွေတစ်ကောင်စ နှစ်ကောင်စ ဖြတ်သွားသည်ကို တွေ့ ရ၏၊

"ကိုလင်းရေ. . . မြွေတော့ သတိထားဗျ. . ."

"ရေထဲပဲ ဂရုစိုက်မနေနဲ့ဦး သစ်ခက်၊ သစ်ကိုင်းမှာလည်း မြွေ

နိုဗောင်းရှိနေတတ်သဗျ"

ကျွန်တော့်ကို လင်းမြင့်လှိုင်က သို့နှယ် သတိပြန်ပေးလာ၏။

"ဟာ. . ."

လင်းမြင့်လှိုင် သတိပေးလို့မှ မဆုံး၊ ရေသဖန်းပင် ကိုင်းတစ်ခုတွင် လွန်စွာမှ ကြီးမားသော မြွေကြီးတစ်ကောင် ပတ်ခွေနေသည်ကို တွေ့လိုက်ရ၏။ ရုတ်တရက်မို့ ထိပ်လန့်သွားပေမယ့် အသေအချာ ကြည့်လိုက်သည်တွင် စပါးကြီးမြွေဖြစ်မှန်း သိလိုက်သည်ကြောင့် ကြောက်စိတ်တို့ ပျောက်ပြယ်သွားတော့၏။

"ရှူး"

ကျွန်တော်က သေနတ်ပြောင်းနှင့် ထိုမြွေကြီး၏ ခန္ဓာကိုယ်ကို တို့ထိ ခြောက်လှန့်ထုတ်လိုက်၏။

မြွေကြီးသည် ပတ်ခွေထားရာမှ တဖြည်းဖြည်း ရွေ့လျားခွာတာ ချောင်းသို့ ခေါင်းစိုက် ဆင်းထွက်သွားလေတော့၏။

သူ သွားသည်မှာ ကျွန်တော်တို့ သွားမည့်လမ်းကြောင်း၏ ဆန့်ကျင်ဘက် ဖြစ်နေသဖြင့် တော်သေးတော့၏။

ဗွမ်း. . . ဗွမ်း

ဖလွမ်း. . ဖလွမ်း ဖလွမ်း. . . ဗွမ်း

ကျွန်တော်တို့သည် ထိုချောင်းအစပ် နွန်းမြေကို ဖြတ်၍ ကုန်းပေါ် ဖြတ်တက်ခဲ့ကြ၏။

အင်းပျက်ကလား၊ တိုင်ကြီးလေလားတော့ မသိ။

ကျွန်တော်တို့သည် ကမ်းစပ်တွင် ခေတ္တခဏ နားနေခိုက် တောတန်းလေးအတွင်းမှ 'ဝီး' 'ဝီးစ်' 'ဝီး' ရယ်လို့ သတ္တဝါတစ်ကောင်၏ အသံကြောင့် နားစွင့်လိုက်ကြ၏။

"ဘာသံလဲ ကိုပိုက်"

လင်းမြင့်လှိုင်က မေးလာ၏။ ကျွန်တော်လည်း မသိပါချေ။

"ဖရော ဖလပ်. . ဖရော"

ချုံနွယ်၊ သစ်ပင်ငယ်တို့ကို တိုးဝှေ့သွားနေပုံရသဖြင့်. . .

"ကိုလင်းရေ. . . အဲဒီကောင်နောက် လိုက်ကြစို့"

သို့ဆိုကာ ကျွန်တော်သည် ရှေ့မှဦးဆောင်၍ လိုက်သွားတော့၏၊ ထိုသတ္တဝါကောင်သည် အလွန်ပင် မြန်ပုံရ၏၊ မျက်ခြည်ပြတ်မတတ်ဖြစ်သည်၊

ဖရော. . ဖရော. . ဖရော. . . ဖရော

ဖျောက်. . ဖျရော ဖျရော. . ဖုရော ဖရပ်

အတော်ပင် ခရီးပေါက်ခဲ့ချေပြီ၊ ကျွန်တော်တို့သည် ထိုအကောင်ကြီးကို မတွေ့လိုက်ရသည့်ပြင် မျက်ခြည်ပြတ်သွားဘော့၏၊

"ပီးစ်. . ပီး ပီး ပီစ်"ရယ်လို့လည်း အော်သွား၏၊

ကျွန်တော်တို့သည် မျက်ခြည်ပြတ် ကျန်ခဲ့ပြား ရမ်းမှန်းကာဆက်လိုက်ခဲ့ကြတော့သည်၊

သို့ လိုက်ခဲ့ကြရာမှ ချုံပုတ်ငယ်တို့သာ ပေါက်ရောက်နေသည့်မြေပြန့်တစ်နေရာသို့ ရောက်ခဲ့ကြသည်တွင် -

"ဟင်!"

"ဟာ"

"အလိုလေးဗျာ"

လွန်စွာမှ အံ့ဩရသော မြင်ကွင်းဖြစ်၏၊ ထူးထူးခြားခြား ဖြစ်သည်၊ တစ်သက်နှင့်တစ်ကိုယ် ဒီတစ်ကြိမ်သာ မြင်ဖူးသော မြင်ကွင်းဆန်းဖြစ်၏၊ ကျွန်တော်တို့ သုံးယောက်သည် သစ်တစ်ပင် နောက်ကွယ်မှ ချောင်းမြောင်းကြည့်နေကြတော့၏၊

ကွင်းထဲတွင် ဆတ်ကောင်ကြီးသည် အိပ်ပုံအိပ်ပုံဖြင့် ပြေးလွှားနေ၏၊ သူ့နောက်မှ ဖွတ်ကြီးတစ်ကောင်က သွက်လက်စွာ လိုက်နေ၏၊ ဖွတ်ကြီးဟုသာပြောရ၏၊ ဘာကောင်မှန်းမသိ၊ ဖွတ်ကောင်နှင့် ဆင်ဆင်

တုနေခြင်းကြောင့် ဖွတ်ကြီးဟု ပြောလိုက်ရခြင်းဖြစ်သည်၊

ထိုမျှကြီးမားသော သတ္တဝါကောင်ကြီးကို ဤတောတောင် အတွင်း မြင်လိုက်ရသည်မှာ လွန်စွာမှ ထူးဆန်းလှချေ၏၊

ကျွန်တော် တစ်ယောက်တည်း မြင်လိုက်ရလျှင် အိပ်မက်ဟု ထင်စရာ ရှိ၏၊ ထိုအကောင်ကြီးသည် ခန္ဓာကိုယ်ကြီးကြီးလေးလံပုံရ သော်ငြား ဆတ်ကြီးနောက် ပြေးလွှားလိုက်နေသည်မှာ ပေါ့ပါး သွက်လက် ပုံရ၏၊

ဆတ်ကောင်ကြီးသည် ပြေးလွှားနေရာမှ ရပ်လိုက်ပြီး သူ့ နောက်လိုက်လာသည့် ဖွတ်ကောင်ကြီးကို သူ၏ ဦးချိုနှင့် မျက်နှာချင်း ဆိုင် ပြေးလွှားခတ်ကာ ခုန်ရှောင်လိုက်သည်၊

"ဟား"

ကြောက်စရာကောင်းသော တိုက်ပွဲဖြစ်သည်၊

ဆတ်ကြီးသည် ပြေးလွှားသွားပြန်၏၊ ဖွတ်ကောင်ကြီးသည် နောက်မှလိုက်ပြန်၏၊

"ဟာ. . ."

မြန်လိုက်သည် ဖြစ်ခြင်း၊ ဆတ်ကောင်ကြီး၏ ခြေထောက်ကို ဖွတ်ကောင်ကြီး ကိုက်ဆွဲလိုက်နိုင်၏၊

"ဘွဲလ်"

"ဘွဲလ်"

ဆတ်ကောင်သည် သူ၏ခြေထောက်ကို ဖွတ်ကောင်ကြီး ငုံခဲ ထားလေခြင်းကြောင့် ရုန်းမရ၊ နာကျင်လွန်းသည်ဖြစ်၍ အော်ဟစ်နေ တော့၏၊ ပါးစပ်မှလည်း အမြှုပ်တို့ ထွက်ကျလာ၏၊

"ဘွဲလ်. . . ဘွဲလ်"

ရုန်းလည်းရုန်း၊ အော်လည်းအော်. . . လွတ်ထွက်သွားပြန်၏၊ ဆတ်ကောင်ကြီးသည် မထူးဇာတ်ခင်းသည့်အနေဖြင့် ထို ဖွတ်ကောင်ကြီး

ကို ဦးချိုဖြင့် ပြေးခွေ့လိုက်ပြန်၏။

"ဟာ. . ."

"ဟင်" "အာ"

ဖွတ်ကောင်ကြီးက ဘယ်လို လုပ်လိုက်သည်မသိ၊ ဆတ်ကောင် ခွေလဲကျသွားတော့၏။ သည်တွင် ဖွတ်ကောင်ကြီးသည် ဆတ်ကောင်ကြီး နား ပြန်လှည့်လာကာ ဝမ်းဗိုက်ကို ကိုက်ဖောက်စားလေတော့၏။

"ဘွဲလ်. . . ဘွဲလ်. . . ဘွဲလ်"

ဆတ်ကောင်မှာ နာကျင်လွန်းသည်ကြောင့် အော်ဟစ်နေတော့ ၏။ ခြေထောက်နာနေသည်ဖြစ်၍ ရုန်းထွက်လည်း မပြေးနိုင်၊ ဖွတ် ကောင်ကြီး ပြုသမျှ ခံနေရရှာတော့၏။ သနားစရာပင် ကောင်းသေး တော့၏။

ပါးစပ်မှလည်း အော်ဟစ်ရင်း အမြှုပ်တစီစီ ထွက်နေသည်။

"ချောက်"

ကျွန်တော်သည် သေနတ်ကို မောင်းတင်လိုက်ပြီး ထို ဖွတ် ကောင်ကြီးကို လှမ်းချိန်လိုက်သည်။ ပစ်ခွင့်မသာ၊ ဆတ်ကောင်ကြီးက ခံနေ၏။

ဘွဲလ် ဘွဲလ် ရယ်လို့ အော်ဟစ်နေရှာ၏။ နာပေမပေါ့၊ အရှင် လတ်လတ် ဗိုက်ဖောက်စားခံနေရသည်ကိုး။

ကြာလျှင်ဖြင့် ခက်ရချည့်၊ သို့ကြောင့် ကျွန်တော်သည် ဖွတ် ကောင်ကြီးကို ခြောက်လှန့်သည့်အနေဖြင့်သာ လှမ်းပစ်လိုက်တော့သည်။

"ဒိန်း"

သည်တော့လည်း ဖွတ်ကောင်ကြီးသည် ခြေနှစ်ဖက် လက်နှစ် ဖက်ကို မြေပြင်ထောက်၍ ပြေးထွက်သွားလေတော့၏။

"အတော်မိုက်ရိုင်းတဲ့ ကောင်ကြီးဗျာ"

သို့ ရေရွတ်ရင်း ဆတ်ကောင်ကြီးထံ သွားလိုက်သည်။

"ဘွဲလ် ဘွဲလ် ဘွဲလ်"

သနားစရာပင် မကောင်းသေးတော့၏။ မျက်လုံးပြူးလျက် လဲကျသွားတော့သည်။

"ဟာ"

ဆတ်ကောင်ကြီး သေဆုံးသွားပြီပဲ။

ကျွန်တော် ကြက်သီးမွေးညှင်းပင် ထသွားမိတော့၏။

ကြောက်စရာ သတ္တဝါကောင်ကြီးပါကလား။

ဤတောဤတောင်ထဲမယ် ဤကဲ့သို့သတ္တဝါကောင်ရှိနေသည်မှာ မျက်မြင်ကိုယ်တွေ့ဖြစ်၍သာ ယုံလိုက်ရခြင်း ဖြစ်တော့သည်။

ကျွန်တော်တို့သည် ဖွတ်ကောင်ကြီး ထွက်ပြေးသွားရာနောက် လိုက်ခဲ့ကြပြန်သည်။

"သည်တော့ သည်တောင်ထဲမှာ ဒီတစ်ကောင် ပေပဲလား။ တခြား အကောင်တွေကော ရှိသေးလား မသိဘူး"

လင်းမြင့်လှိုင်က ပြော၏။

"ပြောတတ်ဘူးဗျ"

"ကိုသင်းကြိုင်တစ်ယောက် ဒီကောင်ကြီးနှင့် တိုးလျှင် မလွယ်ပါကလား"

"ဖွတ်ကြီးလျှင် မိကျောင်းဖြစ်တယ်လို့ ကြားဖူးတယ်။ အဲဒါများ ဖြစ်နေမလား"

သို့ ကျွန်တော့် ထင်မြင်ချက်ကို ပြောလိုက်၏။

"မိကျောင်းနဲ့လည်း မတူဘူးဗျ. . . DOMONO DRAGON နဲ့တော့ ခပ်ဆင်ဆင်ရယ်. . . နို့ပေမယ့် အဲဒီအကောင်တွေလောက်လည်း မကြီးပေဘူး"

သို့ စကားတပြောပြောဖြင့် လျှောက်လာခဲ့ကြပြန်၏။

ကျွန်တော်တို့သည် သို့လျှောက်ခဲ့ကြရာမှ ပေါင်းလောင်းချောင်း

သို့ ရောက်လာကြ၏။ ပေါင်းလောင်းချောင်းသည် အထက်ပိုင်း ကျသော်လည်း ရေစီးသန်လှ၏။

"ဟာ. . ကိုပိုက် ဟိုမယ် ကြည့်စမ်း. . . ကြည့်စမ်း"

လင်းမြင့်လှိုင်က ချောင်းအထက်ဖက်သို့ လက်ညှိုးထိုးပြသဖြင့် လှမ်းကြည့်လိုက်၏။

"ဟာ"

စောစောက ဖွတ်ကောင်ကြီး ပါကလား။ ရေလည်း ကူးတတ်သည်ပဲ။

ချောင်းအထက်သို့ပင် ဆန်တက် ကူးခတ်သွားခြင်း ဖြစ်ပေသည်။ ဖဲ့ဖွယ်ပင် ဖြစ်၏။

တဖြည်းဖြည်း ဝေး၍ ဝေး၍ သွားသည်။ အမြင်မှ ပျောက်ကွယ်သွားတော့၏။

ကျွန်တော်တို့သည် ချောင်းအတိုင်း ဆန်မတက်ကြတော့ဘဲ တောအုပ်အတွင်း ဝင်ခဲ့ကြတော့၏။

တောအုပ်အတွင်း သားကောင် ရလိုရငြား လှည့်ရှာကြသေး၏။ ကံအားလျော်စွာပင် ဂျီ(ချေ)တစ်ကောင် ရလိုက်သည်တွင် ထိုနေရာတစ်ဝိုက် အောက်ပေါင်းရှင်းသည့် သစ်ဆိမ့်ပင်ကြီးတစ်ပင်အောက်တွင် ညအိပ် စခန်းချလိုက်ကြ၏။

□ □ □ □ □

"ဟဲ့. . မောင်စိုး နင် ဦးလေးကို ဘယ်မှာ ထားခဲ့တာလဲ"

ဆင်ဦးစီး မောင်စိုးသည် စခန်းနောက်ဘက် ချောင်းအတွင်း သူ့ဆင်ကို ရေချနေစဉ် သို့ သူ့အား ရည်စူးပြောလာသံကြောင့် ရေဖိုင် ခ်သို့ လှမ်းကြည့်လိုက်၏။

"ဟင်! ရှယ်လီ. . . နင် ဘာပြောတယ်"

"ဟို ညွှသည်ဦးလေးကို နင်ဘယ်မှာ ထားခဲ့တုန်းလို့ မေးတာ"

သူမကို ကြည့်၍ မောင်စိုးသည် မချိုပြုံးပြုံးလိုက်ပြီး-

"ငါ. . သတ်ပစ်လိုက်ပြီ"ဟု ပြောကာ သူ့ဆင်ကို ရေဆက်ချိုး ပေးနေပြန်သဖြင့် -

"နင် စကားအကောင်းပြောပါ. . ."

ရှယ်လီထွန်းက နှုတ်ခမ်းကိုစူ၍ ခြေဆောင့်ကာ ပြောလေ၏။

"ဩြော်. . . ငါ တကယ်ပြောတာ၊ နင့်လူကြီးကို ငါသတ်ပစ်လိုက်ပြီ"

သို့ မောင်စိုးက ထပ်ပြောလာသဖြင့် ရှယ်လီထွန်းသည် လွန်မင်းစွာ စိတ်ဆိုးသွားကာ ထိုနေရာလေးမှ လှည့်ထွက်ခဲ့တော့၏။

"ဟာ. . . ဟာ. . . ဟာ. . . ဟာ. . . ဟား. . . ဟား"

သူမ စိတ်ဆိုးစွာဖြင့် ဆတ်တောက် ဆတ်တောက် ထွက်သွားပုံကိုကြည့်ပြီး မောင်စိုးသည် အားပါးတရ ရယ်မောလိုက်တော့၏။ ပြီးနောက် သူသည် ဆင်ကို ခွစီး၍ ကုန်းပေါ်သို့ ပြန်တက်ခဲ့တော့၏။

စခန်းမရောက်မီ လမ်းတွင် ရှယ်လီထွန်းကို မီလာသည်နှင့်

"ဟဲ့. . . ရှယ်လီ လာလေ"

ဟု ခေါ်လေ၏။

"သွားစမ်းပါ. . . ငါ့မယ် ခြေထောက်ရှိတယ်"

"မက်. . မက်. . . မက်"

မောင်စိုးသည် သူ့ဆင်အား ဝပ်ခိုင်းလိုက်၏။ နောက် သူသည် ဆင်ပေါ်မှ ဆင်းလိုက်ပြီး ရှယ်လီထွန်းနား ကပ်လိုက်သွားကာ. . .

"နင်ကလည်းဟာ ငါက စတာပါ"ဟု မျက်နှာချိုသွေး ပြောလိုက်၏။

"ငါက အကောင်းမေးတာ၊ နင်က ကောင်းကောင်းမှ မဖြေတာ"

"နင့်ကို ငါက ချစ်လို့ စတာပါဟယ်"

"သွား. . ခုမှ လာပြီး. . . ငါက ဦးလေးကြီးကို နိုးနိုးသားသားခင်တာပါဟယ်. . နင် အထင်မလွဲသင့်ဘူး"

"ဟုတ်ပါတယ်. . . ဟုတ်ပါတယ်. . ယုံပါတယ်. . ဟိုလူကြီးကတော့ နင့်ကို အတော်ကလေး သံယောဇဉ် ရှိပုံပဲ"

"ဒါ သူ့ကိစ္စလေဟယ်. . . ငါက နင့်ကို စိုးရိမ်လို့ မေးတ"

သို့ ရှယ်လီထွန်းက ပြောလိုက်သည်တွင် မောင်စိုးတစ်ယောက် အံ့ဩစွာဖြင့် -

"ဘာ. . . ဘာရယ်. . ငါ့ကို စိုးရိမ်လို့ ဟုတ်လား. . . ဘာကို ဆိုလိုချင်တာလဲ"

"ဪ. . ဖထီး ကိုခင်မောင်မြင့်နဲ့ ဈေးသည်နှစ်ယောက် ဦးလေးသင်းကြိုင်နောက် လိုက်သွားကြတယ်ဆိုတော့ နင်များ သူ့ကို တစ်ခုခု လုပ်ခဲ့လို့လား စိုးရိမ်မိတာပါ"

"ကြုံကြီးစည်ရာဟယ်. . . နင် စကားတိုးတိုးပြောစမ်းပါ၊ တစ်ယောက်ယောက် ကြားသွားလျှင်ဖြင့် ငါ့ကို တစ်မျိုးထင်ကြပါဦးမယ်။ အဲဒီနေ့က နင့်လူကြီး သူ့ဖာသာ တောင်ပိန္နဲစခန်းဘက် ထွက်သွားတာ၊ ငါက စေတနာနဲ့ စခန်းကနေ အဲဒီအရောက် ငါ့ဆင်နဲ့ ခေါ်သွားတာပါဟယ်၊ သူတို့ဖာသာ လမ်းလွဲနေကြလို့ ပြန်လိုက်သွားကြတာပါ"

"သိပါဘူးဟယ်. . . ဒါဆိုလျှင်ဖြင့် ပြီးရော"

သို့ပြောပြီး သူမသည်-

"ကဲ. . . ငါသွားတော့မယ်ဟာ" ဆိုပြီး သူမတို့တဲဘက် လမ်းခွဲထွက်သွားတော့၏။

"ဟဲ့. . . ညကျ ငါလာခဲ့မယ်၊ မျောက်ချေးခါး ရှိသေးလား"

"နည်းနည်းရှိသေးတယ်"

"ဟုတ်ပြီ. . ငါ လက်ဖက် ဝယ်လာခဲ့မယ်။ မျောက်ချေးခါးနဲ့ ရောသုပ်စမ်းဟယ်. ."

"ဟိုကောင်တွေ ပါဦးမှာလား"

"ဖိုးလှိုင်ညွန့်တော့ ပါမယ်"

မောင်စိုးသည်လည်း သူ့တဲရှိရာသို့ ထွက်ခဲ့တော့၏။

ထိုညတွင် မောင်စိုးသည် လှိုင်ညွန့်နှင့်အတူ ရှယ်လီထွန်းတို့တဲသို့ လာကြ၏။

"ဟဲ့. . ဘယ်မလဲ လက်ဖက်"

တဲပေါ်မှနေ၍ ရှယ်လီထွန်းသည် မောင်စိုးကို လှမ်းမေးလိုက်၏။

"ပါ. . ပါတယ်ဟ. . ရော့"ဆိုပြီး မောင်စိုးသည် တဲကပြင်သို့ တက်ထိုင်၍ ယူလာသော လက်ဖက်ထုပ်ကို ပေးလိုက်၏။

ရှယ်လီထွန်းတို့တဲသည် ခြေတံရှည်ဖြစ်၏။ တဲရှေ့မျက်နှာစာ တစ်ခြမ်းကို လသာဆောင်အဖြစ် တပြင် ထုတ်ထား၏။

ညဘက် လသာသာတွင် စောဒေးဗစ် (ရှယ်လီထွန်း၏ ခဲအို) နှင့် မိတ်ဆွေတို့ အရက်သောက်လျှင်သောက် သို့မဟုတ် ရှယ်လီထွန်း နှင့် မိတ်ဆွေသူငယ်ချင်းတစ်စု လက်ဖက်စား၊ အဖန်ရည်သောက်လေ့ ရှိကြ၏။

ယနေ့ညတွင်မတော့ မောင်စိုးနှင့် လှိုင်ညွန့်သည် ရှယ်လီထွန်း နှင့်အတူ စကားစမြည် လာပြောကြရင်း လက်ဖက်သုပ် စားကြခြင်း ဖြစ်၏။

လှိုင်ညွန့်သည် ဆင်ဦးစီးတစ်ယောက်ဖြစ်၏။ စကားနည်း၏။ မျက်လုံးမှေးမှေးဖြစ်၏။ အသားလတ်လတ်၊ နှာခေါင်းပြားပြား ဖြစ်သည်။ စကားပြောလျှင်သော်လည်းကောင်း၊ တစ်စုံတစ်ရာကို ကြည့်နေရာတွင် လည်းကောင်း သူ၏မျက်ဝန်းသည် အငြိမ်မနေ၊ ကစားနေ၏။

"ဟဲ့. . ဖိုးလှိုင်ညွန့် စားလေဟယ်"

သို့ ရှယ်လီထွန်းက တစ်ခါပြော. . တစ်ခွန်းစားသာ ဖြစ်၏။ မောင်စိုးနှင့် ရှယ်လီထွန်းတို့ စကားဖောင်ဖွဲ့ပြောနေကြသော်လည်း လှိုင် ညွန့်သည် ဖေးတီဖေးစက် မှန်တေတေဖြင့်သာလျှင် စကားနည်းစွာ ထိုင်နေတော့၏။

သို့ သူတို့ စကားတပြောပြောနှင့် ထိုင်နေကြစဉ် စောဒေးဗစ် အပြင်မှ ပြန်ရောက်လာ၏။

ဝါးလှေကားက တက်၍ တဲအတွင်း လှမ်းဝင်လိုက်ပေမယ့်-

"ဟဲ့. . ရှယ်လီ ညဦးနက်နေပြီ၊ မအိပ်သေးဘူးလား" ဟုပြောကာ ဝင်သွားလေသဖြင့် မောင်စိုးသည် မကျေမနပ် မျက်စောင်းထိုးကြည့်လိုက်ပြီး -

"ရှယ်လီ. . ငါတို့ ပြန်မယ်၊ နင့်ခဲအိုက ငါတို့ကို သိပ်မကြည်ဘူး"

"အို. . ဘာဖြစ်လဲ. . သူ့ဘာသာ မူးပြီး ပြောချင်ရာ ပြောသွားတာပဲ၊ နေကြပါဦးဟယ်. . ငါ မအိပ်ချင်သေးလို့ပါ"

ရှယ်လီထွန်းက သို့တားပေမယ့်-

"လာပါ. . ပြန်ကြမယ်"လို့သာပြောပြီး ဖိုးလှိုင်ညွန့်သည် မောင်စိုး၏ လက်ကိုဆွဲ၍ ဝါးလှေကားမှ ဆင်းခဲ့လေတော့သည်၊

"လှိုင်ညွန့်ကလည်း ဘာမှန်းလဲမသိဘူး၊ ငါနဲ့မောင်စိုး စကားပြောလို့ မဆုံးသေးဘူးဟဲ့"

သည်တွင် လှိုင်ညွန့်က -

"သည်လောက်ကြီး အလွမ်းသယ်မနေကြပါနဲ့ဟာ. . လွန်ကိုလွန်လွန်းတယ်"ဟုပြောကာ သူတို့နေထိုင်ရာ တဲဘက်သို့ ပြန်ခဲ့ကြတော့၏၊

"ဟိတ်ကောင် လှိုင်ညွန့် ရှယ်လီတစ်ယောက်တည်း ကျန်ခဲ့ပြီကွ"

"သူ့ဟာသူ တစ်ယောက်တည်း ကျန်ကျန်ကွာ. . သူ့ခဲအို ရှိနေတာပဲ"

"ဘာကွ. . . မင်း ဘာစကား ပြောတာလဲ"

မောင်စိုးတစ်ယောက် ကွဲမြီးတိုသွားတော့၏၊ သို့ပေမယ့် လှိုင်ညွန့်ဆွဲခေါ်ရာသို့ တွန့်ဆုတ် တွန့်ဆုတ်ဖြင့် ပါသွားလေတော့၏၊

ရှယ်လီထွန်းတစ်ယောက် လသာဆောင် ကပြင်တွင် ထိုင်နေ

ဆဲ၊ တစ်ခြမ်းပဲ့လကို ငေးမောကြည့်နေဆဲဖြစ်၏။

မည်မျှကြာကြာ ငေးနေမိသည် မသိ၊

"ဟိတ်. . . မအိပ်သေးဘူးလား"ရယ်လို့ အသံကြောင့် လန့်ဖျတ်သွားကာ နောက်သို့ လှည့်ကြည့်လိုက်၏၊

သူမ၏ ခဲအို စောဒေးဗစ် ဖြစ်ချေတော့၏။ စောဒေးဗစ်သည် တစ်ရေးနိုး ထ,လာခြင်းဖြစ်သည်၊

စောဒေးဗစ်သည် ရှယ်လီထွန်းအနားတွင် ထိုင်လိုက်ပြီး မျောက်ချေးခါးနှင့် သုပ်ထားသော လက်ဖက်ကို တစ်ဇွန်း နှိုက်စားလိုက်သည်၊

ပြီးနောက် စကားစမြည်ပြောနေကြသည်ကို သူတို့တဲ၏ အရှေ့ဘက်တွင် သရက်ပင်ပျိုတစ်ပင်နောက်ကွယ်မှ လူတစ်ယောက်သည် ချောင်းမြောင်းကြည့်ရင်း ဖဲ့တကြိတ်ကြိတ်၊ မကျေမချမ်း ဖြစ်နေတော့၏။

ထိုသူကား မောင်စိုးကို လက်တွဲခေါ်သွားသော ဖိုးလှိုင်ညွှန့် ဖြစ်နေတော့သည်၊

ဖိုးလှိုင်ညွှန့် ဘာလို့ ထိုနေရာသို့ ရောက်လာကာ ရှယ်လီထွန်းကို ချောင်းမြောင်းကြည့်နေရတာပါလိမ့်၊

ရှယ်လီထွန်းနှင့် စောဒေးဗစ် တဲအတွင်းခန်း ဝင်သွားလေတော့မှ ဖိုးလှိုင်ညွှန့်သည်လည်း ထိုသရက်ပင်ပျိုနောက်ကွယ်မှ သူ့တဲရှိရာသို့ လှည့်အတွက်တွင် -

"ဟင်"

သူ့ရှေ့မှာ ပိတ်ကာ၍ သူ့အား ပြုံးပြုံးကြီး ကြည့်ရပ်နေသည့် မောင်စိုးကို မြင်လိုက်ရသည်တွင် လုံးဝ ဖဲ့အားသင့်သွားရတော့၏။

နံနက်တွင် ဆင်သွားကောက်ရန် ပြန်လာကြပြီး ဆင်ရေချကြ၏၊ ပြီးနောက် ဆင်ဦးစီးတို့သည် အဆာပြေ စားကြပြီးလျှင် မိမိတို့ ဆင်တို့ မိမိတို့ တက်ခွစီးလိုက်ကြပြီးနောက် လုပ်ငန်းခွင်သို့ ထွက်ခဲ့ကြတော့သည်၊

မောင်စိုး စီးသည်ဆင်သည် ရှေ့ဆုံးမှ ဖြစ်ချေ၏၊

သူတို့သည် သစ်ကွက်အတွင်းသို့သွားရာတွင် စောဒေးဗစ် တဲအိမ်နံဘေးမှဖြတ်၍ တောအုပ်လေးအတွင်း ၀င်သွားကြခြင်းဖြစ်သည်၊

မောင်စိုးသည် ရှယ်လီထွန်းတို့ အိမ်နံဘေးမှ ဖြတ်သွားသည့်အခါ တဲအတွင်း လှမ်းကြည့်လိုက်ရာ ရှယ်လီထွန်းနှင့်အတူ စောဒေးဗစ်တို့ တွေ့လိုက်သည်တွင် မျက်နှာကြီး စူပုပ်သွားတော့သည်၊ သူ့နောက်မှ

တပ်လိုက်လာသော ဖိုးလှိုင်ညွန့်သည်ကား ရှယ်လီထွန်းကို လှမ်းကြည့်၍ မထီတထိ ပြုံးပြသွားလေတော့၏။

တဲအတွင်း ရှယ်လီထွန်းနှင့် ယှဉ်ရပ်နေသော စောဒေးဗစ်က သူမကို လှည့်ကြည့်လိုက်ပြီး -

"ငါ ဖျဉ်းမနားဆင်းဖို့ ကိစ္စရှိတယ်။ နင့်အစ်မကို ဂရုစိုက်ပါ ဟာ၊ သူက ကျန်းမာရေး သိပ်ကောင်းလှတာ မဟုတ်ဘူး။ သူ့အတွက် ဆေးတွေပါ ငါဝယ်ခဲ့မယ်"

သို့ပြောပြီး စောဒေးဗစ်သည် အထုပ်အပိုးပြင်ကာ တဲအိမ်လေး ပေါ်မှ ဆင်းသွားလေတော့၏။

သည်တော့မှ ရှယ်လီထွန်းသည် အိပ်ရာထဲတွင် ပက်လက် ဖြစ် နေရှာသည့် အစ်မဖြစ်သူအနားသွားကာ -

"အစ်မ. . . နင် ဆန်ပြုတ်ပဲ သောက်မှာ မဟုတ်လား"

မေးလိုက်၏။

"အေး"

"စောစောက နင့်ကို ကိုဒေးဗစ် ဆန်ပြုတ် တိုက်သေးတယ် လား"

"အေး"

"နို့ဖြင့် ဆေးသောက်လိုက်ဦး"

သို့ဆိုကာ ရှယ်လီထွန်းသည် အစ်မဖြစ်သူအား အိပ်ရာမှ ဆွဲ ထူလိုက်ပြီး ဆေးတိုက်လိုက်တော့၏။

"နင်လည်း ငါ့ကို လာပြုစုနေရတာနဲ့ အမိုးတို့ဆီ မပြန်ဖြစ် ဘူးနော်၊ ငါလည်း သက်သာနေပြီ၊ ဒေးဗစ်ပြန်လာလျှင်ဖြင့် နင် အမိုး တို့ဆီ ပြန်နေပေါ့"

အားငယ် ဖျော့လျော့သောလေသံဖြင့် ပြောလာရှာ၏။

"ရပါတယ်ဟယ်. . ငါ နင့်ညီမ အရင်းခေါက်ခေါက်ကြီးပါ။

ကဲ ကဲ ဆေးသောက်ပြီး ငြိမ်ငြိမ်လေး လှဲနေလိုက်ဦးနော်. . . ငါ နင် သောက်ဖို့ ဆန်ပြုတ်ပူပူလေး သွားပြုတ်ချေမယ်. . ."

သို့ပြောပြီး သူ့အစ်မနားမှ အထလိုက်တွင်-

"ဟဲ့. . . နင် ထမင်းချက်စားဦး၊ ငါ့တွက်ချည်း လုပ်မနေနဲ့"

အစ်မဖြစ်သူက ရှယ်လီထွန်း၏လက်ကို လှမ်းဆွဲပြီး ပြောရှာ၏။

"ဟာ. . . အလုပ်ရှုပ်ပါတယ်၊ ကိုဒေးဗစ်လည်း ရှိတာ မဟုတ်ဘူး၊ ငါလည်းပဲ နင်သောက်မယ့် ဆန်ပြုတ်ပဲ သောက်မယ်၊ မနေ့က ကိုဒေးဗစ် တောထဲအပြန် ယူလာတဲ့ ငါးရံ့ခေါင်းတိုတွေ ရှိတယ်၊ အဲဒါနဲ့ ဆန်ပြုတ် ပြုတ်မယ်လေဟာ"ဆိုပြီး မီးဖိုခန်းတွင်း ဝင်သွားလေတော့၏။

ရှယ်လီထွန်းကိုကြည့်၍ အစ်မဖြစ်သူသည် ခေါင်းတညိတ်ညိတ် လုပ်ကာ ပီတိ ဖြစ်နေရှာတော့၏။

"ဩော်. . ငါ့ကို အင်မတန် ချစ်ရှာပါကလား" ဝိနေ့လယ် လောက် သူမကို အိမ်ထောင်ချပေးရမည်၊ သူမအတွက်လည်း ပြန်ငဲ့ရ ပေဦးမည် မဟုတ်ပါကလား၊

မောင်စိုးနှင့် ရှယ်လီထွန်း ရည်ငံ့နေကြသည်ကို 'ဒေးဗစ်' ပြော ၍ သူမ သိထားပြီးဖြစ်သည်။

သို့တွေးနေရာမှ တစ်ချက် ပြုံးလိုက်ပြီး မျက်စိကို မှိတ်လိုက် လေတော့သည်။

❑ ❑ ❑ ❑ ❑

တောင်ပိန္နဲစခန်းသို့ရောက်လုတွင် ကျွန်တော်တို့သည် ခဏ တဖြုတ် နားကြပြန်သေး၏။

"ကိုသင်းကြိုင် တကယ်ပဲ လမ်းမှားလေပြီလား မသိဘူးဗျာ. . ခုထိ သူ့ရဲ့ ခြေစခြေနဲ မပြောလေနဲ့ အရိပ်အရောင်တောင် မတွေ့ပါတလား။ ဒီလူတော့ ဒုက္ခရောက်နေပြီ ထင်ပါရဲ့"

ကျွန်တော်က သစ်တစ်ပင် ခြေရင်းတွင် ခြေပစ်လက်ပစ် ထိုင်ချရင်း ပြောလိုက်သည်။

"နို့မဟုတ် ကျွန်တော်တို့နဲ့ လမ်းလွဲပြီး စခန်းပြန်ရောက်လေပြီလားမှ မသိတာ"

လင်းမြင့်လှိုင်က အကောင်းမြင် အတွေးဖြင့် ပြောလေ၏။

"အဲလို ဖြစ်ပါစေလို့ပဲ ဆုတောင်းပါရဲ့ဗျာ. . သည်လမ်း သည်ခရီးကို သူလည်း ကောင်းကောင်းကျွမ်းပါတယ်"

သို့နှယ်ပြောပြီး ကျွန်တော်သည် လင်းမြင့်လှိုင်လက်တွင်းမှ ဝီစကီပုလင်းပြားလေးကို လှမ်းယူလိုက်ပြီး တစ်ငုံ မော့သောက်လိုက်သည်။

"ကျွန်တော်တို့ တောင်ပိနဲ့စခန်းတော့ အရောက်သွားမယ်ဗျာ၊ တစ်ညအိပ်လောက် အချိန်ဖြုန်းပြီး အမဲလည်ပစ်ကြမယ်၊ အဲဒီ စခန်း တစ်ဝိုက်မှာ ဂျီ(ချေ)ပေါသလား မမေးနဲ့"

လင်းမြင့်လှိုင်သည် ဂျီ(ချေ)သား အလွန်ကြိုက်သူဖြစ်၏။

"ဟာ. . ဟိုမယ် ကြည့်စမ်း"

ကျွန်တော် ယခုမှ သတိပြုမိလိုက်၏။ ကျွန်တော်တို့ ထိုင်နားနေသည့်နေရာနှင့် အတော်လှမ်းလှမ်းရှိ 'ချုံနွယ်ပင်တစ်ခုနောက်ကွယ်မှ သင်မည်းကြီးများ တစ်အုပ်သည် တဝီဝီမြည်ကာ လန့်ဖျပ်ပြန်လိုက်၊ ပြန်နားလိုက်ကို တွေ့ရသဖြင့် လင်းမြင့်လှိုင်ကို လှမ်းပြလိုက်၏။

လေအသင့်တွင် တစ်ချက်တစ်ချက် အပုပ်နံ့ ရလိုက်သေးတော့၏။

"အကောင်တစ်ကောင် သေနေပြီ. . . ပုပ်တောင်နေပြီ"

လင်းမြင့်လှိုင်ကလည်း ကြည့်ပြောလိုက်၏။

သို့ဖြင့် ကျွန်တော်တို့သည် ပုလင်းပြားလေးအတွင်းမှ လက်ကျန်ဝီစကီကို အပြတ်ဖြတ်လိုက်ကြပြီး နေရာမှ ထလိုက်ကြကာ ရှေ့ဆက် လျှောက်ခဲ့ကြပြန်သည်။

"ကိုခင်မောင်မြင့်ရေ. . . ဒီကနေ တောင်ပိန္နဲစခန်း အတော်လှမ်းသေးလား"

ကျွန်တော်သည် ရှေ့မှ သွားနေရင်းမှ နောက်သို့ လှည့်ကြည့်မေးလိုက်သည်။

"ခပ်ပြင်းပြင်းလျှောက်မယ်ဆိုလျှင်ဖြင့် မမှောင်ခင် ရောက်သွားနိုင်တယ်"

သို့ဖြင့် ကျွန်တော်တို့သည် ယင်မည်းတစ်အုပ် ရှိသော ချုံနွယ်ပင်နား ရောက်လာကြသည်တွင် လွန်မင်းစွာ ဆိုးဝါးသော အပုပ်နံ့ကို ရလိုက်ကြသည်ဖြစ်၍ ထိုနေရာကို လှမ်းကြည့်လိုက်ပြီး ဝေးဝေးမှ ရှောင်ကွင်းသွားရန် ခြေလှမ်းလိုက်စဉ်မှာပင် -

"ဟင်!"

ကျွန်တော် ရင်ထိတ်သွားမိသည်။ မြင်လိုက်ရသော မြင်ကွင်းက ရင်တုန်စရာ ဖြစ်နေတော့၏။

လူတစ်ယောက်၏ ပုပ်ပွနေသော လက်တစ်ဖက်ကို လှမ်းတွေ့လိုက်ရခြင်းကြောင့် ဖြစ်ပေ၏။

သို့ကြောင့် ထိုနေရာကို ရှောင်ကွင်းသွား၍ မရပါတော့ချေ။ လင်းမြင့်လှိုင်ကို မျက်ရိပ်ပြ၍ ထိုနေရာသို့ နှာခေါင်းကို ပိတ်၍ သွားလိုက်၏။

"ဝေါ့"

ဖျို့အန်ထွက်မတတ် ဖြစ်သွားသည်။

အလိုလေးဗျာ. . . လူတစ်ယောက် သေနေပါကလား။ ဝမ်းဗိုက်တစ်ပြင် အသားတို့ တစ်စစီ ပြတ်ထွက်နေတော့၏။

"အလို"

ဦးခေါင်းပိုင်းသည် ပြားချပ်လုမတတ် ဖြစ်နေပါကလား။ သို့ဆိုပါလျှင် ထိုသူ့ကို ဟင်းကောင်(ကျား) ခုပ်မွှေပေးသွားခြင်း မဖြစ်နိုင်။ ကျွန်တော်တို့ မြင်ခဲ့သော ဖွတ်ကောင်ကြီး လက်ချက်ပေပဲလား။ ဒါလည်း မဖြစ်နိုင်။ ဦးခေါင်း ပြားချပ်နေခြင်းသည် စဉ်းစားစရာဖြစ်တော့၏။

သို့ကြောင့် မျက်နှာကို ပုံဖော်ကြည့်လိုက်၏။

"ဟာ. . ."

"ဒါ. . ဒါ ကိုသင်းကြိုင်ပေပဲ မဟုတ်လား"

ကျွန်တော့်ရင်ထဲ ဆို့တက်သွားတော့၏။ ကိုသင်းကြိုင်မှ ကိုသင်းကြိုင် ဖြစ်သည်။ ခန္ဓာကိုယ်တစ်ကိုယ်လုံးရှိ အသားစိုင်တို့ ပဲ့ရွဲ့နေကြပြီး သူ့မျက်နှာပေါက်နှင့် အနား ခပ်လှမ်းလှမ်းတွင် တွေ့ရသည့် ဝင်ချက်စတာနိုင်ဖယ်ကြောင့် ကိုသင်းကြိုင်ရယ်လို့ သတ်မှတ်လိုက်နိုင်ခြင်း ဖြစ်တော့၏။

လုံးဝ မိတ်မကောင်း ဖြစ်မိကြတော့၏။

ဘယ်လိုဖြစ်ရတာပါလိမ့်။

"ဖွတ်ကောင်ကြီးက သူသေပြီးမှ ရောက်လာတာ ဖြစ်လိမ့်မယ်"

လင်းမြင့်လှိုင်၏ ထင်မြင်ချက်ဖြစ်သည်။

"ဦးခေါင်း ပြားချပ်နေတာဟာ. . ဆင်နင်းခံရလို့ဖြစ်မယ်၊ တောဆင်နဲ့ ပက်ပင်းတိုးပြီး သတ်ဖြတ်နင်းခံလိုက်ရတာဖြစ်မယ်ဗျ"

ကျွန်တော်၏ ထင်မြင်ချက်ဖြစ်သည်။

သည်နောက် ကျွန်တော်တို့သည် ကိုသင်းကြိုင်၏ ရုပ်အလောင်းကို ကျကျနန မြေမြှုပ်သင်္ဂြိုဟ်ပေးလိုက်ကြပြီး တောင်ပိန္နဲစခန်းသို့ ဆက်မသွားကြတော့။ ဆင်စခန်းသို့ ခြေဦးပြန်လှည့်ခဲ့ကြပေတော့သည်။

ကျွန်တော်တို့ လာရင်း အဓိကသည် ကိုသင်းကြိုင်ကို လိုက်

ရှာကြခြင်းပင် မဟုတ်ပါကလား။

ခု ကိုသင်းကြိုင်ကို တွေ့ပြီပဲ။

စိတ်မကောင်းစွာဖြင့် စခန်းပြန်ရုံသာ ရှိကြတော့သည် မဟုတ်ပါကလား။

"ကိုသင်းကြိုင်တစ်ယောက် ဖြစ်မှဖြစ်ရလေဗျာ"

ကျွန်တော်က ညည်းညူပြောလိုက်၏။

"ဘာလို့များ တစ်ယောက်တည်း လာခဲ့ရတာလဲ မသိဘူး"

"သူ့ကိုကလည်း ဒီလိုဖြစ်ချင်လို့ ဖြစ်မပေါ့ဗျာ"

သို့ဖြင့် ကျွန်တော်တို့သည် ဆင်ခေါင်းကြီး ကိုခင်မောင်မြင့်၏ ဆင်စခန်းသို့ ညနေစောင်းတွင် ပြန်ရောက်ခဲ့ကြတော့၏။

ကျွန်တော်တို့ထံမှတဆင့် ကိုသင်းကြိုင်၏ သတင်းဆိုးကို သိလိုက်သည်ဖြစ်၍ စခန်းတွင်းရှိ လူအားလုံး သနားကရုဏာ သက်သွားကြတော့၏။

စောဒေးဗစ်ဆိုလျှင် သူနှင့်လည်း ရင်းနှီးကြသည်ဖြစ်သည်ကြောင့် လွန်မင်းစွာ စိတ်မကောင်းဖြစ်သွားပုံရ၏။

"ရှယ်လီထွန်း"ဆိုပါလျှင် မျက်ရည်ကျရရှာတော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်ဆိုပါလျှင် အရက်ချည်း ဖိသောက်နေမိတော့၏။

ဘယ်သို့ပင် အရက်ကို မူးနေအောင် သောက်ပစ်လိုက်ကာ ကိုသင်းကြိုင်ကို မေ့ထားလိုက်ချင်ငြား ထိုညတွင် အိပ်မက်ဆိုး မက်လိုက်သေးတော့၏။

□ □

ဆင်ဦးစီး မောင်စိုးသည် လေကလေးတချွန်ချွန်ဖြင့် စခန်းနောက်ဘက် ချောင်းအတွင်း ဆင်ရေချ(ရေချိုး)ပေးနေစဉ် ခြေသံကြားသဖြင့် လှည့်ကြည့်လိုက်၏။

"ဟင်!"

ရှယ်လီထွန်းပါကလား. . . မျက်လုံးများ နီရဲကာ မို့မောက်နေသဖြင့် ငိုထားမှန်းသိလိုက်သဖြင့် -

"ဟဲ့. . . နင်ဘာဖြစ်နေတာလဲ. . . နင့်ဦးလေးကြီး ဆုံးသွားတာကြောင့် စိတ်မကောင်းဖြစ်နေတာလား"ဟု ပြောင်စပ်စပ် မျက်နှာပေးဖြင့် မေးလိုက်၏။

"ငါ စိတ်မကောင်း ဖြစ်လွန်းလို့ပါဟယ်. . . အင်မတန်သဘောမနောကောင်းတဲ့ လူကြီးဟဲ့. . ."

သို့ ရှယ်လီထွန်းက ပြောလိုက်သည်တွင် မောင်စိုးသည် မျက်နှာတစ်ချက်ပျက်သွားကာ "နင် အဲဒီလူကြီးအပေါ်မှာ အဲဒီလောက် သံယောဇဉ်ရှိသလားဟင်၊ ငါ့အပေါ်မှာ ဆိုလျှင်ကော. . . အဲဒီလောက် သံယောဇဉ် ထားနိုင်ပါ့မလား"

"ဟင်!"

မောင်စိုး၏ ဒလသံ၊ စကားတွင် မရိုးမသားဟန်ပန် လေသံ ပါလာသည်ကို ရိပ်မိလိုက်သော ရှယ်လီထွန်းက မောင်စိုးကို စိမ်းစိမ်း ကြည့်လိုက်ပြီး -

"ဘာလဲ နင်က ငါ့သူ့အပေါ်မှာ သံယောဇဉ်ဖြစ်ပြီး စိတ်မ ကောင်းဖြစ်နေတာကို ဘယ်လိုထင်နေလို့ အဲဒီလေသံနဲ့ ပြောရတာ တုန်း"ဟု မာဆတ်ဆတ် ပြန်မေးလိုက်၏။

"နိုးနိုးမေးတာပါဟယ် . . . နင်ကလည်း ဖိုးမလုံ ဖုံပွင့်ပြန်ပြီ"

သို့ မောင်စိုးက ခနဲ့တဲ့တဲ့ ပြောလိုက်လေသည်ကြောင့် ရှယ်လီ ထွန်းသည် မျက်လုံးကြီး ရဲရဲနီသွားကာ -

"ဟင် . . နင် . . နင် . . ဘာစကားပြောတာလဲ . . . ယောကျ်ား ဖြစ်ပြီး မိန်းမလို မိန်းမရ စကားပြောရသလား . . အေး ဟုတ်တယ်ဟာ . . ဟုတ်တယ် . . . ငါနဲ့ အဲဒီလူကြီး ရည်ငံ့နေကြတယ်။ အဲဒါ ဘာဖြစ်လဲ . . . နင် မနာလိုဖြစ်နေရအောင် . . နင်နဲ့ငါ ဘာဆိုင်လို့လဲ"

ရှယ်လီထွန်းက ဒေါသလေသံဖြင့် မောင်စိုးကို ပြောလိုက် တော့၏။

သည်တွင် မောင်စိုးက -

"ဆိုင်လို့ ပြောတာပေါ့ဟယ် . . . နင်က ငါ့ရည်းစားလေဟယ် . . . အဲဒီလူကြီးအတွက် တော်သင့်ရုံ စိတ်မကောင်းဖြစ် တော်ပြီပေါ့၊ ခုဟာက နင့်မယ် ငိုလို့ကို မဆုံးနိုင်တော့ဘူး . . . တကတည်း ဆင်ခေါင်း ကြီး ဦးခင်မောင်မြင့်ဆီ ပြန်ရောက်ကတည်းက အဲဒီလူကြီး ဆင်နင်းခံ သေသွားတာ သိပြီးတဲ့နေ့ကစပြီး ခုထိ ငိုနေတာ မဆုံးတော့ဘူး။ သုံးရက် လောက် ရှိနေပြီ"

"အေး . . . ဟုတ်တယ်ဟယ်၊ ဘာဖြစ်လဲ . . . ခုနစ်ရက် ခုနစ် လီ ငိုနေဦးမယ် . . . ဘာဖြစ်လဲ . . . ငါ့မျက်ရည်နဲ့ငါ ငိုတာချည်း"

"ငို. . ငို. . ဖဲဒီလူကြီး နှစ်ခါပြန်သေသွားလျှင် ပိုကောင်းဦးမယ်"

"နင်က သူ့ကို သေစေချင်နေတာ ငါမသိဘူး မှတ်လား"

သို့ ရှယ်လီထွန်းက ပြောလိုက်သည်တွင် မောင်စိုးသည် အမျက်ဒေါသ ထွက်သွားကာ -

"ဖဲဒီလူကြီးဘက်က ဘာလို့ ဖဲဒီလောက် ဖြစ်နေရတာလဲ"

ဟု အသံမာမာဖြင့် ပြောလိုက်လေတော့၏။

"နင့် အနားပေါ် တုတ်ကျခံလိုက်ရတယ်လား"

ရှယ်လီထွန်းတစ်ယောက် အငိုရပ်သွားကာ မောင်စိုးကို စိမ်းစိမ်းကြီးကြည့်ကာ ခနဲ့တဲ့တဲ့လေသံဖြင့် ပြောလိုက်လေ၏။

မောင်စိုးတစ်ယောက် မျက်နှာ အကြီးအကျယ် ပျက်သွားတော့၏။

"အေး. . . ဘာဖြစ်လဲ. . ဘာဖြစ်လဲ"ဟု ဆောင့်ကြီးအောင့်ကြီး ပြောကာ နီးရာမှ မြေခဲတစ်လုံးကို ကောက်ကိုင်ကာ ချေပြင်ပေါ်သို့ 'ဗွမ်း' ခနဲ မြည်အောင် ပေါက်ချလိုက်တော့၏။

ဒေါသအိုးပေါက်ကွဲခြင်းဟု ပြောရလေမလား။

"ဟင်. . ဟင်. . နင်. . နင် တကယ်ပဲ ဦးလေးသင်းကြိုင်ကို သတ်လိုက်တယ်ပေါ့"

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ရေချိုးပြီး ပြန်လာကြသည်တွင် ဆင်ရေချိုးကြသည့် ရေအိုင်လေး၏ အနားသို့ ရောက်လာသည်တွင် သို့ မိန်းကလေးတစ်ယောက်၏ အံ့ဩထိတ်လန့်ပြောလိုက်သံကြောင့် ရုတ်ချည်းဆိုသလို နှစ်ယောက်သား ချပ်ငြိကြား ပြေးကပ်နိုအောင်းကာ အသံလာရာဆီသို့ လှမ်းကဲကြည့်လိုက်၏။

"ဟင်!"

စောဒေးဗစ်၏ဇနီးမ ရှယ်လီထွန်းနှင့် ဆင်ဦးစီး မောင်စိုးတို့

အား တွေ့လိုက်သည်တွင် ဇာအားသင့်သွားမိတော့၏။

နံဘေးရှိ လင်းမြင့်လှိုင်ကို လှည့်ကြည့်လိုက်၏။ လင်းမြင့်လှိုင်က မျက်ရိပ်ပြ၍ သူတို့ ဘာဆက်ပြောကြမည်ကို နားစွင့်နေလေတော့၏။

"ဇို မဟုတ်ဘူး. . . မဟုတ်ဘူး"

မောင်စိုးက မျက်လုံးမျက်ဆံပြူးကာ လက်ကာပြ လှုပ်ရမ်းပြောလေသည်တွင် ရှယ်လီထွန်းသည် မျက်နှာကို လက်ဝါးအစုံဖြင့် အုပ်ကာ၍ "ဘာမှ မပြောနဲ့တော့ မပြောနဲ့တော့"ဟုပြောကာ "ဟင့်"ခနဲ တစ်ချက် ရှိုက်ငိုလိုက်ကာ ပြေးထွက်သွားတော့၏။

"တောက်"

ပြေးထွက်သွားသော သူမကိုကြည့်ပြီး မောင်စိုးက ဒေါသတကြီး "တောက်"တစ်ချက် ခတ်လိုက်ရင်း ရပ်ကျန်ခဲ့တော့၏။

ကျွန်တော်သည် လင်းမြင့်လှိုင်ကို လက်ကုပ်၍ ထိုနေရာလေးမှ ဟန်မပျက်ပြန်ထွက်လာပြီး ခုမှ ရောက်လာကြသည့်ဟန်ဖြင့် -

"မောင်စိုးပါလား. . ဆင်ရေချိုးပေးနေတာလား"

ကျွန်တော့်အသံကြားသဖြင့် မောင်စိုးသည် ကိုယ်တစ်ချက်တွန့်သွားသည်ကို သတိပြုမိလိုက်၏။

"ဩော်. . ဟုတ်ကဲ့. . "ရယ်လို့ တုန်ယင်သော လေသံဖြင့် ပြောလာ၏။

"အေးကွာ. . စိတ်မကောင်းစရာ သတင်း မင်းကြားပြီးပေါ့" ရယ်လို့ သွေးတိုးစမ်း မေးလိုက်၏။

"ဦးတို့မိတ်ဆွေအကြောင်း မဟုတ်လား. . ကြားပြီးပါပြီ။ စိတ်မကောင်းပါဘူးဗျာ"ဆိုပြီး သူ့ဆင်ပေါ်သို့ လွှားခနဲ ခုန်တက်လိုက်ပြီး-

"ဖြဲပြီ သွားဦးမယ်ဗျာ"ဟုဆိုကာ လူကောဆင်ပါ ကျွန်တော်တို့အပါးမှ ထွက်သွားလေတော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ အဓိပ္ပါယ်ပါပါ ပြုံးပြလိုက်ကြသည်။

"ကိုလင်း. . . မောင်စိုးကို ဘယ်လိုမြင်လဲ"

ကျွန်တော့်အမေးကြောင့် လင်းမြင့်လှိုင်သည် အပေါ်သွားဖြင့် အောက်နှုတ်ခမ်းကို ဖိကြိတ်ကိုက်လိုက်ပြီး -

"သူ ကိုသင်းကြိုင်ကို သတ်တာလည်း ဖြစ်ချင်ဖြစ်နိုင်တယ်"

"ဘာလို့ သတ်ရတယ် ထင်သလဲ" ကျွန်တော်က မေးလိုက်ပြန်၏။

"သူနဲ့ရှယ်လီထွန်းက သမီးရည်းစားလေ. . . ရှယ်လီထွန်းနဲ့ ကိုသင်းကြိုင်ကလည်း တပူးတွဲတွဲဆိုတော့ သူ့စိတ်မယ် ခိုးလိုးခုလု ဖြစ်နေတဲ့အချိန် အကြောင်းတစ်ခု တိုက်ဆိုင်လာပြီး စိတ်လိုက်မာန်ပါ လုပ်လိုက်မိတာ ဖြစ်မယ်"

"ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်တာပေါ့. . . ဆင်ဦးစီးဆိုတာ သူတို့စီးတဲ့ဆင်တွေကို နိုင်းချင်သလို နိုင်းလို့ရနေတာပဲ"

"အေး. . . ဖြစ်နိုင်တယ်. . နို့ပေမယ့် သူ့ကို လူသတ်သမားပါ ရယ်လို့ ဘယ်လို စွပ်စွဲလို့ရမှာတုန်း"

ကျွန်တော်က မေးလိုက်ပြန်၏။

"လွယ်ပါတယ် ကိုပိုက်ရယ် ကိုသင်းကြိုင်က ဆင်နင်းခံရတော့ ကာ ဦးခေါင်းပိန်ချိုင့်နေတယ် မဟုတ်လား။ သည်တော့ မောင်စိုးရဲ့ ဆင်ရှေ့ခြေရာကို အသေအချာ စစ်ဆေးကြည့်မယ်ဆိုလျှင်ဖြင့် သဲလွန်စ တစ်ခုတစ်လေ တွေ့နိုင်သဗျ"

သူ့စကားကြောင့် ကျွန်တော် ပြုံးလိုက်၏။

"ဘာပြုံးတာလဲ ကိုပိုက်. . . ကျွန်တော် ပြောတာ မဖြစ်နိုင်ဘူး ထင်လို့လား"

"ဟုတ်ပ ကိုလင်းရယ်. . . ခု တွေ့တယ်မဟုတ်လား. . . ဆင်ကို နေ့တိုင်း ရေချိုးပေးနေတာလေ။ ကိုသင်းကြိုင် သေတယ်ဆိုတာ သိတာတောင် သုံးရက်ရှိနေပြီ။ ဘယ်အချိန်က ဆင်နင်းခံလို့ သေတယ်ဆိုတာတောင် သိကြရတာ မဟုတ်ဘူး။ ဘယ်လိုလုပ် သဲလွန်စ ရနိုင်မှာတုန်း"

လင်းမြင့်လှိုင်သည် ပြုံး၍ ကြည့်လာပြီး -

"မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါလား. . . ရှာဖွေစုံစမ်းကြည့်ရမှာ ကျွန်တော်တို့ လုပ်ရမယ့်အလုပ်ပဲ. . . သဲလွန်စ တွေ့တာ မတွေ့တာ သူ့ကံ ကိုယ့်ကံပေါ့"

"ဟုတ်ပြီလေ. . ."

"ကဲ. . ကိုလင်း နက်ဖြန် လုပ်ငန်းစကြတာပေါ့"

"ပေါ်တင်ကြီးတော့ မလုပ်နဲ့ပေါ့ဗျာ. . တစ်ဖက်လူက ရိပ်မိသွားလျှင် သဲလွန်စ အရှာရခက်နေပါဦးမယ်"

"အိုကေ. . . "ဆိုကာ ကျွန်တော်သည် အရက်ခွက်ကို ကောက်ကိုင်၍ လင်းမြင့်လှိုင်မျက်နှာရှေ့ တိုးမြှောက်လိုက်၏။

လင်းမြင့်လှိုင်ကလည်း အရက်ခွက်ကို ကောက်ယူ၍ ကျွန်တော့်ကို အရက်ခွက်နှင့် 'ခွပ်'ခနဲမြည်အောင် တိုက်ခတ်လာပြီးသည်နောက် ဖြိုင်တူဆိုသလို တစ်ပြိုင်နက် မော့သောက်လိုက်ကြတော့သည်။

နောက်နေ့တွင် ကျွန်တော်တို့ ပြန်ကြမည်ဆိုပြီး မပြန်ဖြစ်ခဲ့သည့်ကြောင့် ဆင်ခေါင်းကြီး ကိုခင်မောင်မြင့်သည် အံ့ဩသွားတော့၏။

"ဘယ်လိုကြောင့်တုန်း"ဟု မေးလာသည်တွင် -

"မြို့အပြန်လက်ဆောင်ပေးဖို့ရာ ဂျို(ချေ)တစ်ကောင်လောက် ပစ်ယူသွားချင်သေးလို့"ဟု အကြောင်းပြ ပြောလိုက်ရ၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် အမဲပစ် ထွက်ခဲ့ကြငြား ဂျို(ချေ)ကောင်ကို တွေ့သော်ငြား ပစ်ခတ်ခြင်း မပြုကြချေ။

အမဲပစ်အပြန် မောင်စိုးတို့ ဆင်ရေချိုးချိန်ကို ချိန်ကိုက် ပြန်ခဲ့ကြ၏။

"ဟာ. . . မောင်စိုး မင်းဆင် လိမ္မာလား"ဟု မေးလိုက်၏။

"သိပ်လိမ္မာတာပေါ့ဗျာ. . . နိုင်းလို့လည်း ကောင်းတယ်၊ ဘာနိုင်းနိုင်း မလုပ်မရှိဘူး။ ငြင်းတယ်ကို မရှိဘူး"

မောင်စိုးပြောလာသည့်စကားကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို အဓိပ္ပါယ်ပါပါ ကြည့်လိုက်၏။

"ကိုလင်း ကြားတယ်မဟုတ်လား. . . သူ့ဆင်ကို သူ ဘာလုပ်နိုင်းနိုင်း မလုပ်ဘူးဆိုတာ မရှိ ငြင်းတယ်ကို မရှိဘူးတဲ့။ ကိုသင်းကြိုင်ကို သူသတ်တာ သေချာလောက်ပါပြီ"ဟု ပြောလိုက်သကဲ့သို့ မျက်ရိပ်ပြလိုက်ခြင်းကို လင်းမြင့်လှိုင်တစ်ယောက် သဘောပေါက်သွားပုံရ၏။ ခေါင်းလေးညိတ်ကာ ပြုံးစိစိလုပ်နေတော့၏။

"မင်းဆင် လိမ္မာတယ်ဆိုလျှင်ဖြင့် ငါ ရေချိုးပေးကြည့်ချင်တယ်ကွာ"

ဟု ကျွန်တော်က ပြောလိုက်သည်တွင် -

"ဟာ သိပ်ရတာပေါ့. . . လာလေ. . . ရေထဲဆင်းခဲ့. . . ဘာမှ မကြောက်နဲ့ ကျွန်တော် ရှိတယ်"

သို့ကြောင့် ကျွန်တော်သည် ရေထဲဆင်းကာ ဆင်ကြီးနားကပ်၍ ဒိုင်တွင်းမှ ရေကို လက်ခုပ်ဖြင့် ခပ်ပက်ပေးလိုက်၏။ ပြီးနောက် ဆင်ကြီး၏ ကျောပြင်ဝမ်းဗိုက်အလယ် အစရှိသဖြင့် ပွတ်သပ်ပေးရင်း ဆင်ကြီး၏ ခြေအစုံကို မသိမသာ လေ့လာအကဲခတ်နေလိုက်၏။

ခြေသည်းလက်သည်းတို့ကြား တစ်စုံတစ်ရာ ကပ်ညှပ်ကျန်နေလေမလားရယ်လို့ စေ့စေ့ရှာကြည့်လိုက်၏။

လင်းမြင့်လှိုင်သည်လည်း ကျွန်တော်နှင့်အတူ ဆင်ကြီးကို ပွတ်သပ်နေရင်း လေ့လာအကဲခတ်ရှာနေတော့၏။

ဆင်သည် အတော်လိမ္မာသည့်ဆင်ပါကလား။

"မင်းဆင် အတော်လိမ္မာတာပါကလား"ဟုပြောကာ ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ရေအိုင်တွင်းမှ တက်ခဲ့ကြတော့၏။

"သဲလွန်စ ဘာဆိုဘာမျှ မတွေ့ဘူးဗျ"

စိတ်ဓာတ်ကျစွာဖြင့် လင်းမြင့်လှိုင်က ပြောလာ၏။

"အေးလေဗျာ. . . ကျွန်တော်တို့ကလည်း အချိန် အတော်နှောင်းမှလေမှ စဉ်းစားမိတာကိုးဗျ"

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် စကားတပြောပြောနှင့် လျှောက်ခဲ့ကြရာမှ ဆင်ဦးစီးလေးတစ်ယောက်သည် သူ့ဆင်နှင့်အတူ ရေချိုးဆင်းလာသည်နှင့် ဆုံလိုက်ကြ၏။

"ဟင်!"

"ကိုလင်း ဟိုဆင်က ဘာဖြစ်နေတာတုန်း"

"ဟုတ်ပါရဲ့ဗျာ"ဆိုကာ နှစ်ယောက်သား ထိုဆင်ကို သေချာကြည့်နေလိုက်ကြ၏။

ဆင်သည် ကန့်ကလျဖြင့် လျှောက်လာနေရာမှ တစ်ချက်တစ်ချက်ဆိုသလို ရှေ့ခြေသည်း မြှောက်၍မြှောက်၍ သွားကာ မြေပြင်ကို ခြေချနေသည်ကို ထူးဆန်းစွာ တွေ့လိုက်ရ၏။

ဘယ်လိုဖြစ်တာပါလိမ့်။

ထူးဆန်းသော ထိုဆင်၏စရိုက်ကို ကြည့်နေရင်းမှ တစ်စုံတစ်ရာကို သွားသတိရမိလိုက်သည်ကြောင့် -

"ဟာ. . . သိပြီ"ဟု လွှတ်ခနဲ လင်းမြင့်လှိုင်ကို ပြောလိုက်မိ၏။

"ဘာသိတာတုန်း ကိုပိုက်ရဲ့"

လင်းမြင့်လှိုင်က ကြောင်စီစီမျက်နှာပေးဖြင့် မေးလာ၏။

"နေဦး"ဟု လင်းမြင့်လှိုင်ကို တိုးတိုးပြောလိုက်ပြီး ထိုဆင်နှင့် ဆင်ဦးစီးလေးတို့ အနားရောက်လာသည်ဖြစ်၍ -

"ဟ. . . ဖိုးလှိုင်ညွန့်ပါလား"ဟု လှမ်းနှုတ်ဆက်လိုက်၏။

"ဆင် ရေချိုးပေးမလို့ ဦးကြီး"

သို့နှယ် လှိုင်ညွန့်က လှမ်းနှုတ်ဆက်သွားပြန်၏။

"မင်းဆင် လိမ္မာလား"

"သိပ်လိမ္မာတာပေါ့. . . လာလေ. . ဆင် လိုက်စီးပါလား"ဟု ပြောလာသဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို လက်ကုပ်လိုက်ပြီး -

"အေးကွ. . . မင်းဆင် စီးဖူးတယ်ရှိအောင်ကွာ" ဟု ပြောလိုက်သည်တွင် ဆင်ဦးစီးဖိုးလှိုင်ညွန့်သည် သူ့ဆင်ကို "မက်. . မက်. . မက် . . . မက်"ရယ်လို့ အသံပေးလိုက်သည်တွင် ဆင်သည် ရပ်တန့်လိုက်ပြီး နေရာမှာပင် ဝပ်တွားပေးလေတော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ဆင်ပေါ်သို့ တက်လိုက်ကြ၏။ သို့ဖြင့် ဖိုးလှိုင်ညွန့်၏ဆင်ဖြင့် ဆင်ရေချိုးဆိုင်သို့ လာခဲ့ကြပြန်၏။ လမ်းတွင် မောင်စိုးနှင့် ဆုံကြသည်။

မောင်စိုးက ကျွန်တော်တို့နှစ်ယောက်ကို လက်ပြနှုတ်ဆက်သွားသေးတော့၏။

ဆင်ရေချိုးဆိုင်သို့ ရောက်သည်တွင် လှိုင်ညွန့်နှင့်အတူ ကျွန်တော်တို့နှစ်ယောက်သည် ဆင်ကို ပွတ်သပ်ပေးနေကြ၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် အကြံသမား ဖြစ်သည်ကြောင့် ဆင် ခြေ၊ လက်တို့ကို အသေအချာ စေ့စေ့စပ်စပ် ကြည့်နေကြ၏။

သို့ ဆင်အား ပွတ်သပ်ပေးနေရာမှ ရှေ့လက် လက်သည်းခွဲကြားတွင် ပြောင်ပြောင်လက်လက် အရာလေးတစ်ခု ညှပ်နေသည်ကြောင့် ကိုလင်းကို လက်တို့၍ ပြလိုက်၏။

အသေအချာကြည့်လိုက်သည်တွင် ရွှေစလေးတစ်ခုဖြစ်နေသဖြင့် ဆွဲဖြုတ်လိုက်၏။ မရပါချေ။

"ဘာတုန်း. . . ဘာတုန်း"

ဖိုးလှိုင်ညွန့်က သို့နှယ်ပြောပြီး ကျွန်တော်တို့ ဖြုတ်မရသော ဆင်၏ လက်သည်းခွဲကြား ညှပ်နေသည့် အရာလေးကို ဖြုတ်လိုက်၏။

ဖိုးလှိုင်ညွန့်၏ ကြိုးပမ်း ဖြုတ်နေမှုကြောင့် မကြာမီ ထိုအရာလေးသည် ဆင်ကြီး၏ လက်သည်းခွဲကြားမှ ကွာထွက်လာတော့၏။

"ဟာ. . . ရွှေတုံးလေးဟ"

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ဖိုးလှိုင်ညွန့်လက်တွင်းမှ အရာလေးကို လှမ်းယူကြည့်လိုက်ကြ၏။

"ဟင်!"

အသေအချာကြည့်လိုက်သည်တွင် ရွှေခဲလေး မဟုတ်၊ ရွှေသွားလေးဖြစ်နေတော့၏။ သို့ဆိုပါလျှင် -

□ □ □ □ □

"သေချာရဲ့လား ဆရာလင်းရယ်"

ဆင်ခေါင်းကြီး ကိုခင်မောင်မြင့်က လင်းမြင့်လှိုင်ကို ကြည့်၍ အံ့ဩတကြီး မေးလာသဖြင့် -

"သိပ် သေချာတာပေါ့ ကိုခင်မောင်မြင့်ရယ်၊ ရွှေသွားမှ ရွှေသွား ပါဗျာ. . . ကိုသင်းကြိုင်ရဲ့ ရွှေသွား သေချာတယ်ဗျ"

"ဘယ်လိုကြောင့် အဲဒီလို ဖြစ်ရတာလဲ"

ကိုခင်မောင်မြင့်က သို့မေးလာတော့၏။ သည်တွင် ကျွန်တော်က -

"ဒီလိုဗျ. . . ကိုသင်းကြိုင်ကို ဆင်က နင်းသတ်တယ်ဗျာ. . . ဦးခေါင်းပိုင်းကို နင်းလိုက်တဲ့အခါ ကိုသင်းကြိုင်ရဲ့ ပါးစပ်ထဲက သွားဟာ ဆင်ကောင်ရဲ့ ခြေသည်းကြား ညှပ်ပါလာတာပေါ့"

"ဗျာ"

"မဖျာနဲ့ ကိုခင်မောင်မြင့် . . . ကျွန်တော် မေးတာကို မှန်မှန်ဖြေလျှင်ဖြင့် ကိုသင်းကြိုင်ကို သတ်တဲ့ တရားခံအစစ်ကို ဖမ်းမိမှာ သေချာတယ်ဗျာ"

"ဟုတ်ပြီလေ. . ကျွန်တော် အမှန်အတိုင်း ပြောမယ် မေးပါ"

"ဆင်ဦးစီး လှိုင်ညွန့်စီးတဲ့ဆင်ကို ဘယ်သူ စီးဖူးသေးလဲ"

ကျွန်တော်က မေးလိုက်၏။

ကိုခင်မောင်မြင့်က ခေါင်းကိုရမ်းပြပြီး -

"လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက အဲဒီကောင်မကို လှိုင်ညွန့်ပဲ စီးတာ၊ ဒီကောင်မက ဖမ်းရမိတဲ့တောဆင်ကို ယဉ်အောင်လုပ်ပြီး အလုပ်လုပ်နိုင်းတဲ့ ဆင်မလေ. . .၊ ဒါကြောင့် စိတ်မထင်လျှင် မထင်သလို လုပ်တတ်တယ်၊ နို့ပေမယ့် သူ့သခင်ဆိုလျှင်ဖြင့် သူအသေကြောက်ပဲဗျ"

"ဟုတ်ပြီလေ. . စိတ်မထင်လျှင် မထင်သလို လုပ်တတ်တယ်ဆိုတာ ဘယ်လိုမျိုးတွေလဲ"

လင်းမြင့်လှိုင်က မေးသည်။

"တခြားတော့ မဟုတ်ပါဘူး၊ သူ့သခင်ရဲ့ပစ္စည်းပစ္စယတွေကို ဆွဲရမ်း လွှင့်ပစ်တတ်တာမျိုးတို့၊ အလုပ်မလုပ်တော့ဘဲ ပေကပ်ကပ် လုပ်တာမျိုးပေါ့"

"နို့. . လူစိမ်းသူစိမ်း သူ့အနားကပ်လျှင်ဖြင့် ရန်မူတတ်လား"

ကျွန်တော့်အမေးကို အသေအချာ စဉ်းစားပြီး -

"အင်း. . အဲလိုလည်း မရှိဖူးပါဘူး. . . သခင် နိုင်းတာပဲ လုပ်တတ်ပါတယ်"

"ဟုတ်ပြီ. . ကျွန်တော် ပွင့်ပွင့်လင်းလင်း မေးတော့မယ်နော် . . . အဲဒီဆင်မကို တစ်ယောက်ယောက် အဲလေ. . . ဆင်ဦးစီးက နိုင်းမှ လုပ်တာဆိုတော့ ကိုသင်းကြိုက်ကို နင်းသတ်လိုက်စမ်းဆိုပြီး သူ့သခင်က နိုင်းလျှင် သူလုပ်မှာလား"

"ဟား. . ဟား. . ဟား. . ဟား ဆရာပိုက်ရယ်. . ကိုသင်းကြိုင်ကို နင်းသတ်လိုက်ပါလို့ ပြောလို့တော့ ဘယ်ရပါ့မလဲဗျာ. . . ဆင်ဦးစီးက နင်းနိုင်းမှ နင်းတော့မပေါ့. ."

ကျွန်တော် ပြုံးမိလိုက်တော့၏။

"ဟုတ်ပြီ. . နို့ဖြင့် ကိုသင်းကြိုင်ကို သတ်တာ ဖိုးလှိုင်ညွန့်လို့ ပြောရပြီပေါ့"

"ဗျာ"

"ဟုတ်တယ်လေ. . . ကိုသင်းကြိုင်ကို သတ်တာ လှိုင်ညွန့်ပေါ့ . . . ဘာလို့လဲဆိုတော့ ဒီဆင်က သူ့ဦးစီးနိုင်းမှ လုပ်တာဆိုတော့ လှိုင်ညွန့် နိုင်းလို့ ဆင်က နင်းသတ်လိုက်တာပေါ့"

"ကဲ. . . ကိုခင်မောင်မြင့်ရေ. . . မယုံမရှိလေနဲ့. . ကိုသင်းကြိုင်ကို သတ်တဲ့လူကို သိပြီဆိုတော့. . ."

"ဘာမှ လုပ်စရာမလိုပါဘူး ကျုပ် ဝန်ခံပါတယ်၊ ဦးလေးသင်းကြိုင်ကို သတ်တာ ကျုပ်ပဲဗျ. . . ဘာလို့ သတ်ရသလဲဆိုတော့. ."

❑ ❑ ❑ ❑ ❑

ဖိုးလှိုင်ညွှန့်သည် သာယာဝတီနယ်သားဖြစ်၏၊ သူ၏ ဖခင်ဖြစ်သူသည်လည်း ဆင်ဦးစီးတစ်ယောက်ဖြစ်ချေ၏၊ အမေသည် သူငယ်ငယ်ကတည်းက သေဆုံးခဲ့ပြီးဖြစ်၍ အဖေတစ်ခု သားတစ်ခု နေလာရသူဖြစ်၏၊

အဖေ့လက်ကိုဆွဲ၍ အဖေ ယိမ်းလျှင်ယိမ်း၊ အဖေ ယိုင်လျှင်ယိုင် တကောက်ကောက် လျှောက်လိုက်ခဲ့သည်မှ ယခု ဆင်ဦးစီးလေးဘဝပင် ရောက်ခဲ့ပြီဖြစ်၏၊

အဖေကား သူကြိုက်နှစ်သက်သော အရက် သတ်၍ သေခဲ့ရချေပြီ၊

ဩော်. . . အဖေ. . . သောက်တာ သောက်တာပေါ့. . ဘယ်သွားသွား သူ့ကို လက်ဆွဲခေါ်သွားတတ်၏၊

မူးပြီး အိပ်နေရာမှ တစ်ရေးနိုးသည်တွင် သူ့အား တမ်းတမ်းတတဖြစ်တတ်၏၊ သူ့ကိုမတွေ့လျှင် ပူရချေပြီ၊ ဒီလိုတော့လည်း သူ့ကို

တွယ်တာတတ်သားပေပဲ။

ဆင်နှင့် လုပ်ငန်းဝင်လျှင် သူ့ကို အပါခေါ်သွားတတ်၏။

“မင်းနယ်ကွာ. . . ကလေးကို ငါတို့နဲ့ ပါသွားခွဲစမ်းပါ၊ ကောင်းကောင်း စောင့်ရှောက်ထားပါ့မယ်. . .”

ဆင်ပိုင်ကြီးက သို့ပြောလာလျှင် -

“ကျုပ်သားလေးကို ခေါ်မသွားရလျှင်ဖြင့် ကျုပ် ဒီအလုပ်က ထွက်မယ်ဗျာ”ဟု ပြောတတ်၏။

တကယ်တော့ သူ့အဖေသည် ဆင်ဦးစီးကောင်းတစ်ယောက် ဖြစ်သည်၊ သူစီးသောဆင်ကို ဘယ်သူမှ မစီးဝံ့ပါချေ၊ ဘယ်သူမှ နိုင်း၍ မရပါချေ၊ သူမှသူဖြစ်၏၊ တောဆင်ရိုင်းကို ဖမ်းဆီး၍ ယဉ်အောင် လုပ်ကာ နိုင်းဆင်အဖြစ် လုပ်နိုင်းခြင်းဖြစ်၏၊ ထိုဆင်သည် အခြားဆင်တို့နှင့် မတူ၊ တစ်နေ့လုပ်အားကိုလည်း သူတစ်ကောင်တည်း လုပ်တာသည် အခြားဆင်နှစ်ကောင် လုပ်သည်နှင့် ညီမျှ၏၊ သို့ကြောင့် ထိုဆင်ကို ပိုင်ရှင်က လက်မလွှတ်ချင်၊ ထိုဆင်ကို လက်မလွှတ်ချင်ဆိုတော့ ဆင်ဦးစီးကိုလည်း လက်လွှတ်၍ ဘယ်ရပါ့မလဲ၊ သို့ကြောင့် မင်းသဘောပေါ့။

အဲလောက် သားကို ချစ်တာ၊ သားဖြစ်သူကလည်း ဖခင်နောက် တကောက်ကောက် လိုက်ရသည်ကို ကျေနပ်နေ၏၊ ပီတိဖြစ်နေ၏၊

“မင်းသားကို ကျောင်းထားဦး”

ပညာရေးကိစ္စဆိုတော့လည်း ဒီကိစ္စမျိုးကိုတော့ဖြင့် သူ့ဘက်က လိုက်လျောပေးလေ၏၊

ရေးတတ်၊ ဖတ်တတ်သည်တွင် အရွယ်လေးကလည်း ရလာသည့်သားကို အတတ်ပညာတစ်ခုက သူ့ရှေ့ရေးအတွက် အဖြစ်မနေ လိုအပ်လိမ့်မည်ဆိုကာ ကျောင်းမှနုတ်၍ သူ့ဆင်နောက် လိုက်စေတော့၏၊ ဆင်ပဲ့ချိတ်လုပ်နိုင်းသည်ပေါ့၊ ပြီးတော့ ဆင်စီးစေသည်ပေါ့၊ တစ်ခု

ကောင်းသည်မှာ တောဆင်ရိုင်းနှင့် သား တရင်းတနှီးနေရခြင်း၊ နေစေခြင်းကြောင့် အခြားဆင်ပဲ့ချိတ်တွေလို မဟုတ်၊ ဆင်ဦးစီးတွေလို မဟုတ်၊ သူက သာလွန်ပေတော့၏၊ ဖအေကိုယ်နှိုက်က ဆင်ဦးစီးကောင်းဖြစ်သည်၊ သူသည်လည်း ဆင်ဦးစီးကောင်းတစ်ယောက် ဖြစ်လာလေတော့၏၊

သူ့အဖေ ခြေရာနင်းသူဟု ဆိုရမည်ပင်၊ သို့ပေမယ့် သူ့အဖေလိုတော့ အရက်ကို တန်ဖိုးမဲ့ သောက်တတ်သူတော့ဖြင့် မဟုတ်ချေ၊ သောက်တော့ သောက်သည်ပေါ့၊ အနည်းအကျဉ်းဖြစ်သည်၊ နာမည်ပျက်ရှုဖြစ်သည်၊

မြွေ အလမ္ပာယ်ဆရာသည် မြွေကိုက် သေရသလို သူ့အဖေ ဆင်ဦးစီးသည် ဆင်နင်းခံရ၍ပင် သေသွားရခြင်း ဖြစ်ပေသည်၊

တစ်နေ့ မူးမူးနှင့် လုပ်ငန်းခွင်တွင် လုပ်ကိုင်နေရင်း ဆင်ပေါ်မှ ပြုတ်ကျကာ ဆင်နင်းမိသဖြင့် သေသွားရခြင်းဖြစ်တော့၏၊

"ဖိုးလှိုင်ညွန့်ရယ်. . . နင် ဆင်မစီးပါနဲ့တော့၊ နင့်အဖေကိုသာကြည့်. . . ဆင်နင်းခံရလို့ပဲ သေသွားတယ် မဟုတ်လား"

သို့ ဆွေမျိုးတစ်သိုက်က ဝိုင်းဝန်းတားကြ၏၊

"ငါတို့ ကျွေးထားမယ်"

သူ ခေါင်းခါတွင်တွင် ငြင်းခဲ့သည်၊

သူ့အဖေ စီးခဲ့သည့် ဆင်ကိုပင် သူ ဆက်စီးခဲ့ပေတော့သည်၊ သူမှ မစီးလျှင်လည်း မည်သူမျှ စီးဝံ့သူမရှိချေ၊

ဗီကောင်ကြီးက မထင်လျှင် မထင်သလို လုပ်တတ်သည်ကြောင့် သတိတော့ ထားရပေ၏၊

"ငါ့သား မှတ်ထားကွ. . . ဆင်ဆိုးက နိုင်းလို့တော့ အကောင်းသားကွ. . . နိုက်မောင်း ပုတ်မောင်း ဘယ်တော့မှ မလုပ်နဲ့. . . ချော့မော့သာနိုင်း. . . သတ္တဝါမှန်သမျှ အချော့ကြိုက်တာချည်းပဲကွ"

သို့ သူသိထားသည့်ကြောင့်လည်း ချော့မော့နိုင်းခဲ့လေ၏။

"ဟူး. . . တော်ပါသေးရဲ့. . . မင်းရှိပေလို့"

ဆင်ပိုင်ကြီးက ကျေနပ်ပီတိဖြစ်နေ ဘော့၏။

သို့ပေမယ့် တစ်နေ့ ဗိုးလှိုင်ညွန့်တစ်ယောက် ဒုက္ခတွေ့ရလေတော့၏။

"ဝူး. . ." "ဝူး. . ."

"ဝူး"

သူ့ဆင်နှင့်သူ ပေါင်းလောင်းချောင်း နံဘေးမှ လျှောက်လာသည်တွင် မမျှော်လင့်ဘဲ-

"ခွီးစ်"

"ခွီးစ်"

ကျားသစ်တစ်ကောင်သည် ဆင်စီးလာသော သူ့ကိုယ်ပေါ် ကျရောက်လာသဖြင့် လန့်ဖျတ်သွားသည်တွင် သူသည် ဆင်အောက်သို့ ပြုတ်ကျရလေတော့၏။

"ဘုတ်"

"ခွီးစ်"

ကျားသစ်ကောင်သည် သူ့အား အလွတ်မပေး။ ဘယ်တွက်မှ သူ့လက်ထဲတွင် တောကြက်သေတစ်ကောင် ပါလာသောကြောင့် ဖြစ်၏။

ထိုတောကြက်သေကို အသာငမ်းငမ်း ကျားသစ်ကောင်က ဝင်ဆွဲလေခြင်းဖြစ်တော့၏။

သူသည်လည်း လက်မှ တင်းတင်းဆုပ်ကိုင်ထား၏။ ကျားသစ်နှင့်လူ မြေပြင်တွင် လုံးထွေးနေတော့၏။

သူတစ်ပြန်. . . ကိုယ်တစ်ပြန်။

ထိုစဉ် -

'ဒိုးစ်'ရယ်လို့ ကျားသစ်ကောင်သည် စူးစူးဝါးဝါး အော်မြည် လိုက်ရင်း ထိုတိုက်ပွဲအတွင်းမှ ပြေးလွှားထွက်သွားလေတော့၏။ ထိုကျား သစ်ကောင်၏ ဝမ်းဗိုက်တွင် မြားတံတစ်ချောင်း စူးနစ်ဝင်ပါသွားတော့ ၏။

သူ့အသက် ဘယ်သူ ကယ်လိုက်တာပါလိမ့်။

ရရှိထားသော ဒဏ်ရာများကြားမှ အားယူလှမ်းကြည့်လိုက်၏။

"ဟင်!"

ဆင်ဦးစီး မောင်စိုးဖြစ်သည်၊ သူ့အသက်ကို ဝင်ကယ်သူပေပဲ။

"ကျေးဇူးတင်တယ်ကွာ"

မောင်စိုးက ဘာမှ မပြော၊ သူ့ကိုသာ ပြုံးပြလာ၏။

ပြီးနောက် သူ့ကို ကြင်နာစွာ ဖေးမတွဲကာ ဆင်စခန်းသို့ ပြန် ခေါ်ခဲ့တော့၏။

ကျားသစ်ကောင် ကုတ်ခြစ်ဒဏ်ရာတွေကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလေသဖြင့် အိပ်ရာထက်တွင်သာ လှဲနေရသဖြင့် ဘာမျှ မလုပ်နိုင်၊ မကိုင်နိုင်။ သည်တော့ မောင်စိုးသည် သူ့အား အစစ အရာ ရာ ကူညီပေးလေတော့၏။

ယခုမှ သိရ ခင်ရသော်ငြား ငယ်ပေါင်းတွေလို သံယောဇဉ် ဖြစ်သွားတော့သည်။

မောင်စိုးသည် သူတို့ဆင်စခန်းသို့ ပြောင်းလာသည်မှာ မကြာ လှသေးချေ။

စကားနည်းသော ဖိုးလှိုင်ညွန့်နှင့် မောင်စိုးသည် တပူးတွဲတွဲဖြစ် သည်၊ စခန်းရှိ လူများက ဖိုးလှိုင်ညွန့်ကို အံ့ဩနေကြ၏။

သူသည် စကားနည်းရုံမက၊ အနေအေး၏၊ တစ်ယောက်တည်း နေထိုင်သွားလာတတ်၏။

သူ့အသက် ကယ်တင်ရှင် မောင်စိုး သွားလေရာ နောက်မှ

တကောက်ကောက် လိုက်ပါလေခြင်းလားရယ်လို့ လူအများက တွက်ဆကြည့်ကြ၏။

ဖိုးလှိုင်ညွှန့်သည်ကား သူသည် တစ်ယောက်တည်း အထီးကျန်နေခဲ့သည်မှာ သူ့အဖေဆုံးပြီးကတည်းက ဖြစ်၏။ သို့ သူလောကကြီးထဲတွင် အဖော်မဲ့တစ်ကိုယ်တည်း နေခဲ့ခြင်းကြောင့် ယခုလို ဒုက္ခဘေးနှင့် ကြုံခဲ့ရခြင်းဖြစ်သည်ဟု တွက်ကာ သူ့အသက်သခင် ကျေးဇူးရှင် မောင်စိုးကို အားကိုးတကြီး ခင်တွယ်နေသွားခြင်းဖြစ်တော့၏။

မောင်စိုးသည်လည်း တစ်ကောင်ကြွက် ဖြစ်သည်ကြောင့် သူ့အား ပြန်လည်ခင်တွယ်သွားပေ၏။

"ဖိုးလှိုင်ညွှန့်. . . ရော့ သောက်လေကွာ"

မောင်စိုးသည် အရက်ကြိုက်သူဖြစ်၏။ ဖိုးလှိုင်ညွှန့်သည် ယခင်ကတည်းက အရက်ကို သိပ်သောက်တတ်သူ မဟုတ်ပေမယ့် သူ့ကျေးဇူးရှင်က တိုက်လျှင် တိုက်သလောက် သောက်လေတော့၏။

"ဖိုးလှိုင်ညွှန့်ရေ. . . ငါတို့ ညဘက် ငှက်သွားပစ်ကြမယ်။ အပြန်လမ်းမှာ ငှက်အိပ်တန်းတစ်ခု တွေ့ခဲ့တယ်ကွ"ဆိုလာလျှင်လည်း ညဘက်တွင် ထိုငှက် အိပ်တန်းရှိရာသို့ နှစ်ယောက်သား သွားကြကာ ငှက်ပစ်ကြလေ့ရှိ၏။

"ငါ့အလုပ်လေး နည်းနည်းကူပါဦးကွာ"ရယ်လို့ မောင်စိုးတစ်ယောက် နေထိုင်မကောင်းလေသည့်အခါ အကူအညီတောင်းလေလျှင်လည်း -

"စိတ်ချပါ ကိုစိုးရယ်. . . ကိုစိုးသာ ကျန်းမာအောင်နေ၊ ဒီအလုပ်တွေအားလုံး ကျွန်တော်တာဝန်ထားစမ်းပါ"

"ကိုစိုး. . နားပါဦးဗျာ. . ရပါတယ်. . . ကျွန်တော် ဆက်လုပ်ပေးထားပါ့မယ်"

သို့နှယ် အားတက်သရော စိတ်ပါလက်ပါ ဆုံးခန်းတိုင်သည့်

နှယ် ကူညီပေးတတ်၏။

သို့ဆိုသလို. . . ဖိုးလှိုင်ညွန့်နှင့် ပတ်သက်၍လည်း မောင်စိုးက မည်သည့်ကိစ္စမျိုးမဆို ကူညီပေးတတ်၏။

သို့ပြား ဖိုးလှိုင်ညွန့်၏ စကားနည်းခြင်းသည်ကတော့ လုံးဝ ပြောင်းလဲသွားခြင်း မရှိပါချေ။

မောင်စိုးသည်လည်း ဖိုးလှိုင်ညွန့်ကို မည်မျှ ချစ်ခင်တွယ်တာ ပါသနည်းဆိုပါလျှင် သူ၏ ကိုယ်ရေးကိုယ်တာကိစ္စမှန်သမျှ မကွယ်မဝှက် ဖွင့်ဟတိုင်ပင်ပါတော့၏။

"ဘာရယ်. . . ကိုစိုး. . စောဒေးဗစ် ခယ်မလေးကို သဘောကျ နေတယ် ဟုတ်လား. . . ကျွန်တော် ဘာလုပ်ပေးရမလဲ"

"ဘာမှ လုပ်ပေးစရာ မလိုပါဘူး၊ မင်းကို ငါ သိရအောင် ပြော တာပါ၊ ငါနဲ့ ဒေးဗစ် ခယ်မလေးက အရတော်လေးတောင် အဆင်ပြေ နေပြီ"

သို့ စကားကြားရသည်တွင် ဖိုးလှိုင်ညွန့်တစ်ယောက် မျက်နှာ တစ်ချက်ပျက်သွားတော့၏။ သို့ပေမယ့် ကပျာကယာ အပြုံးတစ်ခု ဖန် တီးလိုက်ပြီး -

"နေနဲ့လ ရွှေနဲ့မြပါပဲ ကိုစိုးရယ်"ဟု ပြောလိုက်တော့၏။

တကယ်တော့ ဖိုးလှိုင်ညွန့်သည် ဒေးဗစ်၏ ခယ်မလေး ရှယ် လီထွန်းကို တစ်ဖက်သတ် ချစ်နေမိသူဖြစ်၏။ အုံ့ပုန်းချစ်. . . တစ်ဖက် သတ်ကြိတ်ပုန်းချစ် နေရသည်မှာ ကြာပြီဖြစ်၏။

မောင်စိုးပြောလာသည့် စကားက သူ့အသည်းနှလုံးကို အပ်နှင့် ဆွလိုက်သလို ဖြစ်တော့၏။

ထိုနေ့တွင် ဖိုးလှိုင်ညွန့်တစ်ယောက် ကြိတ်ကာ ငိုရှိုက်မိတော့ ၏။ တစ်ယောက်တည်း ကြိတ်၍ အရက်သောက် မူးကာ အိပ်လိုက်လေ တော့၏။

နောက်တစ်နေ့ နံနက်တွင် ဖိုးလှိုင်ညွှန့်သည် နေမကောင်းဟု အကြောင်းပြကာ အိပ်ရာထဲ ခွေနေလေတော့၏။

"ဟာ. . . ဖိုးလှိုင်ညွှန့် နေထိုင်မကောင်းဖြစ်နေလား၊ အဲလိုဆို လုပ်ငန်းခွင်ထဲ လိုက်မလာနဲ့ မင်းအလုပ်တွေ ငါလုပ်ခဲ့မယ်"

မောင်စိုးက သို့နှုယ်ပြောပြီး ဖိုးလှိုင်ညွှန့်ကို နားနေစေ၏။

ဆင်လုပ်သားများ လုပ်ငန်းခွင်သို့ အားလုံး ဝင်သွားကြသည်တွင် ဖိုးလှိုင်ညွှန့်တစ်ယောက် စောဒေးဖစ်တဲသို့ သွားလေ၏။

"ရှယ်လီ. . . ရှယ်လီ"

စောဒေးဖစ်၏ခယ်မ ရှယ်လီထွန်းသည် 'ဘယ်သူလဲ'ဟု ဆိုကာ တဲပြင်သို့ ထွက်ကြည့်ရာတွင် ဖိုးလှိုင်ညွှန့်ကို တွေ့လေသည်တွင် -

"ဟဲ့. . . လှိုင်ညွှန့် လာလေ၊ တဲပေါ်တက်ခဲ့လေ. . . ဘာကိစ္စရှိလဲ၊ ငါ အစ်မကို ဆေးတိုက်နေလို့ ခဏလေး ထိုင်စောင့်နော်"ဆိုကာ တဲအတွင်း ပြန်ဝင်သွားသည်ကြောင့် ဖိုးလှိုင်ညွှန့်သည် တဲပေါ်တက်ကာ လေသာဆောင် ကပြင်တွင် တက်ထိုင်နေလိုက်တော့၏။

သူသည် သို့ထိုင်နေရင်း သူလာရခြင်းကိစ္စကို ရှယ်လီထွန်းအား ပြောသင့်မပြောသင့် စဉ်းစားနေလိုက်၏။

"ဟဲ့. . . လှိုင်ညွှန့် နင်နေမကောင်းဘူးဆို ဘာလို့ အပြင်ထွက်ရတာလဲ၊ ငါ့ကိုတောင် ကိုစိုးက မှာသွားသေးတယ်"

"ဘာမှာသွားလဲ. . . ဘာမှာသွားလဲ"

အလောတကြီး မေးလိုက်၏။

"နင် ဖျားနာပြီး အိပ်ရာထဲက မထနိုင် ဖြစ်နေလျှင်ဖြင့် ငါ့ကို ဆေးသွားတိုက်ဖို့ မှာခဲ့တာပေါ့. . . နင့်ကို ကိုစိုးက အတော်လေး ခင်ပုံရတယ်ဟဲ့. . ."

"ကိုစိုးက စိတ်ရင်းကောင်းပါတယ်. . . ငါ့ကိုမှ မဟုတ်ပါဘူး၊ လူတိုင်းအပေါ်မှာ စေတနာထား ကူညီပါတယ်. . . အထူးသဖြင့် နင့်ကို

ပိုပြီး ဂရုစိုက်တာ မဟုတ်လား"

မချိုပြုံးလေး ပြုံး၍ ပြောလိုက်ရင်း ရှယ်လီထွန်း၏ မျက်နှာကို အသေအချာ ကြည့်လိုက်၏။

ရှယ်လီထွန်းတစ်ယောက် ရှက်သွေးဖြာသွားသည်ကို သတိပြုမိလိုက်၏။

သူ တွက်ထားသည်မှာ မှန်လောက်ပြီဟု လက်ခံလိုက်၏။

သို့ကြောင့် -

"ငါလေ. . . ငါ နင့်ကို စကားတစ်ခွန်း ပြောချင်တယ်"ဟု ဆိုနင့်စွာ ပြောလိုက်၏။ ရှယ်လီထွန်းတစ်ယောက် သူ၏ မျက်စိပျက်၊ မျက်နှာပျက် ဆို့နင့်ကြေကွဲသံဖြင့် ပြောလာသည်ကြောင့် မျက်လုံးလေး အဝိုင်းသားဖြစ်သွားရတော့၏။ ပြီးလေမှ -

"ပြောလေဟယ်. . . တစ်ခွန်းမက ပြောလို့လည်း ရတယ်. . . အစ်မဆေးသောက်ပြီး အိပ်ပျော်သွားပြန်ပြီ"

"ဟိုလေ. . ဟို. . ဟို. . ငါပြောမယ့် စကားက နင့်အတွက်"

"ဘာရယ်. . . ငါ့အတွက် ဟုတ်လား. . . ခစ်"

ရှယ်လီထွန်း သဘောကျသွားတော့၏။

"ကဲ. . ပြော"

"နင့်ကိုလေ. . . ကိုစိုးက ချစ်နေလို့တဲ့"

"ဟယ်"

မမျှော်လင့်သော စကား ကြားလိုက်သည်ကြောင့် ရှယ်လီထွန်းတစ်ယောက် ထိတ်လန့်အံ့ဩသွားတော့၏။

"ဘာလဲ. . . နင့်ကို သူက ပြောခိုင်းတာလား"

ရှယ်လီထွန်းတစ်ယောက် ဒေါသသံလေးဖြင့် ပြောလာသဖြင့် နိုးလှိုင်ညွန့်သည် ကပျာကသီ လက်ကာပြကာ -

"မဟုတ်ဘူး. . . မဟုတ်ဘူး. . ငါ့သဘောနဲ့ငါ လာပြောတာပါ

ဟယ်. . နင့် သူ့ကို သွားပြန်မပြောပါနဲ့. . . ငါ့ကို သူ စိတ်ဆိုးသွားပါဦး မယ်"

ဖိုးလှိုင်ညွန့်၏ စိုးရိမ်ထိတ်လန့်ဖြစ်နေဟန်ကိုကြည့်ပြီး ရှယ်လီ ထွန်းတစ်ယောက် စိတ်မဆိုးနိုင်တော့ပါ။ သို့ပေမယ့် ကြိတ်၍တော့ဖြင့် ရယ်မိသေးတော့၏။ ပြီးလေမှ -

"ကဲပါ. . . အောင်သွယ်တော်ကြီး. . နင့်ကို ငါ စိတ်မဆိုးပါ ဘူး။ နင်ပြောချင်တာ ပြောပြီးပြီပဲ. . ပြန်တော့၊ ငါ ထမင်းဟင်း ချက်ရ ဦးမယ်။ ဪ. . ဟုတ်ပြီ နင့်တွက် ငါ ဆန်ပြုတ်လုပ်ပေးရမလား"

"ရပါတယ်ဟာ. . . "

သို့ဆိုကာ ဖိုးလှိုင်ညွန့်တစ်ယောက် ရှယ်လီထွန်းတို့ တဲပေါ်မှ ဆင်းသွားလေတော့၏။

ရှယ်လီထွန်းတစ်ယောက် ဖိုးလှိုင်ညွန့်၏ ကျောပြင်ကို ကြည့် နေရင်း -

"သေနာကောင်. . . သတ္တိလည်း မရှိဘူး။ လူကြုံနဲ့ ပြောရတယ် လို့. . . ပွန်း မုန်းလိုက်တာ" ဟု တီးတိုးရေရွတ်ကာ တဲအိမ်တွင်း လှည့် ဝင်သွားတော့၏။ သူမ၏ မျက်နှာပေးသည် ဆုအောင့်အောင့်၊ ခြေဆောင့် ကာ ဝင်သွားမိသည်ဖြစ်၍ -

"ညီမလေးရယ်. . . ဖြည်းဖြည်းလျှောက်စမ်းပါ၊ ကြမ်းပြင်က လှုပ်တော့ အစ်မ ခေါင်းပိုကိုက်လို့ပါ"

"ဟယ်တော့. . . ဘွာတေး ဘွာတေး၊ ညီမလေး တောင်းပန် ပါတယ် အစ်မရယ်. . . ကဲ. . . ကဲ. . နို့ဆန်ပြုတ်လေး သောက်လိုက်ဦး နော်"

ဟုဆိုကာ အစ်မဖြစ်သူ လှမမာအား ဆွဲမ,ထူ၍ အစာခွံ့ကျွေး လေတော့၏။

ထိုနေ့ညနေပိုင်းတွင် သူမသည် ဆင်လုပ်သားများ ပြန်လာကြ

သည်ကို ထွက်မျှော်ကြည့်မိ၏။

သူပြန်လာသူတို့ကို ကြည့်နေသည်မှ တစ်စုံတစ်ဦးကို မျှော်လင့်ကြည့်နေခြင်းဖြစ်၏။

"ဟော. . . သူပြန်လာပြီ"

သူမကို ကြိုက်နေ၊ ချစ်နေမိပြီဆိုတဲ့ မောင်စိုးကို ဖြစ်၏။

သူမကို တွေ့လိုက်သည်ဖြစ်၍ မောင်စိုးသည် ပြုံးပြလေ၏။ သူမ ရင်ဖိုသွားမိတော့၏။

"သွား. . . လူဆိုး. . . ကိုယ်တိုင်လည်း ဖွင့်ပြောမလာဘဲနဲ့"

ပြုံးစစမျက်နှာပေးဖြင့် တိုးတိုးရေရွတ်လိုက်ခြင်းဖြစ်သည်။

ညဘက်တွင် မောင်စိုးတို့နှစ်ယောက် လာလေဦးမည် ထင်၍ မျှော်နေမိသေးတော့၏။

ညဘက်ဆိုလျှင် လှိုင်ညွှန့်နှင့် မောင်စိုး လာတတ်၏။ အစ်ကိုဖြစ်သူ (ခဲတို)ဒေးဗစ်နှင့် အရက်သောက်ကြဖို့သော်လည်းကောင်း၊ သူမနှင့် စကားပြောဖို့သော်လည်းကောင်း လာကြခြင်းဖြစ်၏။

ယနေ့ည 'သူမ' မျှော်နေမိပြန်တော့ ရောက်မလာကြပါကလား။

ထိုည သူမ အိပ်မပျော်လေတော့ပါ။

သူမ မျှော်နေသော မောင်စိုးတစ်ယောက် နောက်နေ့ ညနေတွင် ရောက်လာပေတော့၏။ ဖိုးလှိုင်ညွှန့်တော့ဖြင့် ပါမလာချေ။

"ကိုလူဆိုး"

"ဗျာ"

မောင်စိုး အံ့ဩသွား၏။ ဘယ့်တွက် သူ့ကို ရှယ်လိက ကိုလူဆိုးရယ်လို့ ခေါ်လိုက်ပါလိမ့်။

"ရှင်ဟာ အင်မတန် သတ္တိနည်းတာပါကလား"

"ဗျာ"

ဒုတိယအကြိမ် 'ဗျာ'မိပြန်၏။

"မဟုတ်တာဗျာ. . ကျားနဲ့ တိုက်ရမလား၊ ဆင်နဲ့ တိုက်ရမလား တိုက်ရဲတယ်၊ ခိုက်ရဲတယ်. . . ယောကျ်ားပါဗျာ. . ."

"ခစ်. . ခစ်. . ခစ်"

"ဟင်! ဘာကြောင့် သဘောကျ ရယ်နေရပြန်တုန်း"

တကယ်လည်း မောင်စိုး မသိပါ. . ယနေ့ ဘာကြောင့် ရှယ်လီ ထွန်း သို့ဖြစ်နေရပါသနည်း။

"သွားစမ်းပါ၊ မသိယောင်ဆောင် မနေစမ်းပါနဲ့၊ ရှင်ဟာလေ ကျားတွေ ဆင်တွေနဲ့ အပြိုင်အဆိုင် တိုက်ခိုက်သတ်ပုတ်ဝံ့တယ်ဆိုပေ မယ့် မိန်းမသားတစ်ယောက်ကိုတော့ဖြင့် ရင်မဆိုင်ဝံ့လို့ ပြောချင်တဲ့ စကားတောင် တစ်ဆင့်ပြောခိုင်းရတယ်လို့ရှင်. . . ကဲပါလေ. . ကျွန်မ နားလည်ပေးပါ့မယ် ကဲ. . ပြော ခုပြော"

"အလိုလေးဗျာ"

သူ ဘာမှ မသိပါကလား၊ ဘာတွေ ပြောနေပါလိမ့်

"ရှယ်လီရယ်. . . နင် ဘာတွေ ပြောနေတာလဲ. . . ငါ ဘာမှ နားမလည်ဘူး"

သို့ ပြောလိုက်လေတော့မှ ရှယ်လီထွန်း တွေဝေသွားတော့၏။ အယ်. . . ဟုတ်ပါရဲ့၊ မနေ့က ဖိုးလှိုင်ညွန့် ပြောသွားတာပဲ၊ သူ့သဘောနဲ့ သူ လာပြောတယ် ဆိုတာ ဟုတ်နေပြီပေါ့. . . ကိုစိုး ဒီကိစ္စ ဘာမှမသိတာ သေချာပြီပေါ့. . . နို့ပေမယ့် သူ့ရင်ထဲမှာ သူမ တကယ်ရှိနေ မနေတော့ ဖြင့် သိချင်ပေ၏။ သို့ကြောင့်-

"ကိုစိုး"

"ဟင်"

"ရှင့်မယ် ရည်းစား မရှိဘူးလား"

"ဗျာ"

"မဖျာနဲ့. . . မှန်မှန်ပြောပါ"

"မရှိပါဘူးတဲ့ဗျာ"

"နို့ဖြင့် ရည်ရွယ်ထားသူကော"

သို့သာ မေးလိုက်ရသည်၊ ရှယ်လီထွန်းတစ်ယောက် မျက်နှာကြီး ရဲသွားမိ၏၊

သူမက သို့ဖြစ်သွားပေမယ့် မောင်စိုးကတော့ဖြင့် ရင်ခုန်သွားရတော့၏၊ သူ ဘာပြောရမည်ကို သတိရသွားတော့၏၊

"ရည်ရွယ်ထားတဲ့သူ. . . ဟာ. . . ရှိတာပေါ့. . . သိပ်ရှိတာပေါ့ဗျာ"

"ကဲ. . . ပြောစမ်း. . . ဘယ်သူလဲ"

ပြုံးစိစိလုပ်ကာ မေးလိုက်ပြန်၏၊

"ဘယ်သူဆိုတာ သိလျှင်ဖြင့် ကြားကနေ အောင်သွယ်ပေးမလို့ပါရှင်"

"တကယ်ပြောတာလား"

"အော်. . . ကျေးကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လား မေးနေပြန်ပြီ"

"ရှယ်လီထွန်း"

"ရှင်"

"ငါ နင့်ကို ခေါ်တာ မဟုတ်ဘူး"

"ဟင်. . . ရှင်ပဲ ကျွန်မကို စောစောက ရှယ်လီထွန်းလို့ ခေါ်လိုက်တယ် မဟုတ်လား"

"ဇကွပါပဲဗျာ. . . နင်ပဲ ငါ ရည်ရွယ်ထားတဲ့ သူကိုပြော ဆိုလို့ ပြောလိုက်တာလေဟယ်"

"ဟောတော့. . ."

သူမ မျက်လုံးလေး ဝိုင်းသွားကာ ဇုံပြသွားတော့၏၊

"ရှင် ကျွန်မကို မနှောက်ပါနဲ့ ရှင်"

"ငါ နင့်ကို ဘယ်တုန်းက နှောက်ပြောင်ဖူးလို့လဲ"

"ဒါလည်း ဟုတ်တာပဲ" ဆိုကာ သူမသည် ရှက်ကိုးရှက်ကန်း ဟန်ဖြင့်-

"ကျွန်မ သိပြီးပါပြီတဲ့ ရှင်"ဟု ပြောလိုက်သည်ကြောင့် မောင်စိုး တစ်ယောက် အံ့အားသင့်သွားမိတော့၏။

သူ ရင်တွင်းသာ ထိန်ဝှက်ထားသည်မှာ ကြာပြီဖြစ်ငြား သူမကို အရိပ်အမြွက်ပင် မပြောမိ၊ မပြမိ၊ ဘယ့်တွက် သူမ သိနေပါလိမ့်။ သူ့ အနေဖြင့် သူမ စိတ်ဆိုးသွားလျှင် အခင်အမင်ပျက်၊ နောင်တွင်လည်း မိတ်ဆွေရင်းချာ ဘဝပင်ပျက်သွားမည် စိုးရိမ်သဖြင့် ရင်မှာသာ ကြိတ်မှိတ် ခံစားနေရခြင်း ဖြစ်၏။ ခုတော့ မထင်မှတ်ဘဲ သို့နှယ် ဖြစ်လာရပါလိမ့်။ သူ ဝမ်းသာသွားမိသည်မှာ အမှန်။

"ငါ ရည်ရွယ်ထားသူတော့ နင်သိပြီ၊ နင့်စကားနဲ့ နင်နော်! နင် အောင်သွယ်ပေးပေတော့"

"ကျွန်မ လုပ်မပေးနိုင်ဘူး"

"ဟင်! နင် ဘယ်လို ပြောလိုက်တယ်"

"ဟုတ်တယ် ကျွန်မ လုပ်ပေးစရာလည်း မလိုတော့လို့"

"ဘာလို့ မလိုတော့မှာလဲ. . . ခုမှ နင့်ကို ပြောပြတာ၊ ငါ ဘယ်သူ့ကိုမှ ပြောတာ မဟုတ်ဘူး"

"ရှင်ကသာ ဘယ်သူမှ မပြောဘူးသာ ဆိုတယ်. . . ရှင့်တွက် အောင်သွယ်တော် ရောက်လာပါပြီ ရှင်"

"ဗျာ"

မောင်စိုး လုံးဝ အံ့ဩသွားတော့၏။

ရှယ်လီထွန်း ပြောပြလာလေတော့မှ ဖိုးလှိုင်ညွန့် လာရောက် ပြောဆိုပြီးကြောင်း သိလိုက်ရတော့၏။

အော်. . . လှိုင်ညွှန့်တစ်ယောက် သူ့အပေါ် ကောင်းလှချည် ကလား။

"ဟုတ်ပြီလေ. . . အောင်သွယ် လာပြောသွားပြီဆိုတော့ အောင်သွယ်ကနေတစ်ဆင့် လုပ်မှနေပါနဲ့တော့. . . ပြောလေ"

"ဟင့်အင်း. . . မပြောဘူး၊ အောင်သွယ်ကနေ တစ်ဆင့်ပဲ ပြန်ပြောမယ်"ဆိုကာ ရှယ်လီထွန်းသည် မူလိုက်ပြီး တဲအတွင်း ပြန်ဝင်ခဲ့ လေသဖြင့် မောင်စိုးသည်လည်း သူမတို့ တဲပေါ်မှ ပြန်ဆင်းခဲ့ကာ ဖိုးလှိုင်ညွှန့် တဲသို့ ခြေဦး လှည့်လိုက်လေတော့သည်။

"ဖိုးလှိုင်ညွှန့် . . . ဖိုးလှိုင်ညွှန့်"

တဲတွင်း ဝင်သွားလိုက်ပြီး အိပ်နေသည့် ဖိုးလှိုင်ညွှန့်၏ နဖူးကို စမ်းလိုက်၏။ သူ ထင်ထားသလို ခြစ်ခြစ်တောက် ပူနေခြင်း အလျဉ်းမရှိ၊ အေးစက်လို့ နေပါကလား၊ အိပ်ပါစေလေ ဆိုပြီး-

နံဘေးတွင် ထိုင်လိုက်ပြီး. . . စားပွဲပေါ်မှ အရက်ပုလင်းကို ယူ၍ ဖန်ခွက်တွင်း ငှဲ့ထည့်သောက်လိုက်၏။

"ဝွပ်"

နောက်တစ်ခွက် ထပ်ငှဲ့လိုက်သည်တွင် ဖိုးလှိုင်ညွှန့်သည် အိပ် နေရာမှ ထထိုင်လိုက်ပြီး ထိုခွက်ကို လှမ်းယူ၍ မော့သောက်လိုက်သည် ကြောင့် မောင်စိုးသည် မျက်လုံးပြူးသွားကာ-

"ဟာ. . မင်း. . နေမကောင်းနေတာ ဘာလို့ အရက်သောက် ရတာတုန်းကွာ. . ဒုက္ခတော့ ရောက်တော့မှာပဲ"

စိုးရိမ်စွာဖြင့် ပြောလိုက်၏။

"ဟား. . . ဟား. . . ဟား. . . ဟား. . . ကျွန်တော် ဖျားမှ မဖျားတာ၊ တကယ် အဖျားတက်နေတာ ကိုစိုးပါဗျ" ဟု ပြောလေတော့ ၏။

"ဟေ. . . ငါ မဖျားပါဘူး. . . ခုပဲ ရှယ်လီတို့အိမ်က ပြန်လာပြီး

မင်းကို ဝင်ကြည့်တာ၊ မင်းအိပ်နေလို့ ငါ အရက်သောက်နေတာ"

"ဟုတ်ပါပြီ. . . ကျွန်တော့်ကို စိုးရိမ်လို့ လာကြည့်တာလည်း ဟုတ်မပေါ့၊ ပြီးတော့ ရင်ထဲမှာ ခိုးလုခုလု ဖြစ်နေလို့လည်း ပါတယ် မဟုတ်လား"

သည်တော့မှ မောင်စိုး သိလိုက်ပေပြီ၊ စောစောက ရှယ်လီက လည်း ပြောလိုက်သည် မဟုတ်ပါကလား။

"ခွေးကောင်. . မင်း အတော်ဆိုးတဲ့ကောင်၊ ဘာလို့ ရှယ်လီကို သွားပြောရတာတုန်းကွာ"

"ဇအော်ဗျာ. . . ကျွန်တော် ပြောလိုက်တာ ကိုစိုးအတွက် ဘာ နစ်နာသွားလို့လဲ"

"ကောင်းပါတယ်. . . ကောင်းပါတယ်. . . မင်းနဲ့ ရှယ်လီ ငါ့ကို လှည့်စားနေကြတာပဲ၊ မကောင်းပါဘူးကွာ"

သို့ဆိုပြီး အရက်တစ်ခွက် သောက်လိုက်ပြန်၏။ ပြီးမှ-

"ဖိုးလှိုင်ညွန့်. . . နင်ပဲ နက်ဖြန် ရှယ်လီဆီ သွား၊ သူ တစ်ခုခု ပြောလိုက်လိမ့်မယ်"

"ကျွန်တော် ကြိုပြောမယ်လေ ကိုစိုး"

"ပြောကွာ"

"ကျွန်မ ကိုစိုးကို ချစ်ပါတယ်ရှင်" ရယ်လို့ လှိုင်ညွန့်က မိန်းမ ဟန်၊ အသံဖြင့် ပြောလာသဖြင့် မောင်စိုးသည် ဖိုးလှိုင်ညွန့်ကို ခြေထောက် ဖြင့် လှမ်းကန် ကျိစယ်လိုက်ပြီး-

"သွားစမ်းပါကွာ. . . "ဟု ပြောလိုက်၏။

"ကောင်းပြီလေ. . . အဲဒါဆို ကိုယ်တိုင်သွားပြောပေတော့ . . . ရှယ်လီက စောက ကျွန်တော် ပြောသလို ပြောလာလျှင်ဖြင့် ခုလိုပဲ သူ့ကို ခြေထောက်နဲ့ လှမ်းကန်ပေါ့ဗျာ" ဟု ပြုံးစိစိဖြင့် ပြောလိုက်လေ သည်။

နောက်နေ့ ညနေတွင် ဖိုးလှိုင်ညွန့်သည် ရှယ်လီတို့အိမ် ရောက်သွားလေ၏။

"လှိုင်ညွန့်. . . မင်း နေမကောင်းဘူးဆို"

"စောဒေးဗစ်" က တဲပေါ်မှအဆင်း ဖိုးလှိုင်ညွန့်ကို မေးလိုက်၏။

"ဟုတ်ကဲ့. . . ကောင်းသွားပြီ"

"နို့ဖြင့် ငါနဲ့ လိုက်ခဲ့လေ. . . နိုင်မယ်တဲမယ် ချိန်းထားတယ်"

သို့ စောဒေးဗစ်က ပြောသည်တွင် ဖိုးလှိုင်ညွန့်တစ်ယောက် ရင်ထိတ်သွားမိ၏။ ဘယ့်အတွက်မူ သူသည် မောင်စိုးကိစ္စအတွက် ရှယ်လီထွန်းထံ လာခဲ့ခြင်းဖြစ်၏။ စောဒေးဗစ်နှင့် လိုက်သွားပါမူ မောင်စိုးကိစ္စ သိရတော့မည် မဟုတ်၊ သို့ကြောင့်-

"အာ. . . ကိုဒေးဗစ် ကျွန်တော် နေမကောင်းပြီးစဆိုတော့ သောက်လို့ မဖြစ်သေးဘူး" ဟု ကဖျာကယာ ပြောလိုက်၏။

"ကောင်းပြီ. . . ငါ နောက်ကျနေလို့ သွားဦးမယ်" ဆိုကာ ဒေးဗစ်သည် နိုင်မောင်တဲဘက် ထွက်သွားလေတော့မှ သက်ပြင်းချ လိုက်နိုင်တော့၏။

"ဟဲ့. . . လှိုင်ညွန့် လာလေဟယ်"

သည်တော့မှ သူ အိမ်ပေါ်တက်ရမှန်း သတိရသွားတော့၏။

"လက်ဖက်သုပ် မရှိဘူးလား"

"ရှိပါတော်၊ နင် တစ်ယောက်တည်းလား"

သို့ မေးလာသည်ကြောင့် ဖိုးလှိုင်ညွန့်သည် မျက်နှာတော့ဖြင့် ဖျက်သွားတော့၏။ ပြီးလေမှ-

"နင်ကလည်းဟယ် သိလျက်နဲ့ မေးရတယ်၊ အောင်သွယ်နဲ့ ပြောလိုက်မယ် ဆိုလို့ ငါ့ကို လွှတ်လိုက်တာ"

"အောင်သွယ်ခ ဘယ်လောက် ရသလဲ"

ရှယ်လီထွန်းက ပြုံးစစဖြင့် မေးလေ၏။

"အောင်သွယ်ခ ဟုတ်လား၊ ငါ ဘာမှ မရတဲ့အပြင် ၁၅၀၀ တောင် ငါက ပေးလိုက်ရတယ်ဟ"

ဖိုးလှိုင်ညွန့်က သူ့ခံစားချက်ကို ရည်ညွှန်းပြောလိုက်ခြင်း ဖြစ်တော့၏။ တကယ့်တော့ ဖိုးလှိုင်ညွန့်သည် ရှယ်လီထွန်းကို တစ်ဖက်သတ်ကြိုက်နေသည်မှာ ကြာပြီဖြစ်၏။ သို့ကြောင့် သူ့နှလုံးသားကို ရင်းလိုက်၍ သူငယ်ချင်းဖြစ်သူ မောင်စိုးအတွက် အကျိုးဆောင်ပေးရခြင်းအတွက် သူ၏နှလုံးသား ကွဲကြေရခြင်းကို ဆိုလိုပြောခြင်း ဖြစ်၏။

"ဟီ. . . ဟီ. . . အဲဒီ ၁၅၀၀ ငါပြန်ပေးမယ်လေ"

သူ့စကားကို နားလည်၍ ပြောသည်လား၊ နားမလည်၍ ပြောသည်လား မသိ၊ သည်ကိစ္စတွေ ထားတော့၊

"ကဲ. . . ပြောလေဟယ်၊ အောင်သွယ်ခ ရှုံးသည်ဖြစ်စေ၊ မြတ်သည်ဖြစ်စေ အောင်သွယ်နာမည်တော့ မပျက်ချင်ဘူးဟာ"

"တကတည်းတော်. . . ကာယကံရှင်က တော်တော်ရယ်. . . အောင်သွယ်က ပိုပူဆာနေပါကလား၊ လက်ဖက်စားဦးလေ. . . လေကြေအောင် သဘော်ရွက်နုနုလေးတွေ ပါးပါးလှီး ထည့်သုပ်ထားတယ်"

သို့ပြောပြီး လက်ဖက်ပန်းကန်ကို လှမ်းပေးလေ၏။

"အော်. . . ခဏနေဦး" ဆိုကာ တဲ့အခန်းတွင်း ပြန်ဝင်သွားတော့၏။

ဖိုးလှိုင်ညွန့်သည် လက်ဖက်စားရင်း သူမပြန်အထွက်ကို စောင့်နေလိုက်တော့၏။

အတန်ကြာတွင် ရှယ်လီထွန်း ပြန်ထွက်လာ၏၊ စာအိတ် တစ်လုံးကို ကိုင်လာ၏၊ ယူမသည် သူနှင့် မျက်နှာချင်းဆိုင်တွင် လာထိုင်ပြီး-

"ကဲ. . . အောင်သွယ်တော်ရေ. . . ငါစာရေးပြီးပဲ ပေးလိုက်မယ်၊ ဟုတ်လား၊ နင်နဲ့တစ်ဆင့် ပြောရမှာ ရှက်တယ်ဟာ"

သို့ပြောပြီး သူမ ကိုင်လာသည့် စာအိတ်တစ်လုံးကို ပေးလာလေ၏၊

"အဲ. . . နေဦး နင့်ကို အောင်သွယ်ခ ပေးဖို့ ရေးပေးလိုက်ဦးမယ်"ဟု ပြောလာသဖြင့် ဖိုးလှိုင်ညွန့်သည် ပြုံးလိုက်ပြီး-

"ငါ့ကို အောင်သွယ်ခ ပေးခိုင်းဖို့ထက် သူ့တွက် ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလားကို ငါ့နဲ့ ပြောလိုက်ပါလားဟယ်"

"အို. . . သိချင် လမ်းကျ ဖောက်ကြည့်ပေါ့"

သို့ရှိစဉ်-

"အဟွတ်. . . အဟွတ်. . . အဟွတ်"

တဲအတွင်းရှိ လူမမာ၏ ချောင်းသံကြောင့်-

"ဟဲ့. . . ရှယ်လီ နင့်အစ်မ နေကောင်းလား" မေးလိုက်၏၊

"နေကောင်းတယ်. . . ခဏနေဦး အိပ်ရာက နိုးလာပြီ၊ တစ်ခုခု ကျွေးလိုက်ဦးမယ်"

"အေး. . အေး. . သွား သွား. . . ငါလည်း သွားတော့မယ်ဟာ"

"နက်ဖြန် နှစ်ယောက် တူတူလာခဲ့ကြဦး"ဟု မှာလိုက်သဖြင့် ဖိုးလှိုင်ညွန့် တစ်ယောက် ရင်ထိတ်သွားတော့၏၊

ဘုရား. . ဘုရား. . ဆုတောင်း မကောင်းပါဘူး. . . နို့ပေမယ့် သူ့အဖြူအမဲ သိချင်တာတော့ အမှန် ဖြစ်၏၊

သို့ဖြစ်၍ လမ်းတွင် ရှယ်လီထွန်းက မောင်စိုးအတွက် ပေးလိုက်သော စာကို ဖွင့်ဖောက်ကြည့်ရန် စဉ်းစားလိုက်၏၊ အို. . မဖြစ်သေးပါဘူး. . စာကို ဖွင့်ဖောက်လို့ မောင်စိုးက ပြဿနာလုပ်မှာမဟုတ်၊ ရှယ်လီထွန်းကလည်း သိချင် လမ်းကျဖောက်ကြည့်လေ ပြောတာပဲ၊ နို့ပေမယ့် သူ့တွင် ခံနိုင်ရည် သတ္တိရှိမည့်ပုံမပေါ်၊ ဆိုးသည် ကောင်းသည် မသိတာ အကောင်းဆုံးပါပဲလေဆိုပြီး လက်ထဲမှ စာအိတ်ကို အိတ်ကပ်ထဲ ပြန်ထည့်ပြီး မောင်စိုးတဲဆီသို့သာ ခပ်သွက်သွက် သွားလိုက်တော့၏၊

မောင်စိုး၏ တဲသို့ရောက်သည်တွင် -

"ကိုစိုး. . ကိုစိုး. . "ရယ်လို့ အားရဝမ်းသာဟန်ဖြင့် လှမ်းခေါ် လိုက်ငြား ပြန်လည်အော်ဟစ်ထူးသံ မကြားသဖြင့် တဲပေါ် တက်လိုက်၏။

"ဟင်!"

မောင်စိုး ရှိမနေပါချေ။ ရေချိုးသွားနေလေသည်လား မသိ၊ သို့ကြောင့် တဲပေါက်ဝတွင် ထိုင်စောင့်နေလိုက်၏။ သူ့အိတ်ကပ်တွင်းမှ စာအိတ်ကလေးကို ထုတ်၍ ပြန်ကြည့်လိုက်၏။ သူ ဖွင့်ဖောက်ကြည့် ချင်စိတ် ပေါ်လာသည်၊

သူ စိတ်လှုပ်ရှားနေ၏။ ရင်တွေ တဒိတ်ဒိတ် ခုန်နေတော့၏။ စာအိတ်အဖျားလေးကို ကိုင်၍ ဆွဲဖြဲဖောက်ထုတ်လိုက်မည် စိတ်ကူးမိပြီး လေမှ -

"ဟင်း. . . ဒါ ငါ့ကိုပေးတဲ့စာမှ မဟုတ်တာ၊ ငါနဲ့မှ မဆိုင် တာ"

ဟု သိလိုက်သည်တွင် စာအိတ်ကလေးကို အလယ်မှ ခေါက်ချိုး၍ အိတ်ကပ်ထဲ ပြန်ထည့်လိုက်တော့သည်၊

အတန်ကြာတွင် မောင်စိုး ပြန်ရောက်လာတော့၏။ ရေချိုး သွားခြင်း ဖြစ်သည်၊

"ဘယ်လိုလဲ အခြေအနေ"

မောင်စိုးက မေးလေသည်တွင် သူ့အိတ်ကပ်တွင်းမှာ စာအိတ် လေးကို မပေးချင်ပေးချင်ဖြင့် ထုတ်ပေးလိုက်တော့သည်၊

မောင်စိုးသည် ထိုစာအိတ်လေးကို လှမ်းယူလိုက်ပြီး နှုတ်ခမ်း နှင့်တော့ကာ ပြွတ်ခနဲ နမ်းလိုက်ပြီး စာအိတ်ကလေးကို အနားသတ် ဆုတ်ဖြဲလိုက်တော့သည်၊ ပြီးနောက် အဖြူရောင်စာရွက်လေးကို ဆွဲထုတ် ဖြန့်လိုက်သည်၊ ဗိုးလှိုင်ညွန့်သည် လှမ်းကဲကြည့်မိလိုက်တော့၏၊

စာတန်းတွေသာ တွေ့ရ၏။ ဘာတွေ ဘယ်လိုရေးထားလေသည်မသိ၊ သို့ကြောင့် သူသည် မောင်စိုး၏မျက်နှာကို စေ့စေ့ကြည့် လိုက်သည်။

တည်တည်ငြိမ်ငြိမ် ရှိချေ၏။ ဘယ်လို အဓိပ္ပာယ် ကောက်ရမှန်းမသိ။ ရေးထားသည့်စာက ရှည်လျားလှချည့်လား၊ ဘာတွေ ဘယ်လောက်တောင် ရေးထားပါလိမ့်. . . မောင်စိုး၏ မျက်နှာကိုသာ စေ့စေ့ကြည့်၍သာ နေလိုက်တော့၏။

"ဟင်!"

တဖြည်းဖြည်း ပြုံးလာပါကလား။ ဘုရား. . . ဘုရား. . ဘုရားရေ။

စာဖတ်နေသည့် သက်ဆိုင်သူ မောင်စိုးတော့ မသိ၊ ဖိုးလှိုင်ညွန့်တစ်ယောက်သည်ကား တဒိတ်ဒိတ် ရင်ဗေတွ ခုန်နေတော့၏။

"ဟာ ဟုတ်ပြီဟေ့. . ငါကွ"

မောင်စိုးတစ်ယောက် သို့နှယ်ပြောကာ ထခုန်လေတော့၏။ ဖိုးလှိုင်ညွန့်တစ်ယောက် ချာခနဲ လှည့်ကာ သူ့တဲဘက် ပြန်ခဲ့တော့၏။

"ဟိတ်ကောင် ဖိုးလှိုင်ညွန့်. . ဒီမယ် ကြည့်စမ်း၊ ရှယ်လီထွန်းက ငါ့ကို 'ချစ်ပါတယ်' တဲ့လေ"

ဖိုးလှိုင်ညွန့်သည် နောက်ဘက်သို့ ဖြည်းလေးစွာ ပြန်လှည့်၍ "ကျွန်တော် ကိုစိုးအတွက် ဂုဏ်ယူပါတယ်ဗျာ. . ကျွန်တော့်မယ် လုပ်စရာရှိသေးလို့ ပြန်လိုက်ဦးမယ်"ဟုပြောကာ ချာခနဲ လှည့်ကာ သူ့တဲရှိရာသို့ သွက်လက်သော ခြေလှမ်းတို့ဖြင့် ပြန်ခဲ့လေတော့သည်။

"တော်ကြာ. . . ငါ လာခဲ့မယ်ဟေ့. . . ငါ့မယ် တစ်လုံးရှိသေးတယ်၊ နက်ဖြန် နားရက်ဆိုတော့ကာ အေးအေးဆေးဆေး သောက်စားကြပြီးလေမှ အိပ်ရာ ဝင်ကြတာပေါ့ကွာ"

သို့ အသံသည် သူ့နောက် ကပ်ပါလာတော့၏။ ဖိုးလှိုင်ညွန့်

သည် "ဟုတ်" ဟုသာ ဖြေလိုက်၏။

လာပလေ့စေ. . . တဲမှုးသောက်ပြီး အိတ်ပစ်လိုက်တော့မည်ဟု တွက်ထားလိုက်တော့၏။

တကယ်လား မကြာမီကလေးတွင် မောင်စိုး ပုလင်းတစ်လုံး ကိုင်ကာ ရောက်လာ၏။

သူသည်လည်း ကြိုတွက်ထားသည့်အတိုင်း တဝသောက်လိုက်လေသဖြင့် တဲဖတွင်းခန်းသို့ပင် မဝင်နိုင်တော့ဖြစ်ပြီး မှုးလဲကျသွားတော့၏။

"ဒီကောင် သိပ်မှုးနေပြီ"ဟုဆိုကာ မောင်စိုးသည်လည်း ထိုနေရာလေးမှာပင် လဲကျ အိပ်ပျော်သွားတော့၏။

မနက် မိုးစင်စင်လင်းလေမှ နှစ်ယောက်သား အိပ်ရာ နိုးလာရတော့၏။

"မင်း ငါ့ကို မမေးတော့ဘူးလား"

မောင်စိုးက မျက်နှာသစ်နေရာမှ မေးလိုက်သည်။

"ဘာကို မေးရမှာလဲ"

"ဟင်! မင်း ငါနဲ့ပတ်သက်လို့ တကယ်ပဲ စိတ်ဝင်တစား မရှိပေဘူးလား"

"ဟင်!"

သူ့အမူအရာကို အကဲခတ်မိသည်ကြောင့် သို့ မေးလာလေသည်များလား၊ သို့လည်း မဟုတ်နိုင်၊

သည်တွင် သူသည် မချိပြုံး. . . ပြုံးလျက်၊

"ဘာ မေးစရာလိုပ့ါမလဲ ကိုစိုးရယ်. . သိပြီးသားပါ၊ ကိုစိုးကို ချစ်ပါတယ်လို့ ရေရွဲကလွဲလျှင် ဘာမှ မဟုတ်နိုင်ပါဘူး"

သို့ ဖိုးလှိုင်ညွန့်က ဖြေလိုက်သည်တွင် -

"ဟား. . ဟား. . ဟား. . ဟား. . မင်း တော်တယ်၊ သိပ်တော်

တယ်၊ ဒီလိုပဲ ဖြစ်ရမှာပေါ့ကွာ. . သူ့အချစ်ကို ငါကလွဲလျှင်ဖြင့် ဘယ်သူမှ မရနိုင်ပါဘူးကွာ. . . သူ့ကို တစ်ဖတ်သတ်ချစ်နေတဲ့အကောင်တွေ ရှိလျှင်ဖြင့် ဆွေးပြီပေါ့"

သို့ မောင်စိုးက ပြောလာသည်တွင် သူသည် လုံးဝတုန်လှုပ်သွားတော့၏၊ သူ့အတွင်းစိတ်ကို 'မောင်စိုး' သိနေပြီလေလားဟုပင် မှတ်ယင်လိုက်သည်၊

"သည်တနေ့ သောက်ကြဦးမယ်. . . ငါ တိုက်ပါ့မယ်ကွာ"ဟု မောင်စိုးက ပြောလာပေမယ့် -

"ကျွန်တော် သုတ်ကိုင်းတွေ သွားထောင်ဦးမယ်"ဆိုကာ ဖိုးလှိုင်ညွှန့်သည် တစ်ချိုးတည်း လစ်ထွက်ခဲ့လေတော့၏၊

သူ ရှယ်လီထွန်းကို မေ့မေ့ပျောက်ပျောက် ထားနိုင်ရန် ကြိုးစားရပေမည်၊ သို့ဆိုလေလျှင် ယာယီတော့ဖြင့် တစ်နေရာသို့ ခေတ္တသွားနေလေမှဟု တွက်လိုက်၏၊

❑ ❑ ❑ ❑ ❑

ဖိုးလှိုင်ညွန့်တစ်ယောက် ဆင်စခန်းရှိ သူ့တဲသို့ ပြန်ရောက်သည့်နေ့မှာပင် ဆင်ခေါင်းကြီးအိမ်တွင် လူစိမ်းသုံးယောက် ရောက်နေကြသည်ကို သိလိုက်ရ၏။

သူ ဆင်စခန်းမှ အကြောင်းပြချက်တစ်ခုဖြင့် ထွက်သွားသည်မှာ တစ်ပတ်သာလျှင် ရှိသေး၏။

ပြောင်းလဲမှု အတော်ဖြစ်နေပါကလား။ ခါတိုင်းဆိုပါလျှင် ညနေတိုင်းနီးနီး သူနှင့်မောင်စိုးတို့သည် ရှယ်လီထွန်းအိမ်သို့ သွားတတ်၏။ သူမတို့အိမ် လေသာဆောင်ကပြင်တွင် စောဒေးဗစ်နှင့် သောက်စားကြ၍သော်လည်းကောင်း။ ရှယ်လီထွန်းနှင့် အကြမ်းသောက်၊ လက်ဖက်စား၍သော်လည်းကောင်း ရှိတတ်ကြ၏။

ယခုမူ. . . ရှယ်လီထွန်း၊ စောဒေးဗစ်နှင့် လူစိမ်းလူကြီးတစ်ယောက်တို့သာလျှင် နီးစွစွ ရှိနေကြသည် ဖြစ်တော့၏။

ထိုလူကြီးသည် မည်သူပါနည်း။ သူ သိရသလောက် အမဲပစ်ရန် ရောက်လာကြသူများ ဖြစ်၏။

ထိုလူကြီးမှလွဲ၍ ကျန်နှစ်ယောက်သည် အခါအားလျော်စွာ အမဲပစ်ထွက်တတ်ကြ၏။

"ကိုစိုး . . ရှယ်လီတို့အိမ် သွားစို့"သူက ပြောလိုက်၏။

"သူ့အိမ်မယ် ဧည့်သည်ရောက်နေတယ်"

သို့နှယ် ပြန်ဖြေလေ့ရှိ၏။

"ဘယ်တော့ ပြန်ကြမှာတုန်း"

"ပြောတတ်ပါဘူးကွာ"

သည်တော့ သူ ဦးနှောက် ခြောက်သွားရတော့၏။

သူ စခန်းပြန်ရောက်ပြီးကတည်းက မောင်စိုးကို ကြည့်ရသည်မှာ တမှိုင်မှိုင်ဖြစ်နေတော့၏။ ဘာဖြစ်လို့များပါလိမ့်။

ဖိုးလှိုင်ညွှန့်သည် မောင်စိုးအား မေးကြည့်သေး၏။

"ဘာလို့များ မရွှင်မလန်း တမှိုင်တတွေတွေ ဖြစ်နေရတာလဲ"

"ဘာမှ မဖြစ်ပါဘူးကွာ"ရယ်လို့ ဆို့နင့်ကြေကွဲသံဖြင့်သာ ပြန်ဖြေတတ်၏။ သည်တော့ ဖိုးလှိုင်ညွှန့်သည် ရှယ်လီထွန်းထံ သွားမေးလေမှပဲ စဉ်းစားလိုက်မိသည်ကြောင့် ရှယ်လီထွန်းထံသို့ သွားလေတော့၏။

"အလိုလေးဗျာ"

သူမကို လာလာချောင်းရသည်မှာ သုံးရက်ခန့် ရှိချေပြီ။ မြို့မှ ဧည့်သည်သည် တစ်နေ့မပြတ် သူမနှင့်အတူ ရှိနေ၏။ ထိုဧည့်သည်သည် တည်းခိုသည်က ဆင်ခေါင်းကြီးထံတွင်ဖြစ်ငြား ဘယ့်တွက် ရှယ်လီထွန်းအိမ်တွင်သာ ရှိရှိနေရပါလိမ့်။

သို့တွေ့လေတိုင်းလည်း ထိုလူကြီး၏ အဖော်နှစ်ယောက်ကို မြင်တွေ့ရခြင်းမရှိ သူတစ်ဦးတည်းသာ တွေ့နေရခြင်း၊ ရှယ်လီထွန်းနှင့်သာ နှစ်ဦးတည်းဆိုသလို လေသာဆောင် ကပြင်တွင် တွေ့ရခြင်းကြောင့်

သံသယဝင်မိတော့၏။ သည်တော့ ဖြစ်ချင်ရာဖြစ်ကွာဆိုပြီး ရှယ်လီထွန်း တဲသို့ ထပ်သွားလေတော့၏။

"ရှယ်လီ. . ."

"ရှယ်လီ. ."

သူမသည် လေသာဆောင် တပြင်တွင် ထိုလူကြီးနှင့် စကား ဖောင်ဖွဲ့ပြောနေလေခြင်းကြောင့် သူ့ကို တကယ်ပဲ မမြင်လိုက်လေခြင်း လား၊ မမြင်ယောင်ဆောင်နေခြင်းပေလား မသိ။ သူ၏စိတ်ထဲမှာတော့ အတော်လေး အခံရခက်သွားရသည်တော့ အမှန်ဖြစ်သည်။

"ဟဲ့. . . လှိုင်ညွန့် ငါ ညွှသည်နဲ့ စကားပြော မပြတ်လို့ နင့် ကို လှမ်းတွေ့လိုက်ပေမယ့် နှုတ်မဆက်ဖြစ်လိုက်ဘူး။ လာလေဟယ်. . ဘာကိစ္စရှိလဲ"

အော်. . . အခါတိုင်းဆိုလျှင် "နင်တစ်ယောက်တည်းလား၊ ကိုစိုးမပါဘူးလား"ရယ်လို့ ပြောတတ်၏။ မေးတတ်၏။

သို့ တွေးလိုက်မိသည်တွင် စိတ်မကောင်း ဖြစ်သွားမိပြန်၏။

သို့ပေမယ့် -

"နင့်ဆီ ကိုစိုး လာသေးလား" ဟု မေးလိုက်၏။

"သူ လာမှတော့ နင် တွေ့မှာပေါ့ဟဲ့"လို့သာ ဖြေလေ၏။

ဖိုးလှိုင်ညွန့်သည် တဲပေါ်သို့ တက်သွားကာ သူမတို့နှစ်ဦးကြား တွင် ဝင်ထိုင်လိုက်၏။

"ဦးလေး သင်းကြိုင်. . . ဒါ ကျွန်မ မိတ်ဆွေ. . သူငယ်ချင်း လို့လည်း ပြောလို့ရတယ်။ ဖိုးလှိုင်ညွန့်တဲ့၊ ဆင်ဦးစီးပဲပေါ့"

သူမက ထိုလူကြီးကို ပြောလေ၏။

ထိုလူကြီးကမူ သူ့ကို စူးစိုက်ကြည့်နေပြီလေးမှ "အော်. . အင်း"ရယ်လို့သာ အသိအမှတ်ပြုရုံ ခေါင်းဆတ်ခနဲ ညိတ်ပြ၏။

"ဟဲ့. . . လှိုင်ညွန့်. . . ဒါ မြို့က ညွှသည် ဦးလေးသင်းကြိုင်

တဲ့. . . ကုန်သည်ပေါ့ပါပဲ၊ ဟုတ်တယ်နော် ဦးလေးသင်းကြိုင်"

သို့ကလည်း သူမက ထိုလူကြီးကို လှမ်းမေး မိတ်ဆက်ပေးလာတော့၏၊

"ကဲ. . ငါပြန်မယ်. . နင် ကိုစိုးကို ဘာမှာဦးမလဲ"

လှိုင်ညွန့်က သို့မေးပြီး သူမမျက်နှာကို စေ့စေ့ကြည့်လိုက်သည်၊ တစ်ချက်ကလေးတော့ မျက်နှာပျက်သွားပုံရသည်၊

"ဟော့အေး. . . ဘာမှ မမှာပါဘူး"

သူမက သို့ ပြန်ပြောလိုက်ပြီး ကိုသင်းကြိုင်ဘက် မျက်နှာ ပြန်လှည့်သွားကာ ပြုံးပြုံးရွှင်ရွှင် ရယ်မောပြောနေလေသည်ကြောင့် လှိုင်ညွန့်သည် 'တောက်'တစ်ချက်ခတ်ကာ ထိုနေရာလေးမှ လှည့်ထွက်ခဲ့တော့၏၊

သူ၏ တောက်ခတ်သံကို ကြားလိုက်ကြသည်ကြောင့် ဦးသင်းကြိုင်နှင့် ရှယ်လီထွန်းသည် လှိုင်ညွန့်ရှိရာသို့ ကမျာကသီ လှည့်ကြည့်လိုက်ကြတော့သည်၊ လှိုင်ညွန့်၏ ကျောပြင်သာ မြင်လိုက်ကြသည်၊

ရှယ်လီထွန်းတစ်ယောက် မျက်စိမျက်နှာ ပျက်သွားတော့၏၊ ဒေါသထွက်သွားပုံလည်း ရသည်၊ အံလေးကို တင်းတင်းကြိတ်လိုက်၏၊ မျက်ဝန်းအိမ်တွင် မျက်ရည်တို့ ဝိုင်းလာကြတော့၏၊

ကိုသင်းကြိုင်ကတော့ မျက်မှောင်ကုတ်လို့သာ နေ၏၊

"ဟင်! ရှယ်လီ ဘာလို့ စိတ်မကောင်းဖြစ်သွားရတာလဲ၊ စောစောက လှိုင်ညွန့်အပြုအမူကိစ္စဆိုလျှင်ဖြင့် စိတ်မကောင်း မဖြစ်သင့်ပါဘူးကွယ်၊ ဦး နားလည်ပေးနိုင်ပါတယ်. . . ကဲ. . ဦး သွားတော့မယ်"ဆိုကာ တဲပေါ်မှ ဆင်းသွားလေတော့သည်၊

"ရှယ်လီထွန်း"တစ်ယောက် 'လှိုင်ညွန့်၏ အပြုအမူကို လုံးဝမကျေမနပ် ဖြစ်သွားပုံရ၏၊

သို့ကြောင့်လည်း နောက်နေ့ညနေစောင်းလုတွင် ရှယ်လီထွန်း

တစ်ယောက် လှိုင်ညွန့်ရှိနိုင်မည်ထင်သည့် ဆင်ရေချိုးအိုင်လေးသို့ သွား လေတော့၏။

ထိုရေအိုင်တွင် သူ တွေ့ချင်နေသော ဖိုးလှိုင်ညွန့်အပြင် မောင် စိုးကိုလည်း တွေ့လိုက်တော့သည်။

"ဟဲ့. . . နင် ဘယ်သူ့ဆီ လာတာလဲဟင်"

မောင်စိုးက သူမ၏သဏ္ဍာန်ကို မြင်လိုက်သည်နှင့် စိတ်ဆိုး ဒေါသထွက်နေသဖြင့် သို့မေးလိုက်ခြင်းဖြစ်၏။ သူ့ဆီမလာမှန်း သူ အစောကြီးကတည်းက ကြိုသိပြီးဖြစ်တော့၏။

"ငါ လှိုင်ညွန့်ဆီ လာတာ"

"ဘာကိစ္စလဲ"

လှိုင်ညွန့်က မေးလိုက်၏။ သူ့ဆင်ကို ရေဆက်ချိုးပေးနေလေ တော့သည်။

"နင် ခဏလေး အပေါ်တက်ခဲ့ပါဦး"

"ဟော. . ."

ဖိုးလှိုင်ညွန့်သည် အံ့ဩသွားတော့၏။ ဘယ်လိုကြောင့် သူ့ကို ရေအိုင်အပေါ် တက်ခိုင်းပါလိမ့်။ သူမ ပြောသည့်အတိုင်း သူသည် ရေ အိုင်ပေါ်သို့ အားပြုတက်လိုက်၏။ သူမနှင့် မျက်နှာချင်းဆိုင် တစ်လံ အကွာတွင် ရပ်လိုက်ပြီး -

"ဆို. . . ဘာကိစ္စလဲ. . နင့် ကြည့်ရတာ မျက်နှာက ပုပ်နေတာ ပဲ. . ."

"အဲဒါ နင့်ကြောင့်"

"ဟော. . ဘယ်လိုဖြစ်နိုင်မှာလဲ"

"မနေ့က နင် ဘာအချိုး ချိုးသွားတာလဲ"

"ဘာကို ပြောချင်တာလဲ"

သည်တွင် သူမသည် မနေ့က လှိုင်ညွန့် သူတို့အား မကျေ

မနပ်ဖြစ်ကာ 'တောက်'ခတ်သွားခြင်းကို ပြောပြလေ၏။ သို့ကိစ္စကို ရှင်းလိုခြင်း ပြောလေ၏။

"ဟဲ့. . . ငါ့ဟာငါ 'တောက်'ခတ်တာ နင်နဲ့ ဘာဆိုင်လို့လဲ၊ အနေသာကြီးပါဟာ"

"ဟုတ်တော့ ဟုတ်တာပေါ့. . . နို့ပေမယ့် သူက ဧည့်သည် လေဟယ်"

"ဩော်. . ရှယ်လီက ဦးသင်းကြိုင်ဆိုတဲ့လူကြီးကို လှိုင်ညွှန့်က စော်ကားလာလို့ဆိုပြီး ရန်လာတွေ့တာကိုး ဟိုး. . ဟိုး. . . ဟိုး. . ဟိုး"

မောင်စိုးက ခနဲ့လှောင်ပြောင်လေသံဖြင့် ဝင်ပြောလေတော့၏၊ ထိုအကြောင်း ဖိုးလှိုင်ညွှန့်က သူ့အား ပြောပြီးဖြစ်၍ သူသိပြီး ဖြစ်နေသည်ကိုး၊

သည်တွင် ရှယ်လီထွန်းသည် မောင်စိုးကို လှမ်းကြည့်လိုက်ပြီး -

"ဟုတ်ပါဘူး ကိုစိုးရယ်. . ဧည့်သည်တစ်ယောက်. . . ပြီးတော့ လူကြီးတစ်ယောက် မဟုတ်လား၊ သူ ဒီမှာ ခဏတဖြုတ် လာလည်တာ၊ ငါတို့က ဧည့်ဝတ်ကျေရမယ်လေဟယ်"

"ဒါတော့ ဒါပေါ့ဟာ၊ နို့ပေမယ့် နင့်ကိုက လွန်ကိုလွန်ပါတယ်၊ အမြဲတမ်း ကြည့်လိုက် အဲဒီလူကြီးနဲ့ပဲ တတွဲတွဲ"

"ဟင်! ကိုစိုးတောင် ကျွန်မကို အထင်လွဲနေပြီလား"

"ကိုယ့်ဝမ်းနာ ကိုယ်သာသိ ဖြစ်မပေါ့"

သို့ မောင်စိုး ပြောလိုက်သည့်စကားကြောင့် ရှယ်လီထွန်း တစ်ယောက် မျက်နှာလေး နီမြန်းသွားကာ အသားတို့ တဆတ်ဆတ် တုန်ယင်နေတော့၏၊ သည်ကြားမှ -

"ကိုစိုး. . . ကျွန်မကို ဘယ်လို ပြောလိုက်တာလဲ"ဟု မေးလိုက်သည်၊

"ဟင်. . . နင် ကြားလိုက်တယ် မဟုတ်လား"

"ဟင့်!" ရယ်လို့ နှိုက်လိုက်ပြီး တစ်ပြိုင်နက်ဆိုသလို ရှယ်လီ ထွန်းသည် ထိုနေရာမှ ချာခနဲ လှည့်ထွက်ခဲ့လေတော့၏။

တစ်လမ်းလုံး ငိုရှိုက်သွားပေရော့မည်ကို သိလိုက်သဖြင့် လှိုင်ညွန့်တစ်ယောက် စိတ်မချမ်းမသာ ဖြစ်သွားတော့သည်။ သို့ကြောင့် မောင်စိုးကို ကြည့်လိုက်ပြီး -

"ညနေကျ ရှယ်လီကို သွားတောင်းပန်သင့်တယ်"ဟု ပြော လိုက်သည်။

"မင်း ဘယ်လိုထင်လဲ"

"ဘာကို ဆိုလိုချင်တာလဲ ကိုစိုး"

"ဩော်. . . ရှယ်လီနဲ့ ဟိုလူကြီးကိစ္စ"

သို့ မောင်စိုးက ပြောလာသဖြင့် လှိုင်ညွန့်သည် မနေ့ကကိစ္စ ကို ပြန်သတိရသွားတော့၏။

"မပြောတတ်ပါဘူးကွာ"

သို့နှယ်ပြောကာ သူ့ဆင်ကို ပွတ်သပ်ရေချိုးပေးနေလေတော့ သည်။

ထိုနေ့ ညနေတွင် လှိုင်ညွန့်နှင့် မောင်စိုးသည် ရေမိုးချိုးပြီး သည်နှင့် စားသောက်ကြပြီး ရှယ်လီထွန်းတဲသို့ ထွက်ခဲ့ကြတော့၏။

အဝေးမှနေ၍ ရှယ်လီထွန်းတို့တဲနှင့် ဘေးတိုက် မျက်စောင်း ထိုးရှိ ဆင်ခေါင်းကြီး ကိုခင်မောင်မြင့်တဲသို့ လှမ်းကြည့်လိုက်၏။

"ဟင်!"

ကိုခင်မောင်မြင့်နှင့်အတူ လူစိမ်းညြသည်နှစ်ယောက် ဝါးခုံ တန်းလျားလေးပေါ်တွင် ဝိုင်းဖွဲ့အရက်သောက်နေကြ၏။

သို့ဆိုပါလျှင် ဦးသင်းကြိုင်ဆိုသော လူကြီး ရှယ်လီထွန်းတို့တဲ ရောက်နေလောက်ချေပြီ ဖြစ်၏။

"ဖိုးလှိုင်ညွန့်"

"ဗော"

"ငါ ရှယ်လီဆီ မသွားချင်တော့ဘူးကွာ"

"ဟာ. . . ဒီရောက်မှတော့ ဘာထူးလဲကွယ်. . . ဒဲ့လို တစ်ရက်တစ်ရက်နဲ့ ကြာလျှင်ဖြင့် မကောင်းဘူး"

သို့ လှိုင်ညွန့်က ပြောရင်း မောင်စိုးလက်ကို အတင်းဆွဲခေါ် သွားလေတော့၏။

ရှယ်လီထွန်းတို့ အိမ်နား ရောက်သည်တွင် မောင်စိုးက သူ့ လက်ကို ဖမ်းဆုပ်ကိုင်ထားသော လှိုင်ညွန့်၏လက်ကို ဖြုတ်လိုက်ကာ-

"ငါ့ဘာသာငါ လျှောက်ပါရစေကွာ. . နို့ဖြင့် ရှယ်လီက တစ်မျိုး ထင်သွားဦးမယ်"ဟု ပြောလေတော့၏။

သည်တွင် လှိုင်ညွန့်က အေးစက်စက် ပြုံးလိုက်တော့သည်။

ရှယ်လီထွန်းတို့တဲရှေ့ရောက်သည်တွင် သူတို့ထင်ထားသလို ပင် ဦးသင်းကြိုင် ရောက်နှင့်နေသည်ကို တွေ့လိုက်ရ၏။

"ဟယ်. . . လာကြ. . လာကြ"

ရှယ်လီထွန်းက သို့နှယ် ပြုံးရွှင်စွာ ဖိတ်မန္တက ပြုလာခြင်း ကြောင့် လှိုင်ညွန့်တော မောင်စိုးပါ အံ့အားသင့်သွားကြတော့၏။

"ဟင် ဘယ်လိုပါလိမ့်" မနေ့ကတစ်စွ တောင်းပန်ဖို့ သူတို့လာ ခြင်းဖြစ်၏။ သူမ စိတ်ဆိုးနေပေမည်ဟု ထင်ထားကြသည်။

သူမကို ငေးကြည့် ကြောင်အမ်းအမ်း ဖြစ်နေဆဲတွင် ဦးသင်း ကြိုင်သည် နေရာမှ ထကာ ရှယ်လီထွန်းကို နှုတ်ဆက်၊ သူတို့နှစ်ယောက် ကို ဖွတ်တိုက်ကာ တဲအောက် ဆင်းသွားလေတော့သည်။

"ဒါ ဘယ်တော့ ပြန်မှာတုန်း"

ရှယ်လီထွန်းက လှမ်းမေးလိုက်၏။

"နှစ်ရက် သုံးရက်နေလျှင်ဖြင့် ပြန်ကြတော့မယ်"

"ကဲ. . . ထိုင်ကြလေဟယ်"

ရှယ်လီထွန်းက သို့ပြောပြီး -

"နေဦး. . . ငါ ရေနွေးအိုးအသစ် သွားလှယ်လိုက်မယ်၊ ပြီးတော့ လက်ဖက်ပန်းကန် အသစ် သွားလုပ်လိုက်မယ်. . . နို့မဟုတ် နင်တို့က ဦးလေးသင်းကြိုင်အကျန်တွေ ကျွေးတယ်၊ တိုက်တယ် ပြောကြဦးမှာ"ဟုဆို၍ တဲတွင်း ဝင်သွားလေတော့၏။

တစ်ခဏအကြာတွင် အမှန်ပင် လက်ဖက်ပန်းကန် အသစ်၊ ရေနွေးကြမ်း ပူပူတစ်အိုး ပါလာတော့၏။

"ကိုစိုးတို့များ ခုမှ ပေါ်လာတော့တယ်"

"ငါ မအားလို့ပါဟာ"

"ကဲ. . စားကြ သောက်ကြဦး"

"ဟင်! . . . နင်က ဘယ်သွားမလို့လဲ"

မောင်စိုးက ဖင်တကြွကြွဖြစ်နေသော ရှယ်လီထွန်းကို မေးလိုက်၏၊ သည်တွင် ရှယ်လီထွန်းက ပြုံးစိစိဖြင့် -

"ဆင်ခေါင်းကြီးမိန်းမက ဟင်းချက်ဖို့ ခေါ်ထားလို့"

"ဟင်. . ဘယ်လို. . ဆင်ခေါင်းကြီးမိန်းမက ဟင်းမချက်တတ်လို့လား"

မောင်စိုးက မေးလိုက်၏၊

"ချက်တတ်တာပေါ့ဟဲ့. . ငါ့လက်ရာ စားချင်တယ်ဆိုလို့"

"ဘာပြောတယ်"

"အော်. . ဆင်ခေါင်းကြီးက ညှော်သည်တွေ မပြန်ခင် ဖွယ်ဖွယ်ရာရာ တစ်နပ်တစ်လေ ချက်ပြုတ်ကျွေးချင်တယ်ဆိုလို့ နေ့တိုင်း သူတို့စားနေရတဲ့ ဆင်ခေါင်းကြီးမိန်းမ လက်ရာအပြင် အပြောင်းအလဲလေးဖြစ်အောင်ဆိုပြီး နေ့လယ်ခင်းက ညှော်သည်တွေ ပစ်ခတ်ရရှိလာတဲ့ ဂျီ(ချေ)သားကို နှပ်ချက် ချက်ပေးဖို့ အကူအညီတောင်းထားလို့ပါ"

မောင်စိုး မျက်နှာပျက်သွားတော့သည်။

"ဩော်. . ဒါကြောင့် သူမက သူတို့နှစ်ယောက်ကို ပြုံးပြုံးရွှင်ရွှင်ဆက်ဆံနေတာကိုး"

"ကဲ. . . အေးအေးဆေးဆေးပေါ့. . . ကိုဖေးဇစ်တော့ အထဲမယ် မူးပြီး အိပ်ပျော်နေတယ်။ နိုးလာလျှင်ဖြင့် ကိုစိုးတို့နဲ့ အဖော်လာလုပ်ပါလိမ့်မယ်"

သို့နှယ်ဆိုကာ ရှယ်လီထွန်းသည် တဲပေါ်မှ ဆင်းသွားလေတော့သည်။

"ကဲ. . . ဖိုးလှိုင်ညွှန့် ပြန်ကြစို့"

သူမနောက်မှ မောင်စိုးတို့သည်လည်း လိုက်ဆင်းသွားတော့၏။

ထိုသည်အား သူမ သိပေမယ့် မသိယောင်ဆောင်ကာ လှည့်၍ပင် မကြည့်၊ ဆင်ခေါင်းကြီးတဲသို့ ဝင်သွားလေတော့သည်။

မောင်စိုးသည် သူ့တဲသို့မပြန်၊ လှိုင်ညွှန့်တဲတွင် လိုက်၍အရက်သောက်လေတော့၏။

သူ ပြင်းပြစွာ ခံစားနေရသည်ကို လှိုင်ညွှန့် သိလိုက်သဖြင့်စိတ်မကောင်းကြီးစွာ ဖြစ်သွားတော့သည်။

လှိုင်ညွှန့်သည်လည်း မောင်စိုးနှင့် ခွက်ပြိုင် လိုက်သောက်လေတော့၏။ အသောက်ကြမ်း၊ အသောက်မြန်ကြသည်ဖြစ်၍ ခပ်စောစောပင် မူးလဲသွားကြတော့၏။

မူး၍ အိပ်ပျော်သွားရခြင်းဖြစ်၍ အမူးပြေသည်တွင် မျက်လုံးကြောင်နေကြတော့၏။ အိပ်၍လည်း မပျော်ကြတော့ချေ။

အရက်ဆက်သောက်ရန် အရက်လက်ကျန် ရှိပေမယ့် အမြည်းမရှိချေ။

သို့ကြောင့် -

"လှိုင်ညွှန့်ရေ. . . နေ့လည်လောက်က ဗီစခန်းအနောက်ဘက်

ဝါးတောလေးထဲမယ် ငှက်အိပ်တန်း တွေ့ခဲ့တယ်၊ ငှက်သားကြော်နဲ့ အရက် မကောင်းဘူးလား"

မောင်စိုး၏ အကြံကို လက်ခံလိုက်၏။

နှစ်ယောက်သား ခာတ်မီးတစ်တောင့်၊ လောက်လေးတွေ တစ်ယောက်တစ်ချောင်းစီနှင့် လောက်စာလုံးအိတ် ကိုယ်စီလွယ်ကာ စခန်းနောက်ဘက် ဝါးရုံတောရှိရာသို့ သွားကြပေတော့သည်။

"ခေါင်းကိုက်နေတယ်ဗျာ"

"ငှက်ကြော်နဲ့အရက် ကိုင်လိုက်လျှင်ဖြင့် အဆင်ပြေသွားမှာပါ"

သို့ မောင်စိုးက ပြောကာ ငှက်အိပ်တန်းကို သူသာ သိသည်ဖြစ်၍ ရှေ့မှ မီးထိုးသွားနေလေတော့၏။

ဝါးတောအတွင်း လူသွားလမ်းလေးကို ခာတ်မီးဖြင့် ထိုး၍ ထိုး၍ သွားနေရာမှ ဘေးတစ်ဖက်တစ်ချက် မြေပြင်သို့လည်း ထိုး ထိုးကြည့်ရ၏။

ငှက်ချေးများ ရှာကြည့်ခြင်းဖြစ်၏။

လတ်လတ်ဆတ်ဆတ် ငှက်ချေးများ တွေ့သည်တွင် -

"ဟုတ်ပြီ . . ဒီနေရာပဲ"ဆိုကာ မောင်စိုးသည် လူသွားလမ်းလေးမှ ဖယ်ခွာကာ ငှက်ချေးပုံရှိရာများသို့ ဖြတ်တက်လိုက်ပြီး -

"ငါ . . ခာတ်မီးထိုးမယ် မင်းပစ်"ဟု ပြောလိုက်၏။

ငှက်အုပ်၏ အိပ်တန်းဖြစ်မှန်း လွှင်ညွှန်း သိလိုက်၏၊ မြေပြင်အတော်ကျယ်ကျယ်တွင် ငှက်ချေးများ ရှိနေသည်ကို၊ ဝါးရောင်းငှက်အုပ်ဖြစ်လိမ့်မည်။

ဝါးရုံတောသည် ဝါးပင်ဖျိုများဖြစ်သည်ကြောင့် ခပ်နိမ့်နိမ့် ဖြစ်၏၊ ဝါးပင်ကိုင်းဖျားများတွင် အိပ်တန်းဝင်နေကြသည့် ငှက်များသည် မနည်းပါကလား၊ နှစ်ကောင်တွဲ. . . သုံးကောင်တွဲ အများကြီးဖြစ်၏၊ ကြယ်ရောင်ဖြင့် ရေးရေးမြင်နေရ၏၊ ထိုငှက်တို့ကို ကြည့်ခြင်းအားဖြင့်

"ဝါးရောင်း"ငှက်တို့ အိပ်တန်း သေချာပေပြီ၊ သူ အပျော်ကြီး ပျော်သွားတော့၏၊ ဘယ့်တွက်ဆိုပါလျှင် ဤနေရာမှာပင် ငှက်အတော်များများ ရနိုင်မည် ဖြစ်၍ပင်၊

တိတ်တဆိတ် နိုးပစ်တတ်ဖို့တော့ လို၏၊

"တဲ့ . . ဖိုးလှိုင်ညွန့် ပစ်တော့"

သို့ပြောပြီး မောင်စိုးက ငှက်မောင်နှံ့ အိပ်စက်နေသည့် ဝါးကိုင်းလက်တစ်ခုကို မီးထိုးလိုက်၏၊

"ဖောက်"

"ဂီးလ်"

ငှက်မွေးများ ဖွာထွက်၍ ငှက်တစ်ကောင် မြေပြင်သို့ ကျလာ၏၊ သူ့နားကပ်လျက် ငှက်နှင့် အနီးတစ်ပိုက်ရှိ ငှက်အချို့သည် လန့်ဖျတ် ပျံတက်သွားတော့၏၊

မောင်စိုးကလည်း ဓာတ်မီးကို ပိတ်လိုက်၏၊ ငြိမ်နေလိုက်၏၊ အတန်ကြာတွင် လန့်ဖျပ် ပျံတက်သွားသော ငှက်တို့ပြန်နားလာကြပြန်၏၊ ကိတ်ဆိတ်ငြိမ်သက်သွားပြန်သည်တွင် ငှက်တစ်စုံကို မီးထိုးလိုက်ပြန်၏၊ တစ်ကောင်သော ငှက်သည် မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် မီးရောင်ကို အံ့အားသင့်ကြည့်နေ၏၊

"ဖောက်"

ငှက်တစ်ကောင် ကျလာပြန်၏၊

အခြားငှက်များ ပျံတက်သွားပြန်၏၊ ဓာတ်မီးကို မှိတ်ထားလိုက်ပြန်၏၊

ဤသို့နည်းဖြင့် မောင်စိုးနှင့် လှိုင်ညွန့်တို့သည် ဝါးရောင်းငှက် အကောင်နှစ်ဆယ်နီးနီး ရလိုက်တော့၏၊

သူတို့နှစ်ယောက်သည် ပျော်ရွှင်စွာ ပြန်လာခဲ့ကြတော့၏၊ အပြန်တွင် သူတို့သည် ဆင်ခေါင်းကြီးတို့ တဲနောက်ဘက် ချောင်းရိုးကို

ဖြတ်၍ စခန်းတဲသို့ ဖြတ်ပြန်ခဲ့တော့၏။

"ဟင်!"

မမျှော်လင့်သော မြင်ကွင်းဖြစ်သည်၊ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သည်။

သူတို့သည် ဆင်ခေါင်းကြီးတဲနောက်ဘက် မြောင်လေးမှ တက်ပြီး ဆင်ခေါင်းကြီးအိမ် နံဘေး လမ်းမြောင်လေးမှ သူတို့တဲရှိရာ သွားကြရမည်ဖြစ်၏။

သို့ကြောင့် ထိုလမ်းကြောအတိုင်း လျှောက်ခဲ့ကြရာမှ ဆင်ခေါင်းကြီးတဲဘက် ဘာရယ်မဟုတ် လှည့်ကြည့်လိုက်သည်တွင် မီးဖိုခန်းဘက်တွင် ချက်ပြုတ်နေသည့် ရှယ်လီထွန်းကို လှမ်းတွေ့လိုက်၏။ ခုချိန်ထိ ချက်ပြုတ်၍ မပြီးသေးပါကလား။

ထိုသည်က အကြောင်းမဟုတ်။ ယခုမူ သူနှင့်ယှဉ်တွဲ၍ ရှိနေသည့် ဦးသင်းကြိုင်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်တော့၏။

မောင်စိုးတစ်ယောက် မှိုင်တွေသွားတော့၏။

ဖိုးလှိုင်ညွှန့်တစ်ယောက် အမျက်ဒေါသဖြစ်သွားတော့၏။

"နှစ်ယောက်သား စကားတစ်ခွန်းမှ မပြောဖြစ်ကြတော့ဘဲ ဖိုးလှိုင်ညွှန့်တဲရှိရာသို့ လေးသွဲ့သော ခြေလှမ်းတို့ဖြင့် လျှောက်ခဲ့ကြတော့သည်။

ဖိုးလှိုင်ညွှန့်သည် သူ့တဲရောက်သည်တွင် ရရှိလာသော ငှက်တို့ကို အမွေးနှုတ်၊ အူထုတ်၊ ဆားနယ်နှင်းနယ်ကာ ကြော်လေတော့၏။

အားလုံး ကြော်ဖလှော်ပြီး၍ အရက်ပိုင်း ပြန်စလိုက် ပြန်၏။ သည်တွင် ကနဦး ရည်ရွယ်ထားသလို သူတို့နှစ်ယောက်၏ အရက်ဝိုင်းလေးသည် ပျော်ရွှင်ဖွယ်ရာ ဖြစ်မလာတော့ဘဲ ခြောက်ခြောက်သွေ့သွေ့နှင့် စိတ်မချမ်းမြေ့စရာတွေ ဖြစ်လာတော့၏။

တစ်ဦးကိုတစ်ဦး စကားပြောကြခြင်းလည်း မရှိတော့၊ ကိုယ့်

အတွေးနှင့်ကိုယ် ရှိကြတော့၏။

"ဟင်!"

မောင်စိုးသည် သက်ပြင်းရှည်ကြီး ချလိုက်ကာ မပြောမဆို သူ့တဲသို့ ပြန်သွားလေတော့သည်။

လှိုင်ညွန့်သည် မောင်စိုး၏ နောက်ကျောပြင်ကို ကြည့်ပြီး စိတ်မချမ်းမြေ့စွာ တွေကြည့်နေမိတော့၏။

သို့မှတဖန် သူ့မျက်စိတွင် ရှယ်လီထွန်းပုံရိပ် ပေါ်လာတော့၏။ သို့ဖြစ်လာပြန်တော့ ပြန်တော့ ဦးသင်းကြိုင်၏ ရုပ်သွင်သည်လည်း သူ့ကို လှောင်ပြောင်နေသယောင်။

သူ မျက်စိကို စုံမှိတ်လိုက်သည်။

မျက်စိတွင်း မြင်ယောင်နေဆဲ။ သို့ဖြစ်၍ လက်ကျန် အနည်းငယ်ရှိသေးသော အရက်ပုလင်းကို ကောက်ကိုင်၍ မော့သောက်လိုက်တော့၏။

ရေမရောလေခြင်းကြောင့် လည်ချောင်းတစ်လျှောက် ပူဆင်းသွားတော့သည်။ အစာအိမ်အတွင်းလည်း ပူလောင်သွားတော့သည်။

သည့်နောက် တစ်ခေါင်းလုံး ထူပူလာ၏။

သည့်နောက် ထိုနေရာ ဝါးကြမ်းခင်းပေါ်တွင် လှဲချလိုက်တော့သည်။ ရုတ်ချည်းဆိုသလို အိပ်ပျော်သွားတော့သည်။

မောင်စိုးသည်လည်း သူ၏တဲတွင် အိပ်၍မပျော်တပျော် ဖြစ်နေတော့သည်။

အတန်ကြာတွင် -

ပေါင်းလောင်းချောင်း၏ လက်တက် မြောင်လေးတစ်ခုအတွင်းသို့ ဂိုံ(ချေ)ကောင်သည် ဖြည်းလေးသော ခြေလှမ်းဖြင့် ဝင်သွားလေသည်ကို မြင်လိုက်ရသည်ကြောင့် မောင်စိုးသည် ထို ဂိုံ(ချေ)ကောင်နောက် တိတ်တဆိတ် လိုက်သွားလေတော့၏။ သူ့လက်တွင်းမတော့ ဝါးခုတ်ဓား

သာလျှင် ပါလာ၏။ ထို ဓားရိုးကိုတော့ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်၏။

သူသိထားသည်မှာ ထိုမြောင်သည် မြောင်ကျဉ်းလေးဖြစ်သည်၊ မြောင်တိုလေးဖြစ်သည်၊ မြောင် တစ်ဖက်တစ်ချက်တွင် ကမ်းပါး မတ်စောက်စောက် သာလျှင် ရှိ၏။

ထိုဝင်သွားသော ဂျို(ချေ)ကောင်သည် သူ့တွက် ထွက်ပေါက်မရှိနိုင်တော့ချေ၊ ချောင်ပိတ်မိသည့် ဂျို(ချေ)ကောင် ဖြစ်ချေပြီ။

ဂျို(ချေ)ကောင်ငယ် သူ့လက်က ပြေးမလွတ်ချေတော့ပြီ၊ ဝါးခုတ်ဓားမကြီးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် မြောင်ကျဉ်းလေးအတွင်း လိုက်ဝင်သွားတော့၏။ မြောင်တစ်လျှောက် ရေစပ်စပ် ရှိနေသေး၏၊ ကမ်းပါးယံတစ်လျှောက် ကြက်ခြမ်းအုံပင်တို့ ရှိကြ၏၊ ဆေးမြင်းခွာပင်တို့ ရှိကြ၏၊ အမျိုးအမည် မသိ နွယ်ပင်တို့ ရှိကြ၏၊ ကမ်းပါးယံပေါ်ဘယ်လိုနည်းနှင့်မျှ ဂျို(ချေ)ကောင် တက်နိုင်ရန် လမ်းမရှိချေ။

ဟာ. . ဟုတ်ပြီ. . ရွှံ့နားလေးတွင် ချေ(ဂျို)ကောင်သည် ရေငုံ့သောက်နေ၏။

သူ့ကို ကျောပေးလျက်၊ သို့ကြောင့် သူသည် လျှပ်တပြက် ဂျို(ချေ)ကောင်ထံသို့ ပြေးဝင်သွားကာ လက်တွင်းရှိ ဓားဖြင့် ဝါးရိုးကို ပြေးခုတ်လိုက်လေတော့သည်။

"အား"

ဟာ. . . ဂျိုကောင်က ဘယ့်နှယ် လူတစ်ယောက်လို အော်ဟစ်ပါလိမ့်၊ နှစ်ချက်လောက် ပိုင်းခုတ်ပြီးနောက် သွေးတို့ အလိမ်းလိမ်းဖြင့် မြေပြင်တွင် လူးလိမ့်နေသည့် ဂျို(ချေ)ကောင်ကို အသေအချာ ကြည့်လိုက်၏။

"ဟာ. . ."

သူ ချာချာလည် မူးဝေသွားတော့၏၊ ဘုရားရေ. . သူ ဘာလုပ်

ရမည်နည်း မသိ ဖြစ်သွားတော့၏။

လက်တွင်းမှ သွေးတို့ စွန်းပေနေသည့် 'ဓား'ကို ပစ်ချလိုက်၏။

သူ အားပါးတရ ခုတ်ဖြတ်လိုက်သည်မှာ ဂျို(ချေ)ကောင် မဟုတ်၊ လူတစ်ယောက် ဖြစ်နေတော့သည်။

သူ အင်မတန် တုန်လှုပ်သွားတော့၏။

သူ လက်လွန်သွားချေပြီ။

မှောက်လျက် လဲကျသေဆုံးနေသည်မှာ ဘယ်သူပါလိမ့်။ ဒီလို တော့လည်း သိချင်သည်ဖြစ်၍ ဆွဲလှန်လိုက်သည်။

"ဟင်!"

ထင်မှတ်မထားသော လူတစ်ယောက် ဖြစ်နေ၏။ သူ ကံဆိုး လွန်းသည်သာမက မိုးမှောင်ကျသွားရသည်မှာ သူ ခုတ်သတ်လိုက်မိ သော သူသည် ဦးသင်းကြိုင် ဖြစ်နေတော့၏။

သူ လူသတ်မှုဖြင့် ထောင်ကျမည်ကို မစိုးရိမ်ပါ။ ဖြစ်ပြီးမှတော့ မည်သို့ တတ်နိုင်ပါမည်နည်း။ သူ ဖြစ်လာမည့် ပြဿနာကို ရင်ဆိုင်ရဲ သည်။ နို့ပေမယ့်. . . ရှယ်လီထွန်းတစ်ယောက် သူ့ကို အထင်လွဲမှား နာကျည်းသွား၊ မုန်းမေ့ ရွံရှာသွားမှာကိုတော့ဖြင့် သူ အလွန်အမင်း ကြောက်သွားတော့၏။ မနာလို ဝန်တိုမှုဖြင့် သေးသိမ်သော စိတ်ထားဖြင့် အောက်တန်းကျစွာ အကွက်ဆင်သပ်လိုက်သည်ဟု ထင်သွားမှာကို ကြောက်သည်။

သူ ဘာဆက်လုပ်ရမလဲ. . ဒီအလောင်းကောင်ကို ဖျောက်ပစ် လိုက်လို့ကော ရမှာလား၊ သူ့အသားတွေ တဆတ်ဆတ် တုန်လာတော့ ၏။

သူ ဘာလုပ်ရမလဲ၊ ဘာဆက်လုပ်ရမလဲ။

သို့ တွေးတောနေဆဲ ရှယ်လီထွန်း ရောက်လာတော့၏။ ခေါင်း နားပန်း ကြီးသွားတော့၏။

ကျောက်မြောင်း ရှယ်လီထွန်းသည် သူ့အား ဒေါသအမျက်ထွက်စွာ ကြည့်ရင်း "တောက်"တစ်ချက် ခတ်လိုက်ပြီး ဘာရယ်မပြော ချာခနဲ လှည့်ထွက်သွားတော့၏။

"ရှယ်လီ. . ရှယ်လီ. . ရှယ်လီ"

"ဟိတ်. . ကိုစိုး. . ကိုစိုး. . ထတော့လေ၊ ဆင်ကောက် သွားကြမယ်"

ဖိုးလှိုင်ညွှန့် လှုပ်နှိုးပြောလာလေမှ သူ အိပ်မက်မက်နေကြောင်း သိလိုက်ပေတော့၏။

သို့ဖြင့် သူတို့သည် မီးတုတ်ကိုယ်စီ ကိုင်ဆွဲကာ ဆင်ကောက်ရန်အလို့ငှာ စခန်းမှ ထွက်ခဲ့ကြတော့သည်။

ဆင်ကောက်မှ ပြန်လာကြပြီး ခေတ္တနားနေ စားသောက်ကြပြီးလျှင် လုပ်ငန်းခွင်သို့ ထွက်ခဲ့ကြတော့၏။

သည်တွင် သူတို့ ဆင်လုပ်သားအုပ်စုနှင့်အတူ မြို့မှ ညေ့်သည် မုဆိုးနှစ်ယောက်သည် မရမ်းမြောင်စခန်းထိ လိုက်ပါခဲ့ကြ၏။

"ဆရာကြီးတို့ရဲ့ မိတ်ဆွေတစ်ယောက်က ဘာလို့ ပါမလာတာလဲ"

ဖိုးလှိုင်ညွှန့်က မုဆိုးကြီးနှစ်ယောက်ကို မေးကြည့်လိုက်၏။ ထိုအခါ သွားတက်လေးနှစ်ချောင်း ပါရှိသည့် မုဆိုးကြီးတစ်ယောက်သည် (လင်းမြင့်လှိုင်ကို ဆိုလိုခြင်းဖြစ်သည်)

"ဟင်း. . ဟင်း. . ဟင်း. . သူက မနေ့သသားကောင်ဖမ်းဖို့ ကျန်နေရစ်ခဲ့တာပေါ့"ဟု နောက်ပြောင်ပြောလာလေတော့၏။

သို့ ကြားလိုက်ရသည်တွင် ဖိုးလှိုင်ညွှန့်တစ်ယောက် ဦးသင်းကြိုင်ဆိုသော လူကြီးကို ရှယ်လီထွန်းနှင့်တွဲလျက် မျက်စိတွင်း မြင်မိလိုက်တော့၏။

"ကိုလင်းကလည်းဗျာ. . သွားနောက်နေပြန်ပါပြီ. . ဒီလို ဆင်

ဦးစီးလေးရဲ့. . ဦးတို့ရဲ့မိတ်ဆွေက အငြိမ်းစား ကျောင်းဆရာကွယ့်. . အမဲလိုက်တာ ဝါသနာပါလို့ လိုက်ခဲ့ပေမယ့် ကျောင်းဆရာ စိတ်ကိုတော့ လုံးဝ မဖျောက်နိုင်ဘူး။ အဲ ဆင်ဦးစီးလေးတို့ရဲ့ ဆင်ခေါင်းကြီးက သူ့တူမတော်တဲ့ ကလေးမလေး (ရှယ်လီထွန်းကို ဆိုလိုခြင်းဖြစ်သည်)ကို ရောက်တုန်းရောက်ခိုက် စာပြနိုင်းတော့ ဦးတို့မိတ်ဆွေကြီးကလည်း "အော်. . . တောတောင်ထဲ နေရပေမယ့် ကျောင်းပညာကို လိုက်စားတာ သိရတော့ လူမှုရေးစိတ်ဓာတ် ကျောင်းဆရာကောင်း စိတ်ဓာတ်နဲ့ ကိုသိုလ်ကောင်းမှုပြုမယ်ဆိုပြီး ဦးတို့အမဲပစ်ထွက်တိုင်း မလိုက်တော့ဘဲ ကလေးမလေးကိုသာ စာပြပေးနေတော့တာပေါ့ကွာ"

သို့နှယ် ကျန်မုဆိုးတစ်ယောက်က သူ့အား ရှင်းပြသည်ကို အင်း အင်း လိုက်ကာ ဆိတ်ဆိတ်နေလိုက်တော့၏။

မရမ်းမြောင်စခန်းရောက်သည်တွင် ထိုညှိသည်မုဆိုး နှစ်ယောက် ဆင်ပေါ်မှ ဆင်းသွားကြသည်တွင် ဖိုးလှိုင်ညွန့်သည် လုပ်ငန်းခွင်အကွက်ထဲသို့ ဆက်သွားခဲ့တော့၏။

တစ်နေကုန် လုပ်ငန်းခွင်တွင် ရှိနေငြား၊ လုပ်နေငြား သူ ကိုယ်နှိုက်ကပင် စက်ရုပ်တစ်ရုပ်လို ဖြစ်နေတော့၏။

သူ့ခေါင်းထဲတွင် အတွေးတို့ ရှုပ်ထွေးနေ၏။

သူ ကြားယောင်နေသည်မှာ သွားတက်လေးနှစ်ခုနှင့် ဆရာ ပြောသည့်စကားသံသာ ဖြစ်တော့၏။

"မနုဿ သားကောင်ဖမ်းဖို့ ကျန်နေရစ်ခဲ့တာလေ"

လုပ်ငန်းခွင်မှ ပြန်ခဲ့သော်လည်း တမှိုင်တငေးငေး၊ မောင်စိုးကို ကြည့်လိုက်ပြန်တော့ သူ့ထက် ဆိုးသေးတော့၏၊

နှစ်ယောက်သား စကားပင် မပြောဖြစ်ကြချေ၊

အရက်သောက်လိုစိတ်လည်း မရှိတော့ချေ၊

ဖိုးလှိုင်ညွန့်သည် တဲပြင်သို့ပင် မထွက်တော့ချေ၊ အိပ်ရာထက်

လဲလျောင်းကာ တောင်တွေး မြောက်တွေး တွေးနေတော့၏။

"ဖိုးလှိုင်ညွန့်. . . ရေသွားချိုးမယ်"

မောင်စိုး လာခေါ်သည်။

"ကောင်းကောင်း နေမကောင်းဘူး" ပြောလိုက်၏။

တကယ်တော့ သူ နေကောင်း၏။

ဖိုးလှိုင်ညွန့်၏ စိတ်အစဉ်မှာ ဒွိဟဖြစ်နေတော့၏။

သူသည် သူငယ်ချင်း မောင်စိုးကို မြင်ရ ကြည့်ရသည်မှာ စိတ်မချမ်းသာလှချေ။ တမှိုင်မှိုင် တတွေတွေနှင့် ဖြစ်နေ၏။ ရှယ်လီနှင့် ပတ်သက်၍ အလွန်အမင်း ခံစားနေရသည်ဖြစ်မည်။ သူသည်ပင် ခံစားနေရသည်ပဲ။

"ငါ . . ရှယ်လီကို သိပ်ချစ်ပါတယ်ကွာ. . သူကသာ. . "

"သူ့ကို တကယ် လက်ထပ်ယူမှာကွ"

"အပျော်သဘော မဟုတ်ပါဘူးကွာ. . . လာမယ့်နှစ် နွေဦးမယ် တောင်ငူက မိဘတွေကို လာတောင်းရမ်းခိုင်းတော့မယ်"

"ငါ့ မိဘတွေဆီကို တစ်နှစ်တစ်ခါ ငွေပို့တယ်၊ သုံးပုံတစ်ပုံကိုတော့ဖြင့် ငါတို့ ရှေ့ရေးအတွက် စုထားတယ်"

သို့စကားများကို လုပ်ငန်းခွင်တွင် ပြော၏။ နှစ်ယောက်တည်း သောက်စားချိန်တွင် ပြော၏။ ရွှင်လန်း တက်ကြွစွာ ပြော၏။

သည်ရက်ပိုင်းအတွင်း မကြားရသည်မှာ ကြာပြီဖြစ်သည်။

ထိုစဉ်က ဖိုးလှိုင်ညွန့်တစ်ယောက် ရင်နာနာဖြင့် နားထောင်ခဲ့ရပေမယ့် ပြုံးပြုံးရွှင်ရွှင်ပင် နေပြလိုက်၏။

သူ ရှယ်လီထွန်းကို ချစ်တာ. . ချစ်တာပဲ. . . မဆိုင်ဘူးလို့ ထင်တယ်လေ၊ မောင်စိုးနှင့် ရှယ်လီထွန်းကို သူ လုံးဝ သဘောတူသည်ပဲ။ ရှယ်လီထွန်းအပေါ် သူ့အချစ်ကို ထိန်ဝှက်ထားလို့ရသည်။ မည်သူမျှ သိသည်မဟုတ်။ သူသာလျှင် သိသည်။ သူ ဖွင့်မပြောလျှင် ဘယ်သူမျှ

သိလိမ့်မည် မဟုတ်။

မောင်စိုး စိတ်ချမ်းသာဖို့သာလျှင် အဓိက ဖြစ်သည်။ ခုတော့ မောင်စိုးလည်း စိတ်မချမ်းမသာ ဖြစ်နေ၏။

သူ ဘာလုပ်ပေးရမလဲ၊ ဘာလုပ်သင့်လဲ၊ စဉ်းစားနေရတော့၏။ ဟိုလူကြီးအနေဖြင့် မြန်မြန်ပြန်သွားလေမှ ဖြစ်လိမ့်မည်၊

နို့မဟုတ်ပါမူ မောင်စိုးတစ်ယောက် ရူးပေလိမ့်မည်၊ သို့မဟုတ် သေသွားနိုင်လောက်၏။ မဖြစ်ချေပြီ၊ သို့ကြောင့် -

"ရှယ်လီ. . . နင် ငါ့ကို အမှန်အတိုင်းပြော၊ ဟိုလူကြီးနဲ့ နင် ဘယ်လို အဖွဲ့ကျနေတာလဲ"

ရှယ်လီထွန်းသည် ဖိုးလှိုင်ညွှန့်ကို စေ့စေ့ပြန်ကြည့်လိုက်ပြီး -

"ဟဲ့. . . နင် ဘာတွေ လာပြောနေတာလဲ၊ ငါ့ကိစ္စနဲ့ငါ အဖွဲ့ကျနေတာကို နင်က ဘာမကျေမနပ် ဖြစ်နေတာတုန်း"

ဖိုးလှိုင်ညွှန့်လို အေးတိအေးစက် လူတစ်ယောက်က ဘယ်လိုကြောင့် သူမကို ဦးသင်းကြိုင်နှင့် ယှိုးစွပ်နေရပါလိမ့်၊ အော်. . သူ့သူငယ်ချင်းကိုစိုးအတွက် ဖြစ်လိမ့်မည်ဟု တွက်လိုက်မိသည်ကြောင့် ပြုံးစိစိဖြင့် သို့ ပြောလိုက်ခြင်းဖြစ်တော့၏။

"နင်နဲ့ ကိုစိုးရဲ့အခြေအနေကကော ဘယ်လိုလဲ"

"ဟဲ့. . နင်လည်း သူနဲ့အမြဲတွဲသွားတွဲလာ လုပ်နေတာပဲ. . . သူ့ မေးကြည့်ပေါ့"

သူ စိတ်ပျက်သွားသည်၊ မရေရာသည့် စကားများသာ ပြောနေခြင်းဟု သူ သိလိုက်၏။ သို့ကြောင့် -

"ကဲဟာ . . . ငါပွင့်ပွင့်လင်းလင်းပဲ မေးမယ်၊ နင် ဟိုလူကြီးတို့ ချစ်နေပြီလား"

ဖိုးလှိုင်ညွှန့်၏ တဲ့တိုးမေးစကားကြောင့် ရှယ်လီထွန်းတစ်ယောက် သွေးတို့ နားထင်ပြေးဆောင့်လေတော့၏။

"ဟာ. . . နင် ဘယ်လို မေးလိုက်တာလဲ. . . နင်တို့ ငါ့ကို သိပ်စော်ကားနေကြပြီပေါ့. . ၊ နင် ခုထွက်သွား ခုချက်ချင်း ထွက်သွား"

လှိုင်ညွန့်ကို ဒေါသထွက်သွားသဖြင့် သို့ နှင်လွှတ်လိုက်ခြင်းဖြစ်သည်။

"ဘာ. . . နင်က ငါ့ကို နှင်လွှတ်တယ်ပေါ့၊ ငါက သိချင်လို့ မေးတာ"သို့နှယ်ပြောပြီး ချာခနဲ လှည့်ထွက်ခဲ့တော့၏။

ရင်ထဲတွင်မတော့ တစ်ဆို့ကြီး ဖြစ်နေ၏။

"ဒါလေး မေးလိုက်မိသည်တွင် သို့ ဒေါသူပုန်ထ ပြောလာသည်မှာ အနာပေါ်တုတ်ကျ ဖြစ်သွားလို့ပေလား၊ မောင်စိုး၏ ရှေ့ရေးအတွက်စိတ်မချမ်းမသာ ဖြစ်ရတော့၏။

မောင်စိုးအတွက်ကော ရှယ်လီထွန်းအတွက်ကော ဆိုပါတော့။

ဖျတ်ခနဲ ကိုသင်းကြိုင်ဆိုသည့် လူကြီးမျက်နှာကို မြင်လိုက်မိပြန်၏။ သူ ဘာလုပ်သင့်လဲ၊ ဘာလုပ်ရမလဲ။

လုပ်ငန်းခွင်တွင်လည်း စိတ်ဝင်စားမှု မရှိတော့ချေ။ မည်သူနှင့်မျှလည်း စကားပြောလိုစိတ် မရှိတော့ချေ။

မောင်စိုးကလည်း သူ့အပူနှင့်သူ။

ဖိုးလှိုင်ညွန့်သည် ခပ်စောစောပင် စခန်းတဲသို့ ပြန်ခဲ့တော့၏။

ဆင်ကို ရေချိုးပြီးသည်နှင့် လှန်ထားလိုက်ကာ သူသည် တစ်ယောက်တည်း ရှယ်လီထွန်းထံ ထွက်ခဲ့ပြန်၏။

သူ သိချင်သည်မှာ ဟိုလူကြီးတွေ သည်စခန်းတွင် မည်မျှကြာကြာနေကြဦးမည်ကို ဖြစ်၏။

"ဟဲ့. . . သူ့အဖော်နှစ်ယောက် တောထဲ ဝင်သွားတာ သုံးလေးရက်ရှိပြီ"

"ဦးသင်းကြိုင်က ဘာလို့ သူ့အဖော်တွေနဲ့ လိုက်မသွားတာလဲ"

သွေးတိုးစမ်း မေးလိုက်၏။

"ဒီလကုန် ငါစာမေးပွဲရှိတယ်၊ ငါ့ကို စာပြပေးနေရလို့"

"အော်. . . အင်း. . ဟင်း. . . ဟင်း"

"အော်. . ဒါနဲ့ နင် နက်ဖြန် တောတက်ဦးမယ်လား"

"အေး. . . ဘာကိစ္စရှိလို့လဲ"

ဦးလေးသင်းကြိုင် သူ့အဖော်တွေနောက် လိုက်သွားချင်လို့တဲ့ ဟယ်. . . အဲဒါ နင်တို့ လမ်းကြုံခေါ်သွားပေးပါလား"

"ဟင်!"

ဖိုးလှိုင်ညွန့် အံ့အားသင့်သွားတော့၏။

ဟိုလူတွေပဲ ပြန်လာတော့မယ်၊ ဘယ်လိုကြောင့် လိုက်သွားချင်ရတာပါလိမ့်၊ သူ ဉာဏ်မီသလောက် စဉ်းစားကြည့်သည်၊ မရပါချေ၊

"အင်း. . . ငါ သွားချင်မှ သွားမှာဟ"

"သေနာကောင်. . . စောစောက ပြောတော့ တောတက်သွားမယ်ဆို"

"ငါ ဆင်ခေါင်းကြီးကို ပြောပြီး နက်ဖြန် ထမလုံဘက် သွားမလို့ဟ"

"အေးလေ. . . နို့ဖြင့် ကိုစိုးကိုပဲ သွား အကူအညီတောင်းတော့မယ်"

"နင့်သဘောပဲ"ဆိုကာ ဖိုးလှိုင်ညွန့်သည် တဲဘက် ပြန်လှည့်ခဲ့တော့၏၊ မျက်နှာကတော့ မကောင်း၊ တဲရောက်သည်တွင် သူသည် အိပ်ရာပေါ် ပစ်လှဲအိပ်ချလိုက်တော့၏၊ ပက်လက်လှန်၍ နဖူးပေါ် လက်တင်ကာ စဉ်းစားနေလိုက်တော့သည်၊

အစီအစဉ်တစ်ခုကိုလည်း ဆွဲလိုက်သည်၊

သည့်နောက် အိပ်ပျော်သွားတော့သည်၊

နောက်တစ်နေ့နံနက်စောစောတွင် မောင်စိုးတို့သည် တူတူတွဲ

ဆင်သွားကောက်ကြတော့၏။

"ကိုစိုး. . . ခင်ဗျားကို ရှယ်လီ ဘာလာပြောသေးလဲ"

လှိုင်ညွန့်က မေးလိုက်၏။

"ကနေ့ လုပ်ငန်းခွင်ဝင်လျှင် မြို့က စည်သည်ကို တောင်ပိန္နဲ စခန်း လမ်းခွဲနားထိ လမ်းကြုံခေါ်သွားဖို့ ပြောတယ်"

"အဲဒါကို ကိုစိုး ဘယ်လိုလုပ်မလဲ. . . ကျွန်တော့်ကိုလည်း ပြောသေးတယ်၊ ကျွန်တော်က သွားစရာရှိတယ်ဆိုပြီး ငြင်းလိုက်တယ်"

မောင်စိုးက လှိုင်ညွန့်၏ မျက်နှာကို စေ့စေ့ကြည့်ပြီး -

"ဘယ် ကောင်းပါ့မလဲကွာ. . ရှယ်လီထွန်းက အားကိုးတကြီး အကူအညီတောင်းလာတော့လည်း ပေးရမပေါ့"ဟု ပြောလေ၏။

သူတို့သည် ဆင်ကောက်ပြန်ခဲ့ကြပြီး နံနက်ပိုင်း လုပ်ငန်းခွင် သို့သွားရန် ပြင်ဆင်နေကြသည်တွင် ရှယ်လီထွန်းနှင့်အတူ ဦးသင်းကြိုင် ရောက်လာလေ၏၊ ဦးသင်းကြိုင်သည် ကာကီရောင် ဘောင်းဘီအရှည်၊ ဂျင်းရှပ်အကျႌလက်တိုနှင့်ဖြစ်၏၊ ခါးတွင် ခါးပတ်ပြားကြီး ပတ်ထားလေ ပြီး အမဲလိုက် ဓားမြှောင်ကို ချိတ်ထား၏၊ ဝင်ချက်စတာ နိုင်ဖယ်ကို လက်မှ ကိုင်ထားလေ၏။

"ကိုစိုး. . . သွားကြတော့မယ်လား"

ရှယ်လီထွန်းက မေး၏။

"အေးလေဟာ. . လာလေ ငါ့ဆင်က ဒီမှာ"

ရှယ်လီထွန်းက ဦးသင်းကြိုင်ကို သို့ ခေါ်လိုက်ပြီး လှိုင်ညွန့် ရှေ့မှဖြတ်၍ မောင်စိုး ဆင်ရှိရာသို့ ဦးဆောင်သွားလိုက်၏။

လှိုင်ညွန့်ကို ဘာ မကျေနပ်လေသည်မသိ၊ မျက်စောင်းထိုး ကြည့်သွားလေတော့၏။

လှိုင်ညွန့်သည် ရှယ်လီထွန်းကို မကျေနပ်သည်တော့ အမှန်၊ ထိုလူကြီး တောထဲ ဆင်လမ်းကြုံလိုက်တာပဲ ဆင်ခေါင်းကြီးကို ပြောလိုက်

လျှင်ပြီးသည့် ကိစ္စ၊ ခုတော့ ဘာကြောင့် ရှယ်လီထွန်း အကူအညီဖြင့် သွားလိုရ လိုက်လိုရပါသနည်း။ ပြီးတော့ မောင်စိုးဆင်နှင့် လိုက်ပါမည် ဆိုတော့ ဒါသက်သက် လုပ်ဇာတ်ခင်းတာ ဖြစ်လိမ့်မည်။

ထိုလူကြီး လုပ်တာပဲလား၊ ရှယ်လီထွန်း လုပ်တာပဲလား မသိ၊ မောင်စိုးကို သူ ကြည့်လိုက်၏။ မျက်နှာတော့ မကောင်း

သည့်နောက် သူတို့စခန်းမှ ထွက်ခဲ့ကြတော့၏။

ရှယ်လီထွန်းသည် ထိုလူကြီးအား လက်ပြနှုတ်ဆက်လေ သေး၏၊ သည်သို့ဖြင့် သူတို့သည် သစ်ထုတ်ကွက်သို့ တစ်စုတစ်ဝေး လာကြ သည်တွင် သဃ်န်းမြောင်တွင် အသီးသီးတစ်စတစ်စ ကိုယ့်လုပ်ငန်းကွက် များရှိရာသို့ လမ်းခွဲထွက်သွားကြတော့၏။

လှိုင်ညွန့်နှင့် မောင်စိုးတို့၏ လုပ်ငန်းခွင် သစ်ကွက်သည် အထက်ပိုင်းတွင် ဖြစ်သည်ကြောင့် ဆင်နှစ်ကောင် ရှေ့ဆင့်နောက်ဆင့် သွားကြ၏၊ လှိုင်ညွန့်၏ လုပ်ကွက်သည် တောင်ပိန့်စခန်း လမ်းခွဲအထက် ပိုင်းတွင်ရှိ၏၊ သို့ကြောင့် မောင်စိုးသည် ရှေ့က၊ လှိုင်ညွန့်သည် နောက် က ခပ်လှမ်းလှမ်း လိုက်ပါခဲ့ခြင်းဖြစ်၏။

ဦးသင်းကြိုင်သည် ဆင်ပေါ်မှနေ၍ ဟိုကြည့်၊ သည်ကြည့်ဖြင့် သာ လိုက်ပါခဲ့၏။ စကားစမြည် ပြောဆိုခြင်း မရှိချေ။

မောင်စိုးအား အဖက်မတန်ဟုတွက်၍ပင် မပြောလေခြင်း လား၊ စကားနည်းသူ ဖြစ်ခြင်းကြောင့်ပေလား၊ မသိပါချေ။

"ဝူး"

"ဝူ ဝူး"

သို့ သွားနေရင်းမှ ဆင်လမ်းနံဘေး သစ်ပုပ်ပင်ကြီးပေါ်တွင် မျောက်လွှဲကျော်တစ်ကောင်ကို လှမ်းတွေ့လိုက်သဖြင့် -

"ခဏလောက် ရပ်ပေးပါလား"

ဦးသင်းကြိုင်က သစ်ပုပ်ပင် ကိုင်းဖျားပေါ်မှ မျောက်လွှဲကျော်

ကို သေချာ စိုက်ကြည့်၍ ပြောလိုက်၏။

မောင်စိုးက သူ့ဆင်ကို ရပ်လိုက်သည်။

ရှေ့မှ သွားနေသောဆင် ရပ်လိုက်သည်ကြောင့် နောက်မှ လိုက်ပါလာသော လှိုင်ညွန့်သည် သူ့ဆင်ကိုလည်း ရပ်လိုက်သည်။

ဦးသင်းကြိုင်သည် ငြိမ်သက်စွာ ရပ်နေသော ဆင်ပေါ်မှနေ၍ အခြေကျကျ ထိုင်နေလျက်မှပင် သစ်ပုပ်ပင် ကိုင်းများပေါ်ရှိ မျောက်လွှဲကျော်ကို သေချာချိန်တွယ်ပစ်လိုက်တော့သည်။

“ဒိန်း”

“ဟာ”

အတော် လက်မှန်းတည့်သော သူပါကလား။

မြေပြင်တွင် ပုံ့ပုံ့လေးခွေလျက် ငြိမ်သက်နေသော မျောက်သေကို မောင်စိုးက ဆင်းကောက်ပေးလေ၏။

သည့်နောက် ခရီးဆက်ခဲ့ကြပြန်သည်။ လှိုင်ညွန့်သည် သူ့လုပ်ငန်းနေရာသို့ သွားရန် လမ်းခွဲနေရာအရောက်တွင် မောင်စိုးကို နှုတ်ဆက်၍ နွေရာသီတွင် လမ်းအဖြစ် အသုံးပြုသည့် ချောင်းအတွင်း ဝင်လိုက်၏။

သို့ပြား လှိုင်ညွန့်သည် သူ့လုပ်ငန်းရှိရာ သစ်ကွက်သို့ မသွားလေဘဲ ချောင်းဝအဝင်တွင် နားနေလိုက်၏။ အတန်ကြာတွင် ချောင်းဝသို့ ပြန်ထွက်ခဲ့၏။ ဟုတ်ပြီ. . မောင်စိုးတို့ ဆင် အရိပ်အရောင်ပင် မမြင်ရတော့ချေ။ သည်တော့ လှိုင်ညွန့်သည် မောင်စိုး၏ဆင်လမ်းကြောအတိုင်း သူ့ဆင်ကို လိုက်ခဲ့စေတော့၏။

တောင်ပိန္နဲစခန်းလမ်းခွဲသို့ ရောက်သည်တွင် သူ့ဆင်အား မောင်စိုး၏ဆင် ခြေရာနောက် ဆက်မလိုက်စေတော့ပဲ တောင်ပိန္နဲစခန်းလမ်းအတိုင်း ဝင်ခဲ့လေတော့၏။

ဖိုးလှိုင်ညွန့် ဘယ်လိုကြောင့် တောင်ပိန္နဲစခန်းဘက် လာနေပါ

လိမ့်၊ ဆင်ပေါ်မှနေ၍ ရှေ့သို့ တမျှော်မျှော်ဖြင့် ကြည့်နေ၏၊ ဘေးဘီ သို့ ကြည့်နေ၏၊ သို့သွားရင်း မကြာခဏဆိုသလို ဆင်ကိုရပ်လိုက်ပြီး ဆင်ပေါ်မှဆင်းကာ မြေပြင်ကို သေချာစေ့စပ်ကြည့်လေ၏၊ လူတစ်ယောက်၏ခြေရာကို ရှာဖွေနေခြင်းဖြစ်၏၊ ယခု ခရီးနေရာတိုင် သူ လိုက်နေသော ခြေရာရှင်သည် မည်သည့်မြောင်၊ မည်သည့်လမ်းခွဲ. . မည်သည့် တောင်ကြောစွယ်ပေါ်သို့ လမ်းခွဲသွ ားခြင်း၊ တက်သွားခြင်း၊ ဝင်သွားခြင်းမရှိသေးချေ၊ သို့ဖြစ်၍ တောင်ပိန္နဲဆင်စခန်းသွား လမ်းမကြီးအတိုင်း ခရီးဆက်ခဲ့ပြန်၏၊

ဟုတ်ပြီ. . . တောင်ပိန္နဲစခန်းနား အရောက်တွင် ချုံနွယ်ပင်တို့ဖြင့် အောက်ပေါင်းရှုပ်သော တောင်ကြောဘက် လမ်းခွဲဆင်လမ်းအတွင်း သူတစ်ယောက် ဖြတ်ဝင်သွားသည်ကို တွေ့လိုက်သည်ကြောင့် သူ့ဆင်အား ထိုတောင်ကြော လမ်းမြောင်လေးအတိုင်း လိုက်ဝင်စေတော့၏၊

"ဝူး. . ."

"ဝူး" "ဝူ" "ဝူး"

သူ့ဆင်က သို့ အသံပြုလိုက်သည်ကြောင့် ရှေ့မှ သွားနေသော သူသည် နောက်လှည့်ကြည့်လိုက်၏၊

ဟင်. . . ဆင်ကြီးတစ်ကောင်ပါကလား ရုတ်တရက်မို့ ထိတ်လန့်သွား၏၊ သို့ပေမယ့် ဆင်ဦးကင်းပေါ်တွင် လူတစ်ယောက် စီးနင်းလိုက်ပါခဲ့ခြင်းကြောင့် တောဆင်ရိုင်း မဖြစ်နိုင်၊ အိမ်ဆင်၊ ခိုင်းဆင်သာ ဖြစ်လေသည်ကြောင့် ထိုဆင်အား လမ်းဖယ်ပေးသည့်သဘောဖြင့် လမ်းနံဘေးသို့ ကပ်ဖယ်ပေးလိုက်ရင်း ဆင်စီးလာသူကို မော့ကြည့်လိုက်၏၊

"ဟင်!"

သူ တွေ့ဖူး မြင်ဖူးနေသည့် ဆင်ဦးစီးလေးပါကလား၊ ဘယ်မှာ တွေ့ဖူးပါလိမ့်၊ ဟာ. . ဟုတ်ပြီ. . စောဒေးဗစ်တို့အိမ်မှာပဲ၊ ဟုတ်ပါပြီ၊

"ဦးကြီး ဘယ်သွားမလို့လဲ. . . ငါနဲ့ လိုက်ခဲ့လေ"ဟု ဆင်ပေါ်မှ လှမ်းအော်ပြောလာပြီး "မက်. . မက်. . . မက်"ရယ်လို့ သူ့ဆင်၏ နားရွက်နောက်ကို ခြေဖြင့် ခတ်ကာ ခတ်ကာ ပြောသည်တွင် ဆင်ကြီးသည် ရပ်တန့်လိုက်ပြီး နှာမောင်းကို ရမ်းကာ ခန္ဓာကိုယ်ကြီးကို ယိမ်းကာနွဲ့ကာဖြင့် မြေပြင်တွင် ဝပ်ချလာတော့၏။

"လာလေ. . . ဦးကြီး ကျွန်တော်လည်း အဲဒီတောင်ကြောဘက် သွားမလို့. . ."

"အေး. . . ကျေးဇူးတင်တယ်ကွာ. . . ဒီလမ်းလေးက သရက်နှစ်ပင်လမ်းသွားတာ မဟုတ်လား၊ အဲဒီမယ် ငါ့မိတ်ဆွေ ရှိနိုင်တယ်"

ဦးသင်းကြိုင်သည် သို့ပြောကာ မြေပြင်တွင် ဝပ်တွားနေသော ဆင်ကြီး၏ ဒူးဆစ်ပေါ်နင်း၍ ကျောပေါ်သို့ ခွတက်ထိုင်လိုက်ပြီးသည်နှင့် ဆင်ကြီးသည် သခင်နိုင်းသည့်အတိုင်း ထရပ်လိုက်လေတော့သည်၊ ပြီးနောက် ဆင်လမ်းလေးအတိုင်း ယိမ်းနွဲ့ကာ လျှောက်လှမ်းသွားလေတော့သည်။

"မင်း ဒေးဗစ်တဲ့ လာလာနေတဲ့ ကောင်လေး မဟုတ်လား" ဟု မေးလိုက်၏။

လှိုင်ညွန့်က ဦးသင်းကြိုင်၏ အမေးကို ယဲ့ယဲ့တစ်ချက် ပြုံးလိုက်ပြီး "ဟုတ်တယ်. . ရှယ်လီထွန်းနဲ့ အမြဲ တွေ့တွေ့နေတတ်တဲ့ ဦးကြီးကိုတော့ ကျွန်တော် မှတ်မိနေပါတယ်ဗျာ"

ဟု ခနဲ့တဲ့တဲ့ ပြောလိုက်လေသည်တွင် -

"အေး. . . အေး. . . ငါလည်း မင်းကို မှတ်မိပြီ၊ နောက်တစ်ယောက်ရှိပါသေးတယ်ကွာ၊ ဟုတ်ပြီ. . ဟုတ်ပြီ. . ငါ မနက်က စီးခဲ့တဲ့ ဆင်ဦးစီးလေးက မင်းသူငယ်ချင်းလား"

"ဟုတ်၊ သူ့ခမျာ ဦးလေးကြောင့် စိတ်ဆင်းရဲနေရရှာတယ်"

"ဘာ. . ဘယ်လို. . ဘာကြောင့်များတုန်း"

အံ့အားသင့်ဟန်ဖြင့် ဦးသင်းကြိုင် မေးလိုက်၏။

"ဟင်း. . ဟင်း. . ဟင်း. . ဘယ်လို မေးလိုက်ပါလိမ့်ဗျာ. . ကိုယ့်အကြောင်း ကိုယ်သိမပေါ့. . ရှင်းရှင်းမေးမယ်ဗျာ၊ မှန်မှန်ပြော. . ရှယ်လီနဲ့ဦးကြီး ဆက်ဆံရေးကို မကြိုက်ဘူးဗျာ၊ ဦးလေး သူ့ကို ကြိုက်နေသလား။ သူ့မယ် ချစ်သူရှိတယ်။ သူ့ချစ်သူက ကောကပြောတဲ့ ငါ့သူငယ်ချင်းပဲ"

လှိုင်ညွန့်၏ နိုင်းပျသောစကားကြောင့် ဦးသင်းကြိုင်တစ်ယောက် ဒေါသအမျက် ထွက်သွားတော့၏။

"မင်း. . . မင်း. . ဘာစကား ပြောတာလဲ. . "

"လူ့စကား ပြောတာပေါ့ဗျ. . လူလို ပြောတာပေါ့ဗျ"

အတော် လူပါးဝတဲ့ကောင်လေးပါကလား။ စကားကို ဆင်ဆင်ခြင်ခြင်း ပြောပါကွ၊ မင်းဆင်ကို အခု ရပ်လိုက်ပါ။ ငါ့ဘာသာ လမ်းလျှောက်သွားမယ်"

"ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဟား . . "

"ခင်ဗျားကြီး ကိုယ့်ဘာသာ ကိုယ်သဘောနဲ့ ဆင်ပေါ်က ဆင်းလို့ မရတော့ဘူး။ ဒီတော့ ငါချပေးမယ်ကွာ"ဆိုပြီး သူ့ဆင်ကို ဘယ်လိုလုပ်လိုက်သည်မသိ၊ တစ်ကိုယ်လုံး တုန်ခါသွား၏။ သူ၏ ကျောပေါ်မှ လူကို လှုပ်ခါ ချလိုက်ခြင်းဖြစ်၏။ လှိုင်ညွန့်ကတော့ သူ့လုပ်ရပ် သူသိသည်ကြောင့် ဆင်နားရွက်နှစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်ပြီး ဖြစ်၏။ သို့ကြောင့်လည်း သူက ဆင်ပေါ်မှ ပြုတ်မကျခြင်းဖြစ်သည်။

ဦးသင်းကြိုင်ကတော့ သို့ဖြစ်လာမည် ကြိုတင် သိမထားလေသည်ကြောင့် ဆင်ပေါ်မှ ခြေလွတ်လက်လွတ် ပြုတ်ကျသွားတော့သည်။

"အား"

မြေပြင်သို့ ပြုတ်ကျသွားသော ဦးသင်းကြိုင်တစ်ယောက် ကဗျာ

ကသီ လူးလဲပြန်ထရန် ကြိုးစားနေစဉ်မှာပင် ဆင်ကြီး၏ ကြီးမားသော ခြေထောက်ကြီးသည် သူ၏ ဦးခေါင်းအား ဖိနင်းဂျလာလေတော့၏။

"အွတ်"

သွားတို့ ကျွတ်ထွက်ကုန်၏။ နှာခေါင်း၊ နား၊ ပါးစပ်တို့မှ သွေးတို့ ထွက်ကျလာတော့သည်။ ဦးဆက်မှနေ၍ ဦးနှောက်တို့ ပွင့်ထွက်လာတော့၏။

"ဝူး"

ဆင်ကြီးသည် အောင်နိုင်သူ ဝင့်ကြွားဟန်ဖြင့် အာခေါင်ကို ခြစ်အော်လိုက်လေသည်။

ဆင်ကြီးသည် လာလမ်းအတိုင်း ပြန်ထွက်ခဲ့တော့၏။ ဆင်ကြီး၏ လုပ်ရပ်သည် သူ့သခင်၏ စေခိုင်းချက်များပင် ဖြစ်ချေတော့၏။

ဦးသင်းကြိုင်တစ်ယောက် ဦးခေါင်း ပြားချပ်လုမတတ် ပုံသဏ္ဍာန်ဖြင့် ခွေခေါက်လဲကျပြီး ငြိမ်သက်စွာ ကျန်ရစ်ခဲ့လေတော့၏။

❑ ❑ ❑ ❑ ❑

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ စိတ်မချမ်းမြေ့စွာဖြင့် ခေါင်းကို ခါယမ်းပြလိုက်ကြသည်။

ရက်စက်လိုက်တာ၊ လူတစ်ယောက်ရဲ့အသက်ကို ဖက်ရွက်လေးတစ်ရွက်လောက်မှ တန်ဖိုးမထားပါကလား။ ပုရွက်ဆိတ်လေး ဟစ်တောင်ကို လက်မနှင့် ဖိကြိတ်သတ်သလို မိတ်ဆွေကြီး ကိုသင်းကြိုင်ကို ဆင်ကြီးက အရှင်လတ်လတ် ဖိကြိတ်သတ်ခဲ့လေသည်ပဲ။

ကျွန်တော်သည် သို့နှယ်ဖြစ်ကြောင်းတုန်စင် ပြောပြလာသည့် လှိုင်ညွန့်ကို စေ့စေ့ကြည့်လိုက်တော့သည်။

"ဟင်!"

လှိုင်ညွန့်၏မျက်နှာသည် တစ်စုံတစ်ရာကို ဖုံးကွယ်လို၍ လိမ်ညာပြောနေဟန် ပေါ်လွင်ပုံရ၏။

"ကိုလင်း"

တိုးညင်းစွာ ခေါ်လိုက်ပြီး လှိုင်ညွန့်မျက်နှာကို အကဲခတ် ကြည့်ရန်အလို့ငှာ မျက်ရိပ်ပြလိုက်၏။

ကိုသင်းကြိုင်ကိစ္စနှင့်ပတ်သက်၍ လုပ်ကြံမှု ဖြစ်သည်မှာ သေချာသွားပေပြီ။ မတော်တဆမှုလည်း မဖြစ်နိုင်၊

သူ သို့ကြောင့် သည့်နှယ် သတ်လိုက်ရပါသည်လို့ ဝန်ခံခဲ့ခြားသူသည် တရားခံအစစ် မဖြစ်နိုင်ပါချေ။

ကျွန်တော့်ထင်မြင်ချက် မမှားလေဘူးဆိုပါလျှင် အချိန်ယူ၍ စုံစမ်းမည်ဆိုပါလျှင် တရားခံအစစ်အမှန်ကို ဖော်ထုတ်နိုင်ပါလိမ့်မည်။

ဆင်ဦးစီးလေး လှိုင်ညွန့်သည် တရားခံအစစ် လုံးဝ မဖြစ်နိုင်ပါချေ။ သို့ကြောင့် -

"တဲ. . . ကိုခင်မောင်မြင့်ရေ. . . ကျွန်တော်တို့ နက်ဖြန်ပြန်မယ်. . ဂရားခံကို ခေါ်သွားကြမယ်၊ သည်တစ်ညတော့ သူ့ကို လွတ်လွတ်လပ်လပ် နေပါစေဗျာ"

"ကျွန်တော် ထွက်ပြေးလျှင် ဘယ်လိုလုပ်မလဲ"

ကျွန်တော်သည် လှိုင်ညွန့်ကို ပြုံးပြလိုက်ပြီး -

"မင်း ထွက်ပြေးချင်သပဆို ပြေးပေါ့ကွာ. . မင်းသူငယ်ချင်းကို သက်သေအနေနဲ့ ခေါ်သွားမှာပေါ့"ဟု ပြောလိုက်သည်တွင် လှိုင်ညွန့်တစ်ယောက် မျက်စိမျက်နှာ ပျက်သွားပြီးလျှင် -

"ကျွန်တော့်ကိစ္စ ကျွန်တော့်သူငယ်ချင်းနဲ့ ဘာဆိုင်လို့လဲဗျာ"

"ဆိုင်တော့ မဆိုင်ဘူးပေါ့ကွာ. . . နို့ပေမယ့် မင်းဝန်ခံတယ်ဆိုတာ သူလည်း သိနေတာပဲ. . . ဒီတော့ သူ့ကို သက်သေထွက်ခိုင်းဖို့ ခေါ်သွားရမှာပါကွာ. ."

"ဟင်း!"

လှိုင်ညွန့်သည် သို့နှယ် ပါးစပ်ကို ရှုံ့လိုက်ကာ သက်ပြင်းချလိုက်ပြီး မျက်နှာတစ်ဖက် လှည့်သွားတော့၏။

သည်တွင် ကျွန်တော်က လင်းမြင့်လှိုင်ကို ပြုံးပြလိုက်ပြီး လှိုင်ညွန့်အား -

"မင်း လွတ်လွတ်လပ်လပ် နေပါ. . . မင်းတဲမှာ မင်း ပြန်နေချင်လည်း ရတယ်။ နက်ဖြန်မနက် တို့မြို့ပြန်လေမှ မင်းကို လာခေါ်မယ်"

သည်တွင် လှိုင်ညွန့်သည် လှစ်ခနဲ ထလိုက်ကာ "နို့ဖြင့် ကျွန်တော်ပြန်လိုက်ဦးမယ်"ဟု ပြော၍ ထွက်သွားလေတော့၏။

ဝဏ္ဏာမငြိမ်ဖြစ်နေသော သူ့ကိုကြည့်၍ ကျွန်တော်သည် လင်းမြင့်လှိုင်အား တိုးညှင်းသောလေသံဖြင့် -

"ညကျ တရားခံအစစ် သိရပေတော့မယ်ဗျို့"ဟု ပြောလိုက်လေတော့၏။

"ဘယ်သူတုန်း"

လင်းမြင့်လှိုင်က မေးလေသည်တွင် ကျွန်တော်သည် -

"ကိုခင်မောင်မြင့်ရေ. . . စောဒေးဗစ်နဲ့ မတွေ့တာလည်း ကြာပြီ. . ကျွန်တော်နဲ့ ကိုလင်း သူ့တဲသွားလိုက်ဦးမယ်၊ ညစာတော့ အဲဒီမှာပဲ စီစဉ်ခိုင်းလိုက်တော့မယ်။ ကျွန်တော်တို့က နက်ဖြန် ပြန်ကြမယ်ဆိုတော့ နှုတ်ဆက်ချင်တာလည်း ပါတယ်။ ပြီးတော့ ကိုသင်းကြိုင်နဲ့ ပတ်သက်လို့ တလေးမလေး စိတ်မကောင်းဖြစ်နေတာကိုလည်း နှစ်သိမ့်စကားပြောရပေဦးမယ်ဗျို့"

သို့ဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို ခေါ်၍ စောဒေးဗစ်အိမ်သို့ သွားလိုက်ကြတော့သည်။

"ကိုပိုက်. . ဟိုမယ်. . ဖိုးလှိုင်ညွန့်လေး မဟုတ်လား"

ကျွန်တော်တို့ စောဒေးဗစ်အိမ်နား ရောက်လုတွင် လှိုင်ညွန့်တစ်ယောက် စောဒေးဗစ်အိမ်မှ ခြေလှမ်းသွက်သွက်ဖြင့် ထွက်သွားသည်ကို တွေ့ရ၏။

ခြံဝမှအထွက် ကျွန်တော်တို့ကို လှမ်းတွေ့လိုက်ပေမယ့် မမြင်ဟန်ဆောင်၍ ခေါင်းငိုက်စိုက် သုတ်ခြေတင် ထွက်သွားခြင်းဖြစ်တော့၏။

ကျွန်တော် ပြုံး၍သာ နေလိုက်၏။ ကျွန်တော် ထင်ထားသည်အတိုင်း ဖြစ်လာနိုင်သည်ဆိုသော သာဓကတစ်ခုပင်ဖြစ်သည်။

"ဟာ. . . ဆရာကြီးတို့ လာကြဗျာ. . လာကြ. . လာကြ"

ကျွန်တော်တို့ ရောက်လာသည်ကို မြင်လိုက်သည်နှင့် စောဒေးဗစ်က တဲပေါက်ဝမှနေ၍ အားရဝမ်းသာ ခေါ်လေ၏။

"ဟဲ့. . . ညီမလေး သွား အိမ်ထဲဝင်ချေ၊ ဧည့်သည် လူကြီးတွေလာတယ်၊ ငါ ယူလာတဲ့ ပွေးကောင်လေးကို အတုံးလေးတွေ ခုတ်ပြီးကြွပ်ကြွပ် ကြော်ခဲ့ချေ၊ ပြီးတော့ မျောက်ချေးခါးလေးကို ဆီပူထိုးခဲ့ချေ"

သို့ စောဒေးဗစ်က တဲရှေ့လသာဆောင် ကပြင်တွင် ထိုင်နေသည့် ခယ်မဖြစ်သူကို လှမ်းပြောလိုက်သည်တွင် သူမသည် နေရာလေးမှ ထ,ကာ တဲအတွင်းဘက် ဝင်သွားရန် အထလိုက်တွင် -

"ဟဲ့. . . သမီး. . ညည်းသူငယ်ချင်း လှိုင်ညွန့် ဘာလာလုပ်တာလဲ"ဟု မေးလိုက်၏။

သည်တွင် သူမသည် ကျွန်တော့်အား မဝံ့မရဲကြည့်ကာ "ဟို. . . သူ. . လာတာလား. . ကိုစိုးကို လာမေးတာ"

"ဘယ်လို. . . ဘယ်လို"

"အော်. . . ဆင်ဦးစီးကိုစိုး ဒီမယ် လာလားဆိုပြီး လာမေးတာ"

"အော်. . အေး. . အေး. . နေပါဦးကွယ်၊ ဒီကောင် လှိုင်ညွန့်က ညည်းဦးလေး ကိုသင်းကြိုင်ကို ရက်ရက်စက်စက် သတ်တဲ့သူဆိုတာ မသိဘူးလား"

"သိ. . သိပါတယ်"

ထိတ်လန့်စွာ ဖြေလေ၏။

"သိလျှင်ဖြင့် သူ့ကို မနာကျည်းဘူးလား၊ လူသတ်သမားရယ်

လို့ မကြောက်ပေဘူးလား"

သို့ ပြောလိုက်သည်တွင် သူမသည် မျက်လုံးလေး ဝိုင်းသွားပြီး-

"သူ သတ်တာ မဟုတ်ပါဘူး"

"ဟေ"

ကျွန်တော် လင်းမြင့်လှိုင်ကို လှမ်းကြည့်လိုက်၏။ 'ရှယ်လီထွန်း' က ဖိုးလှိုင်ညွန့်က လူသတ်သမား မဟုတ်ဘူးရယ်လို့ အတတ်ပြောနိုင်ပါလိမ့်၊ သို့ဆိုပါလျှင်ဖြင့် ကျွန်တော် ထင်ထားသူ မလွဲစေကန် ဖြစ်ပေလိမ့်မည်။ သို့ဖြစ်၍ ကျွန်တော်က -

"ညည်းက ဘာလို့ လှိုင်ညွန့်သတ်တာ မဟုတ်ဘူးလို့ ပြောရတာလဲ. . . လှိုင်ညွန့်သတ်တာ မဟုတ်ဘူးဆိုတော့ တစ်ယောက်ယောက်သတ်တာ သိမှပေါ့. . . ဘယ်သူ သတ်တယ် ထင်လဲ"

ကျွန်တော့်အမေးကြောင့် ရှယ်လီထွန်းတစ်ယောက် မျက်စိမျက်နှာပျက်သွားတော့သည်။ ပြီး ကဖျာကသီ မျက်နှာကို ပြင်လိုက်ပြီး-

"သမီးတော့ သူ မသတ်ဘူးလို့ ထင်တာ ပြောတာပါ၊ ဘာလို့လဲဆိုတော့ ဖိုးလှိုင်ညွန့်က အင်မတန် နူးတာ၊ အင်မတန် အေးတာ၊ အင်မတန် ကြောက်တတ်တာကလား. . ."

သို့ သူမ ပြောနေစဉ် -

"ဟဲ့. . . ညီမလေး နောက်မှ စကားလာပြော ငါပြောတာတွေ သွားစီစဉ်လာခဲ့"ဟုပြောပြီး ကျွန်တော်တို့ဘက် လှည့်ကာ -

"ဆရာကြီးတို့ ထိုင်ကြလေ. . ကျွန်တော် တစ်လုံးလောက် သွားယူလိုက်မယ်"

"နေ. . . နေ ကိုဒေးဗစ် ကိုခင်မောင်မြင့်အိမ်ကိုသာ သွား၊ ကျွန်တော်တို့ လွှတ်လိုက်တာလို့ ပြော. . . အဲဒီမယ် ကိုလင်း အိတ်ထဲတာ ဝီစကီတစ်လုံး ယူပေးလိုက်ပါလို့ ဟုတ်လား"

"ဟုတ်ကဲ့"ဆိုကာ ဓာဒေးဗစ်သည် တဲပေါ်မှ ဆင်းသွားလေ

တော့၏။

အတန်ကြာတွင် ပြန်ရောက်လာ၏၊ ဝီစကီတစ်လုံးအပြင် ဆတ်သားခြောက်မွကြော် တစ်ပန်းကန် ပါလာ၏။

အတန်ကြာတွင် ရှယ်လီထွန်းကလည်း မျောက်ချေးခါးနှင့် မွှေးကောင်သား အကြွပ်ကြော်များ လာပေး၏။

"အေး. . . ညည်းသွားတော့"

စောဒေးဗစ်က ရှယ်လီထွန်းတစ်ယောက် စကားစမြည် နားထောင်လိုဟန် ပြောလိုဟန်ဖြင့် ကျွန်တော်တို့ဝိုင်းနား ထိုင်လိုက်မည် အလုပ် စောဒေးဗစ်ကသို့ပြောလွှတ်လိုက်သည်ကြောင့်-

"နေပါစေ ကိုဒေးဗစ်. . ကျွန်တော်တို့အတွက် အနှောင့်အယှက်မဖြစ်ပါဘူး၊ ပြီးတော့ သူနဲ့လည်း မပြန်ခင် စကားစမြည် ပြောချင်လို့ပါ"ဟု ပြောလိုက်သည်တွင် စောဒေးဗစ်တစ်ယောက် မျက်နှာပျက်သွားတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် စကားစမြည် ပြောဆိုရင်း ထွေရာလေးပါး စကားပြောနေ၏၊ သို့ထွေရာလေးပါး စကားများတွင် ကိုသင်းကြိုင်အကြောင်း လုံးဝ မပါ၊ ဖိုးလှိုင်ညွန့်အကြောင်း လုံးဝမပြော၊ စကားဝိုင်းလေးက စိုစိုပြည်ပြည်၊ အမဲလိုက် အတွေ့အကြုံများ ပြောကြဆိုကြ၊ စိတ်ဝင်စားဖွယ် မသိသည်များကို ရှယ်လီထွန်းက ဝင်ဝင်မေးလေ၏၊

ကျွန်တော်တို့ကလည်း စိတ်ရှည်လက်ရှည် ရှင်းပြကြလေ၏၊ သို့ ရှိစဉ် စောဒေးဗစ်သည် တဲရှေ့အောက်လမ်းဘက် လှမ်းကြည့်ပြီး မျက်စိမျက်နှာပျက်သွားသည်ကြောင့် ကျွန်တော်က တဲရှေ့သို့ လှမ်းကဲကြည့်လိုက်၏၊ ဆင်ဦးစီး မောင်စိုးနှင့် လှိုင်ညွန့်တို့ဖြစ်သည်၊ ကြည့်ရသည်မှာ ဤတဲသို့ လာကြခြင်း ဖြစ်မည်၊ ကျွန်တော်တို့ ရှိနေခြင်းကြောင့် ကပျာကသီ ပြန်လှည့်ထွက်သွားကြပုံရ၏။

"ကိုဒေးဗစ်. . . သူတို့ ဒီလာချင်လို့ ထင်တယ်၊ ခေါ်လိုက်ပါ

ဗျာ. . ကျွန်တော်တို့လည်း နက်ဖြန် ပြန်ကြတော့မှာ"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် -

"ရတယ် ဒီကောင်တွေ ညီမလေးဆီ လာကြတာ. . . ဟဲ. . ညီမလေးသွားလေ. . . နင့်ဆီ သူတို့လာကြတာ ဖြစ်မယ်"

"ဟုတ်ကဲ့. . ကိုဒေးဗစ်"ဆိုကာ ရှယ်လီထွန်းသည် ကျွန်တော်နှင့်လင်းမြင့်လှိုင်အား ပြုံးပြနှုတ်ဆက်ပြီး တဲအောက် ဆင်းသွားလေတော့သည်။

"ကိုဒေးဗစ်ရယ်. . ခင်ဗျားနှယ်ဗျာ. . ကိုယ့်နှမလေးကို အချိန်အခါမရွေး လိုက်သွားခိုင်းရတယ်လို့. . . ပြောစရာရှိ ဒီမယ် လာပြောကြပါစေပေါ့"

သို့ ကျွန်တော်က ပြောလိုက်၏။

"ကိစ္စမရှိနိုင်ပါဘူး၊ မောင်စိုးနဲ့ ညီမလေးက ဒီနွေပေါက်လျှင်ဖြင့် လက်ထပ်ကြတော့မှာလေ. . . သူတို့က ချစ်သူရည်းစားတွေပေါ့"

"အော်. ."

သို့နှယ် အာမေဋိတ်ပြုလိုက်ပြီး အရက်တစ်ခွက် ငုံ့သောက်လိုက်၏။

"တဲ. . ကိုလင်း ပြန်ကြစို့၊ မနက် စောစော သွားရဦးမယ်မဟုတ်လား"

"ဟာ. . . နေကြပါဦးဗျာ. . ဘယ်လိုဖြစ်သွားကြတာတုန်း"

စောဒေးဗစ်က ဖဲ့အားသင့်စွာ ပြောလာ၏။

သို့ပေမယ့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တဲပေါ်မှ ဆင်းလာခဲ့ကြတော့၏။ စောဒေးဗစ်တစ်ယောက် အတော်ကလေး မူးနေပြီဖြစ်၏။ ကျွန်တော်တို့ထက် ပိုမူးလေမပေါ့. . . ကျွန်တော်နှင့် လင်းမြင့်လှိုင်တ သူ့ခွက်ထဲချည်း အလျှင်မပြတ် ထည့်ပေးခဲ့ကြသည်ကိုး၊ ယခုလည်း လက်ကျန်အရက်များကိုသောက်ရင်း ကျန်ရစ်ခဲ့တော့၏။

"ကိုပိုက်. . . ဒီည တရားခံအစစ် သိရမယ်ဆို"

လင်းမြင့်လှိုင်က မေးလာ၏၊

"သိရပြီကောဗျာ. . လာ မောင်စိုးတဲဘက် သွားကြဦးစို့"

"တရားခံက မောင်စိုးလား"

"ဟိုရောက်တော့ သိရမပေါ့ဗျာ"

"စောစောက မောင်စိုးနဲ့ လှိုင်ညွန့် လာသွားကြသေး မဟုတ်လား. . . သူ့တဲမယ် ဘယ်လိုရှိနိုင်ပါ့မလဲ"

"သိပ် ရှိတာပေါ့ဗျာ"

သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင် မောင်စိုးတဲနားသို့ မှောင်ရိပ်ခို၍ ကပ်သွားလိုက်ကြတော့သည်၊

"မင်း စဉ်းစားဦး. . . လှိုင်ညွန့်. . . မင်း အဲဒီလို လုပ်တာ တန်ရဲ့လား"

တဲအတွင်းမှ မောင်စိုး၏ စကားသံကို စ၍ ကြားလိုက်သဖြင့် ငြိမ်သက်စွာ နားစွင့်နေလိုက်တော့သည်၊

"တန်တယ်. . . ကျွန်တော်ဟာ တစ်ကောင်ကြွက်၊ ကိုစိုးက ရှယ်လီကို တကယ်ချစ်တာ၊ ရှယ်လီကလည်း ကိုစိုးကို တကယ်ချစ်တာ၊ သိပ်ချစ်ကြတဲ့ ချစ်သူတွေ ဘာလို့ ရှင်ကွဲကွဲချင်ရတာတုန်း"

"ဟုတ်ဘူးလေကွာ. . . မင်းမှ ဦးသင်းကြိုင်ကို မသတ်တာ ချည်း"

"ကျွန်တော် မသတ်ပေမယ့် ကျွန်တော် သတ်သလိုပဲပေါ့. ."

"ဘာကွ. . ဘာပြောတယ်၊ ငါက မင်း. . . မင်းက ငါ မဟုတ်ဘူးလေ. . . မင်း စိတ်ကူးမယဉ်စမ်းပါနဲ့ကွာ. . "

"ဟုတ်တယ်. . . လှိုင်ညွန့်. . နင် စဉ်းစဉ်းစားစား လုပ်နော်"

သူတို့ပြောနေကြသည်မှာ စိတ်ဝင်စားဖို့ ကောင်းနေသေးတော့ သဖြင့် ဆက်လက် နားထောင်နေမိတော့၏၊

"အေး. . . လှိုင်ညွန့်. . မင်း အမှန်အတိုင်း ဝန်မခံလျှင်ဖြင့် ငါ သွားဝန်ခံမယ်ကွာ. . ဘယ်လိုလဲ. . ရှယ်လီ. . နင် သဘောတူလား"

မောင်စိုး၏အသံဖြစ်သည်၊ ပြတ်ပြတ်သားသား လုပ်လေတော့မည့် ဆုံးဖြတ်ချက်ဖြစ်သည်။

"ဟာ. . ကိုစိုး. . အဲလို မလုပ်နဲ့. . ကိုစိုးမှ ရှေ့ဖြစ်လာမယ့် ကိစ္စတွေကို မစဉ်းစား မဆင်ခြင်လုပ်မှာ၊ အဲလိုသာဆို အားလုံး ဘဝ ပျက်တော့မှာ၊ ခုဟာက ကျွန်တော်တစ်ယောက်တည်းပဲ ခံရမှာ"

အင်း. . . ဇာတ်လမ်းဟာ စိတ်ဝင်စားဖို့ ကောင်းနေပြီပေပဲ၊ နို့ပေမယ့် ကိုသင်းကြိုင်ကို သတ်သူ ဘယ်သူဆိုတာတော့ မသိရသေးချေ။ ထိုလူသတ်သမားတွေ့လေမှ ဘာကြောင့် သတ်ရသလဲ သိမှာ မဟုတ်ပါကလား။ သို့ကြောင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဆက်လက် ပုန်းကွယ် နားထောင်နေလိုက်တော့သည်။

"ကဲပါ. . . ကိုစိုးရယ်၊ ဘာမှ ကျွန်တော့်အတွက် စိုးရိမ်ပူပန် မနေကြပါနဲ့. . . ကိုစိုးနဲ့ရှယ်လီဟာ ကျွန်တော် အချစ်ဆုံး အခင်တွယ် ရဆုံးသူနှစ်ယောက်ပါ။ ကျွန်တော့်ရဲ့ အနစ်နာခံရကျိုး နပ်အောင်တော့ ဖြင့် နှတ်လုံ့စွာနဲ့ နေထိုင်ကြပါမယ်ဆိုတဲ့ ကတိတော့ ပေးပါဗျာ ဟုတ် လား"

"ပေးပါတယ်"

"ပေးပါတယ်ကွာ"

"ကဲ. . . ကျွန်တော် ပြန်အိပ်တော့မယ်၊ မနက်ကျ စောစော သွားရမှာတဲ့"

လှိုင်ညွန့်သည် သို့ပြောပြီး တဲပြင် ထွက်လာသည်ကြောင့် ကျွန် တော်နှင့်လင်းမြင့်လှိုင်သည် သူ၏ မမြင်ကွယ်ရာတွင် ပုန်းအောင်းနေ လိုက်ကြတော့၏။

"ဘယ်လိုလဲ. . . ကိုပိုက်. . . လူသတ်တရားခံ အစစ် သိရမယ်

ဆို"

လင်းမြင့်လှိုင်က တီးတိုးပြောလာ၏။

ကျွန်တော်လည်း စိတ်ညစ်သွားတော့၏။ နဂိုကတည်းက လှိုင်ညွန့်တစ်ယောက် လူသတ်သမားမဖြစ်နိုင်သည်ကိုတော့ သိထားပြီးဖြစ်သဖြင့် မထူးဆန်းပါချေ။ သူသည် လူသတ်သမားကိုယ်စား ကြားဝင်ခံသူဖြစ်၏။ လူသတ်သမားကို သူ ဘယ့်တွက် ကိုယ့်ဘဝကို အဆုံးခံပြီး ကာကွယ်နေပါလိမ့်၊ လူသတ်သမား ဘယ်သူပါလိမ့်၊ သို့ တွေးတောနေဆဲ တဲအတွင်းမှ ရှိုက်ငိုသံတစ်ချက် ထွက်လာသဖြင့် နားစွင့်လိုက်မြန်၏။

"အဟင့် . . ဟင့် . . ဟင်း . . ဟီး . . ဟီး . . ဟင့်"

"ရှယ်လီ ဘာလို့ငိုတာတုန်း" မောင်စိုး၏အသံဖြစ်သည်။ လှိုင်ညွန့်ရှိစဉ်တုန်းက လေသံမျိုးတော့မဟုတ်။

"အို . . ကိုစိုးရယ် . . ဖိုးလှိုင်ညွန့် သနားပါတယ်"

"ဘာ သနားစရာလိုလဲကွာ . . . သူ့ကိုက ဖောက်ပြန်နေတာကလား၊ သစ္စာမှ မရှိတာ"

"ရှင် . . . ကိုစိုး ဘယ်လိုပြောလိုက်တယ်"

"ငါပြောတာ ရှင်းရှင်းလေးရယ် . . . သူ့ကို သနားစရာ မလိုပါဘူး . . . နင့်ကို ငါ့ရည်းစား၊ ငါ့ချစ်သူမှန်း သိလျက် တိတ်တခိုး ချစ်နေရတယ်လို့ဟာ . . တစ်နေ့နေ့ တစ်ချိန်ချိန် သူ့ရင်ထဲကနေ ဖွင့်အန်ထွက်မလာဘူး ပြောလို့ရမလား"

"ဒါတော့ ရှင် မတရားတာပါ . . သူ့ဘာသာ ကျွန်မကို တိတ်တခိုး ချစ်နေတာပဲဟာ . . . ရှင့်အပေါ် ဘာသစ္စာမဲ့လို့လဲ၊ ဒါကို ကျွန်မအသိဆုံးပဲ . . . ရှင်နဲ့ ကျွန်မ ချစ်သူရည်းစား ဖြစ်ပြီးမှ ကျွန်မကို ဖောက်လွဲဖောက်ပြန် တစ်ဖက်သတ်ချစ်နေတာ မဟုတ်ဘူး။ ဟိုး ငယ်ငယ်လေးကတည်းက သူ ကျွန်မကို ခင်တွယ်နေတာ . . ချစ်နေတာ၊ သူ့မှာ အားငယ်စိတ်ရှိနေလို့ ဖွင့်ပြောမလာတာ . . . ရှင်ကပဲ ပြောရတယ်ရှိသေး . .

ခု ကြည့်စမ်း၊ သူ ရှင့်ကို ဘယ်လောက်တွယ်တာသလဲ. . . ချစ်လဲ . . သိပြီ မဟုတ်လား. . ရှင့်အကြောင်း ရှင်အသိဆုံးပါ"

"ဘာကွ. . ဘာပြောတယ်. . . မင်းက လှိုင်ညွန့်ကို သနားနေပြန်ပြီလား၊ မင်းရဲ့စိတ် သူကအပေါ် တိမ်းညွတ်နေပြန်ပြီလား. . ဟင်း . . . ဟင်း. . ဟင်း. . . မင်း ငါ့အကြောင့် သိတယ်မဟုတ်လား၊ ရွှေလျှောက် မင်း အဲလိုကြီး သူနဲ့ပတ်သက်လို့ တမှိုင်မှိုင် တတွေတွေ ဖြစ်နေလျှင်တော့ဖြင့် ငါ သူ့ကို သင်းကြိုင်နောက် လိုက်နိုင်းရလိမ့်မယ်၊ အဲဒီအခါ ငါ့အဆိုးမဆိုနဲ့ ဟုတ်လား"

"ဟင်!"

ကျွန်တော်သည် လုံးဝ အံ့အားသင့်သွားမိတော့၏၊ တရားခံဘယ်သူရယ် ရိပ်မိထားပေမယ့် သက်သေမပြနိုင်သဖြင့် စိတ်ညစ်ညူးခဲ့ရ၏၊ ဒီလိုနဲ့ မြို့သို့ ပြန်ရပေတော့မည်ကို စဉ်းစားမိတိုင်း မိတ်ဆွေကြီးကိုသင်းကြိုင်အပေါ် တာဝန်မကျေဖြစ်ရသည်ဟု ထင်မိ၏၊ ယခုမူ လုံးဝမမျှော်လင့်လေဘဲ တရားခံက သူကိုယ်နှိုက် ဖွင့်ဟ လာပေပြီ၊ ကျွန်တော်လင်းမြင့်လှိုင်ကို လှည့်ကြည့်ပြုံးပြလိုက်၏၊

လင်းမြင့်လှိုင်က လက်မကို ထောင်ပြပြီး ပြန်လည် ပြုံးပြလာ၏၊

"ရှင်. . . ရှင် အဲလို မပိုက်နိုင်းပါနဲ့. . . ရှင်ဖြစ်ချင်တဲ့ဆန္ဒကို သူ လိုက်လျောပေးခဲ့ပြီ မဟုတ်လား. . . သူက ကျွန်မအပေါ်မှာတင် ချစ်ခင်တွယ်တာနေတာ မဟုတ်ဘူး. . . ရှင့်ကိုလည်း အင်မတန် တွယ်တာပါတယ်၊ ချစ်ခင်ပါတယ်၊ ဒါ ရှင်အသိဆုံးပါ၊ ရှင်လည်း သူ့ကို ညီလေးတစ်ယောက်လို ချစ်နေခဲ့ရတာပဲ မဟုတ်လား"

"ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဖေးသေး ဖေးပါသေးတယ်၊ ငါ သူ့ကို ချစ်ဟန်ဆောင်နေတာကွ၊ တကယ် အမှန်ပြောရလျှင် ငါ့ဘဝမှာ ငါအမြတ်နိုးဆုံး၊ အချစ်ဆုံးက နင်တစ်ယောက်ပဲ ရှိတယ်၊

ဒါကြောင့် နင့်ကို ငါ ရယူပိုင်ဆိုင်ချင်တယ်၊ နင့်ကို ငါကလွဲလို့ ဘယ်သူမှ မချစ်ရဘူး. . နင့်အပေါ် စိတ်တိမ်းညွတ်တဲ့သူဆိုတာလည်း မရှိစေရဘူး၊ ရှိလာလျှင်လည်း ရှင်းပစ်မယ်. . နင် သိတယ် မဟုတ်လား၊ ဟိုလူကြီးလေ. . ဦးသင်းကြိုင်. . နင်အသိဆုံးပါ. . ဟား. . ဟား. . ဟား. . ဟား. . ခုတော့ ငါ သူ့ကို နင်နဲ့ဝေးရာ တမလွန်ဘဝကို ပို့လိုက်ပြီလေ . . ဟား. . ဟား. . ဟား. . . ဟား"

သို့ ဟားတိုက်ရယ်မောသံကြီးသည် ကျွန်တော့်အား ကြက်သီးမွေးညင်းများ ထစေတော့၏၊ ကျွန်တော် ထင်ထားသည့်အတိုင်း ကိုသင်းကြိုင်ကို သတ်သူ အစစ်အမှန်ကို သိရပေပြီ ဖြစ်တော့၏၊ သို့ကြောင့် -

"လာ. . ကိုလင်း. . "ဟုဆိုကာ လက်တွင်းရှိ သေနတ်ကို ရှေ့သို့ ထိုးချိန်၍ မောင်စိုး၏ တဲအတွင်း လှစ်ခနဲ ပြေးဝင်သွားလိုက်၏၊ လင်းမြင့်လှိုင်သည်လည်း ကျွန်တော့်နောက်မှ ကပ်ပါလာသည်၊

ရုတ်ချည်း တဲတွင်း ဝင်ရောက်လာသော ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို မြင်လိုက်သည်တွင် မောင်စိုးတစ်ယောက် လုံးဝ အံ့အားသင့်ထိတ်လန့်သွားပုံရလေသည်၊ ကျွန်တော်တို့ လက်တွင်းရှိ သေနတ်ပြောင်းဝတို့သည် သူ၏ရင်ဘတ်ကို ထိုးချိန်ထားကြသည်ဖြစ်၍ မည်သို့မျှ လှုပ်ရှားတုန့်ပြန်ခွင့် မရပါချေ၊ ပြေးလွှားထွက်ပြေးခွင့်ဆိုတာ ပို၍ ဝေးပြီပေါ့၊

"တောက်. . ဖိုးလှိုင်ညွန့် ငါ့ကို လှည့်စားသွားပြီ"

သူဘာကို ဆိုလိုသည် ကျွန်တော်သိလိုက်၏၊ သူထင်ထားသည်မှာ လှိုင်ညွန့်သည် သူ့အပေါ် အယုံသွင်းကာ ကျွန်တော်တို့အား သတင်းပေးခဲ့သည်ဟု ထင်၍ ပြောခြင်းဖြစ်သည်၊ လုံးဝ မဟုတ်ပါချေ၊ လှိုင်ညွန့်သည် အင်မတန် ရိုးသားသူ၊ သစ္စာကြီးသူဖြစ်၏၊ အမှန်တကယ်လည်း သူ့ကိုယ်စား တရားခံ ဝင်လုပ်ခြင်းဖြစ်၏၊

မောင်စိုးသည်သာ သူ့စိတ်နှင့် နှိုင်း၍ ရိုင်းမိခြင်းဖြစ်သည်၊

ခုလောက်ဆို လှိုင်ညွန့်တစ်ယောက် သူချစ်သော၊ ခင်တွယ်သောသူ နှစ်ယောက်နှင့် ခွဲရတော့မည်ဟု တွက်ကာ အိပ်ရာတွင်း အိပ်၍မပျော်၊ လူးကာလိမ့်ကာ ရှိုက်ငင် ငိုကြွေးပူဆွေးနေရှာပေလိမ့်မည်။

ကျွန်တော်သည် မောင်စိုးကို အင်မတန် ရွံမုန်းသွားမိတော့၏။

"ကဲ. . မောင်စိုး. . ငါတို့ မင်းပြောတာ အားလုံး ကြားပြီးပြီ၊ ဘာ ဆင်ခြေပေးဦးမှာလဲ"

"ဟား. . ဟား. . ဟား. . ဟား. . ဟား. . အကြားပဲ ရှိတယ်၊ ကျုပ်ပြောတာတွေက လေထဲ ပါသွားပြီပဲ၊ ခင်ဗျားတို့မယ် ဘာသက်သေ အထောက်အထား ရှိတော့မှာလဲ"

ကျွန်တော် ရင်ထဲ ထိတ်ခနဲတော့ ခံစားလိုက်ရ၏။

"လှိုင်ညွန့်က သူသတ်တာပါလို့ ဝန်ခံနေပြီပဲ. . တရားခံ ရှိနေပြီပဲ. . ဟား. . . ဟား. . ဟား. . ဟား"

ကျွန်တော် ဘယ်လို လုပ်ရမည်ကို သိလိုဟန်ဖြင့် လင်းမြင့်လှိုင်ကို တစ်ချက်ကလေး လှည့်ကြည့်လိုက်သည်။

"ရှင် မှားသွားပြီ. . ကျွန်မ တစ်ယောက်လုံး သက်သေရှိတယ်၊ ကျွန်မ ရှင့်လိုလူမျိုးနဲ့ မပေါင်းသင်းနိုင်ဘူး။ ကျွန်မ သက်သေအဖြစ် ထွက်ဆိုမယ်"

"ဟင်!"

"ဟာ!"

"ဘာကွ. ."

ကျွန်တော်တို့နှစ်ယောက် အံ့ဩဝမ်းသာသွားပေမယ့် မောင်စိုး တစ်ယောက် ကြားလိုက်ရသည့် ရှယ်လီထွန်းစကားကြောင့် ထိတ်လန့်သွားတော့၏၊ ဒေါသထွက်သွားတော့၏။

"မင်း. . . မင်း. . ငါ့အပေါ် သစ္စာဖောက်တယ်"

တုန်ယင်စွာဖြင့် လက်ညှိုးထိုးကာ ပြောလေ၏။

"တဲ့. . ကိုလင်း"

ကျွန်တော့်သဘောကို နားလည်သည့်ကြောင့် လင်းမြင့်လှိုင်သည် လျှပ်တစ်ပြက်ဆိုသလို မောင်စိုးနား ရောက်သွားပြီး ချုပ်နှောင်ထားပြီးဖြစ်တော့၏။

"မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိပါဘူး. ."

ရာဇဝတ်ဘေး ပြေးမလွတ်ပါဘူးကွာ. . ပြီးတော့ မှတ်ထား၊ စိတ်ထားဖြူစင်တဲ့သူတွေအပေါ် မင်းတို့လို ကောက်ကျစ်ယုတ်မာပြီး လူစိတ်မရှိတဲ့သူတွေက ဘယ်လိုမှ ဒုက္ခပေးလို့ မရဘူးမှတ်"

သို့နှယ်ပြောပြီး ကျွန်တော်သည် မောင်စိုးကို ဖမ်းဆီးချုပ်နှောင်ခေါ်ဆောင်ကာ ဆင်ခေါင်းကြီး ဦးမောင်မောင်မြင့်အား အကျိုးအကြောင်းအဖြစ်မှန်ပြောပြကာ တစ်ညတာ ချုပ်နှောင်ဖမ်းဆီးထားရန် တစ်ညတာတာဝန်ယူနိုင်းလိုက်သည်တွင်-

"စိတ်ချ ဆရာလေး. . မနက်ကျ ဒီကောင့်ကို ဆရာလေးတို့လက်ထဲ ပြန်အပ်မယ်. . . ထွက်မပြေးနိုင်စေရဘူး"

"ဟုတ်ပြီ ကိုခင်မောင်မြင့်. . နောက်တစ်ယောက် ရှိသေးတယ်"

"အလိုလေးဗျာ. . သူ့အပြင် ဘယ်သူရှိသေးလို့လဲ"

"ဖိုးလှိုင်ညွှန့်. . . သူ့ကိုလည်း ဖမ်းဆီးချုပ်နှောင်ထားပါ"

"ဘာဖြစ်လို့လဲ. . . သူ့အကြောင်းလည်း ဆရာတို့ သိပြီးပဲဟာ"

"ဟုတ်ပါတယ် ဦးကြီးရယ်. . ဖိုးလှိုင်ညွှန့်ကိုတော့ ဖမ်းဆီး ချုပ်နှောင်မထားပါနဲ့ ကျွန်မ ဘောင်းပန်ပါတယ်"

"ဟား. . ဟား. . ဟား. . ဖိုးလှိုင်ညွှန့်ကို ဖမ်းဆီးချုပ်နှောင်ထားချင်တာက သူ့မယ် ဘာအပြစ်မှ မရှိပါဘူး. . နို့ပေမယ့် သူက မောင်စိုးအပေါ်မှာ အင်မတန် ချစ်ခင်တွယ်တာတာလေ၊ အားကိုးယုံကြည်တာလေ၊ ဒီတော့ မောင်စိုးကို သူဖြစ်တဲ့နည်းနဲ့ လွတ်ထွက်ပြေးနိုင်အောင်

လာမကူညီဘူးလို့ ဘယ်သူ အာမခံပြောနိုင်မှာလဲ. . . ဒါကြောင့် သူ့ကို လည်း ချုပ်နှောင်ထားခိုင်းရတာပေါ့. . . ဒီ တစ်ညတည်းပါ. . နက်ဖြန် ကျ ကျွန်တော်တို့ မောင်စိုးကို တရားဥပဒေအရ အရေးယူဖို့ မြို့ကို ပြန် ခေါ်သွားရပါလိမ့်မယ်. . လိုအပ်တဲ့အခါကျမှ သက်သေအဖြစ် ရှယ်လီ ထွန်းကို လာအကူအညီတောင်းပါ့မယ်"

သို့ ကျွန်တော် ရှင်းပြလေမှ သဘောပေါက်သွားကြတော့သည်။

"အင်း. . . မောင်စိုးကို သက်ာမကင်းဘူး ဖြစ်နေတယ်. . ခုမှ အဖြစ်မှန် တရားခံအစစ် သိရတော့တယ်၊ နို့ပေမယ့် ကျွန်တော်က ခယ်မလေးနဲ့ ယူမယ့်သူ ဖြစ်နေတော့ မသိလိုက်ဘာသာ နေရလိုက်တယ်၊ ဆရာလေးတို့နဲ့ နက်ဖြန် မြို့လိုက်ပြီး သက်သေခံပါ့မယ်"

သို့ ပြောလိုက်သည့် စောဒေးဗစ်ကို လှမ်းကြည့်လိုက်သည်၊ ပြီးနောက် "သိပ်ကောင်းတာပေါ့ဗျာ"ဟု ပြောလိုက်တော့သည်၊

သည်သို့ဖြင့် ကျွန်တော်တို့သည် နောက်တစ်နေ့နံနက် စော စောတွင် ထိုဆင်စခန်းမှ ထွက်ခဲ့ကြတော့၏၊

စောဒေးဗစ်သည် မောင်စိုးအား ကြိုးဖြင့် တုပ်နှောင်ခေါ် လာ လေ၏၊ မောင်စိုးတစ်ယောက် တစ်လမ်းလုံး မည်သည့်စကားမျှ ပပြော၊ ငေးငေးငိုင်ငိုင် သူ့အတွေးနှင့်သူ ရှိချေတော့၏၊ ကျွန်တော်တို့သည် လည်း သူ့ကို နှောင့်ယှက်ခြင်းမပြုပါချေ၊ စားချိန်၊ သောက်ချိန်၊ အပေါ့ အလေးသွားချိန်တွင် စောဒေးဗစ်၏ ကြပ်ကြပ်မတ်မတ် စောင့်ကြည့်နေ ခြင်းအားဖြင့် မောင်စိုးတစ်ယောက် ထွက်ပြေးဖို့ နေနေသာသာ စောဒေး ဗစ်၏ မျက်ကွယ်နေရာလေးပင် သွားရောက်၍မရ ဖြစ်တော့၏၊

သည်သို့ဖြင့် ကျွန်တော်တို့သည် ဖျဉ်းမမြိုင် စခန်းသို့ ရောက် လာကြသည်တွင် ခရီးတစ်ထောက် နားနေကြတော့သည်၊ သို့နားနေစဉ်-

"ဘယ်လိုလဲ မောင်စိုး. . . မင်း ဘာလို့ ကိုသင်းကြိုင်ကို ရက် ရက်စက်စက် သတ်လိုက်ရတာလဲကွာ. ."

ကျွန်တော်က မေးလိုက်သည်တွင် မောင်စိုးက နှုတ်ခမ်းကို မဲ့လိုက်ကာ ခေါင်းတဆတ်ဆတ် လုပ်လိုက်ပြီး -

"ကျွန်တော် ရက်ရက်စက်စက် သတ်တာတော့ မဟုတ်ပါဘူး၊ ဒေါသအလျောက် လုပ်လိုက်ရတာပါ"

"အဲဒါပေါ့ကွာ. . ဒေါသဆိုတာ မပေါင်းအပ်တဲ့ အကောင်ကြီးပေပဲ. . . ကိုယ့်ကို သွေးဆောင်ဖြားယောင်းပြီး ဒုက္ခပေးသွားတာချည်းပဲပေါ့. . . လူတိုင်းဟာ ဒေါသနဲ့ မကင်းနိုင်ကြပါဘူး. . တချို့ ဖက်လှဲတကင်းပေါင်းကြတယ်. . တချို့က စိတ်ဒပေါင်းကိုယ်စွာ လုပ်ကြတယ်၊ ဒေါသနဲ့ လုံးဝမပေါင်းဘူးဆိုတဲ့ လူဆိုတာ မရှိပါဘူး. . . သူတော်စင်တွေကတော့ ရှိမှာပါ. . မဖြစ်လို့ ဒေါသဆိုတဲ့ အကောင်ကြီးနဲ့ ပေါင်းနေရလျှင် သွားနေရလျှင်တောင်မှ အရာရာကို သတိထားလုပ်နေရလိမ့်မယ်ကွ သိလား. . . သူခိုင်းလာပြဆိုလျှင်ဖြင့် ငြင်းလိုက်ပေရော့ကွ၊ ဒါဆိုရင် ကိုယ့်တွက် အင်မတန် ကောင်းသွားပြီပေါ့ကွာ၊ သူ စေ့ဆော်ခိုင်းရာကို ကိုယ့်က မစဉ်းစားမဆင်ခြင်ဘဲ လုပ်လိုက်မယ်ဆိုလျှင်ဖြင့် ကိုယ်ပဲ ဒုက္ခရောက်မှာ၊ သူကတော့ ဘာမှဖြစ်မှာမဟုတ်ဘူး. . အဲ ကိုယ်က သူနဲ့ မပေါင်းဖက်မဖြစ် ပေါင်းနေရပေမယ့် သူခိုင်းတိုင်း မလုပ်လျှင် သူဟာ အလိုလို ကိုယ့်နားက ခွာသွားလိမ့်မယ်"

မောင်စိုးတစ်ယောက် ကျွန်တော်ပြောနေသည်ကို စိတ်ဝင်တစားနားထောင်နေပြီး နောင်တကြီးစွာ ရသွားပုံဖြစ်တော့သည်။

သည့်နောက် သူသည် ကိုသင်းကြိုင်အား သတ်လိုက်မိသည့် အကြောင်းကို ဆွေးမြွေစွာ ပြောပြလာလေတော့သည်။

☐ ☐ ☐ ☐ ☐

“ကိုစိုး. . တောတက်ကြတော့မယ်ဆိုလျှင်ဖြင့် ဦးလေး သင်းကြိုင်ကို ခနိုးအကြံ့ခေါ် သွားပေးစမ်းပါ”

သူ တောတက်လုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်နေဆဲတွင် ရှယ်လီထွန်းတစ်ယောက် ရောက်လာ၏။ သူနှင့်အတူ မြို့မှ ညှေိသည်ကြီး ဦးသင်းကြိုင်ဆိုသူပါလာသည်ကို သိလိုက်၏။

ဦးသင်းကြိုင်ကို သူ စေ့စေ့ကြည့်လိုက်သည်။ မျက်လုံးချင်းဆုံသွားသည်တွင် ဦးသင်းကြိုင်က သူ့အား ခနဲ့ပြုံး ပြုံးပြလာတော့၏။

ဘယ်လိုသဘောဆောင် ပြုံးပြတာပါလိမ့်၊ သူ့စိတ်တွင်းဝယ် ဦးသင်းကြိုင်၏ ထိုအပြုံးသည် ကသိကအောင့်ဖြစ်သွားစေတော့သည်။

သို့ကြောင့် -

“ဆင်ခေါင်းကြီးက ဘာလို့ သူကိုယ်တိုင် လာမအပ်ဘဲ. . နင်ကဘာလို့ လာအပ်ရတာလဲ”ဟု ရှယ်လီထွန်းကို မကျေမနပ် ကြည့်ကာပြောလိုက်သည်။

"အေး. . ခု ငါလာအပ်တယ်ဆိုတာ ငါ ညှိသည်အနေနဲ့ လာအပ်တာပေါ့ဟ"

သို့ ရှယ်လီထွန်းက ပြောလာသဖြင့် သူသည မျက်မှောင်ကုတ်လိုက်ပြီး -

"ဘာရယ်. . . သူက နင့်ညှိသည် ဟုတ်လား"

ခပ်ဆတ်ဆတ် လေသံဖြင့် မေးလိုက်၏။

"ဟုတ်တယ်. . ငါ့ညှိသည်မို့ ငါ ဂရုတစိုက် လိုက်အပ်တာပေါ့ဟယ်"

"ဘာရယ်. . ဘာ. . ပြန်ပြောစမ်း. . ဆင်ခေါင်းကြီး ညှိသည်တွေ မဟုတ်တော့ဘဲ နင့်ညှိသည်ဖြစ်သွားပြီပေါ့. . ဟုတ်လား"

သူ မျက်နှာကြီးနီမြန်းသွားတော့၏။ ဦးသင်းကြိုင်ဆိုသူကို သေချာစူးစိုက်ကြည့်လိုက်၏။

လာပြန်ပြီ. . ဦးသင်းကြိုင်က သူ့ကို ပြုံးပြလာပြန်၏။ ဘယ်လိုသဘောဇဆောင်သည့် အပြုံးပါလိမ့်။

"ဟဲ့. . ကိုစိုး. . . ဘာလဲ. . ငါ့ညှိသည်ကို ခေါ်မသွားချင်လည်း ရတယ်. . "ဟုဆိုကာ ဦးသင်းကြိုင် လက်ကိုဆွဲကာ လှည့်ထွက်သွားမည်အလုပ်တွင် -

"ဟဲ. . ဟဲ. . . နေပါဦး. . နင်ကလည်း စိတ်ကြီးပဲ"ရယ်လို့ပြောလိုက်ကာ အပြုံးတုတစ်ခုကို ဖန်တီးပြလိုက်၏။

"ကဲ. . ဦးလေးသင်းကြိုင်. . သူနဲ့ လိုက်သွားပေရော့. . "ဟု ပြောပြီး မောင်စိုးအား. . .

"ဦးလေးကို တောင်ပိန္နဲခေန်းသွားတဲ့လမ်းခွဲ ရောက်လျှင်ဖြင့် ထားခဲ့လို့ရပြီ"ဟု ပြောလိုက်၏။

"ကဲ. . . တက်"

ဦးသင်းကြိုင်ကို ဝပ်တွားနေသည့် ဆင်ပေါ်ရှိ ကပ်အိမ်ပေါ်

တက်ထိုင်စေလိုက်၏။

"ဦးလေး. . . အပြန် သစ်ခွပင်တွေ ယူလာခဲ့နော်"ဟူ၍ ရှယ်လီထွန်းက လက်ပြနှုတ်ဆက်ပြီး မှာလိုက်၏။

ဆင်ဦးစီးမောင်စိုးတစ်ယောက် အံကြိတ်လိုက်မိ၏။

"ကိုစိုး. . . ရှေ့က သွားမလား"

ဖိုးလှိုင်ညွန့် ပြောလာသဖြင့် မောင်စိုးသည် -

"ငါ့လုပ်ကွက်က ဝေးတယ်. . . ငါအရင် ရှေ့ကသွားမယ်"ဟုဆိုကာ သူသည် ဆင်ပေါ်တက်ကာ သူ့ဆင်အား ခြေဖျားလေးနှင့် တို့ကာတို့ကာဖြင့် စခန်းမှ ထွက်ခဲ့စေတော့သည်။

သူက ဦးဆောင်ဆင်ဖြစ်သည်။ သူ့နောက်မှ ဖိုးလှိုင်ညွန့်၏ဆင် လိုက်ပါခဲ့၏။

ဆင်ငါးကောင်လုံး ထွက်လာကြခြင်းဖြစ်ငြား စောဒေးဗစ်၏ဆင်ကား လမ်းတစ်လျှောက် မပါလာချေ။ သူ ကနေ့လုပ်ငန်းခွင် မဝင်သေးဘူးထင်ပါရဲ့. . . သို့ကြောင့် သူပါမလာခြင်း ဖြစ်လိမ့်မည်။ သည်တော့ သူ စိတ်ဖြေရာရခဲ့၏။ ဦးသင်းကြိုင်တစ်ယောက် သက်သက် သူ့ကို လုပ်ဇာတ်ခင်းလိုက်ပါလာခြင်း မဟုတ်၊ စောဒေးဗစ် တောမဟက်၍ သူ့ဆင်နှင့်လိုက်ပါခဲ့ခြင်းသည် သဘောရိုးသာဖြစ်လိမ့်မည်ဟု တွက်လိုက်တော့သည်။

"ဦးလေး ဘယ်တော့ ပြန်မလဲ"

"ဘာလဲ ငါ့ကို မင်းက ပြန်စေချင်နေတာလား"

မောင်စိုးက သဘောရိုးဖြင့် မေးလိုက်ခြင်းဖြစ်ငြား ဦးသင်းကြိုင်က သို့ ဘယ်လိုကြောင့် ခနဲ့ဖြေရပါလိမ့်။ မောင်စိုး ကျွဲမြီးတိုသွားသည်တော့ အမှန်ဖြစ်သည်။ သူ၏ အိပ်မောကျနေသော ဒေါသကောင်လေးတွေသည် နိုးထလာစ ပြုကြတော့သည်။

သို့ ခရီးဆက်ခဲ့ကြရာမှ လမ်းဝွင် ဆင်ဦးစီးတို့သည် တစ်ဦးပြီး

တစ်ဦး သူတို့ လုပ်ငန်းခွင်ဝင် သစ်ကွက်သို့ အသီးသီး လမ်းခွဲသွားကြ တော့၏။ သည်နောက်တွင် ခရီးဆက်ခဲ့ကြသူနှစ်ဦးသာ ရှိတော့၏။ သူနှင့် ဖိုးလှိုင်ညွန့်ပင်ဖြစ်တော့၏။

"နေဦး. . ကောင်လေး"

နောက်မှ လိုက်ပါလာသည့် ဦးသင်းကြိုင်က ပြောသဖြင့် သူ့ဆင်ကို ရပ်တန့်နေစေလိုက်၏။

"အပေါ်အပါး သွားမလို့လား" မေးလိုက်သည်။

"ဟုတ်ဘူး. . ရှေ့သစ်ပင်ပေါ်မှာ မျောက်လွှဲကျော်တစ်ကောင် တွေ့လို့"

သို့ပြောပြီး ဦးသင်းကြိုင်က ရှေ့သစ်ပုပ်ပင်လေးရှိ မျောက်လွှဲကျော်ကောင်ကို လှမ်းပစ်လိုက်၏။

"လက်မှန်းတည့်သည်ပဲ. . သူကပင် မျောက်သေကို သွားကောက်ပေးလေ၏။ သည်နောက် ရှေ့ခရီးဆက်ကြပြန်သည်တွင် မှေ့တစ်မိုင်လောက်ခရီးအရောက်တွင် နောက်မှ ကပ်ပါလာသည့် လှိုင်ညွန့်သည် သူ့အား လှမ်းအော်နှုတ်ဆက်၍ ချောင်းမြောင်လေးတစ်ခုတွင်း လမ်းခွဲဝင်သွားလေတော့သည်။

လှိုင်ညွန့်တစ်ယောက်တော့ဖြင့် သူ့လုပ်ငန်းခွင် သစ်ကွက်တွင်း လမ်းခွဲကာ ဝင်သွားချေပြီဖြစ်သည်။

သူသည်သာ ခရီးဆက်ရဦးမည်။

သို့ သူ ခရီးဆက်ခဲ့သည်တွင် ဦးသင်းကြိုင်နှင့် ပတ်သက်၍ အစာမကျေခဲ့သည်များကို စဉ်းစားလိုက်မိတော့၏။ အမိက သူ့ချစ်သူ ရှယ်လီထွန်းနှင့် တပူးတွဲတွဲရှိနေစဉ် သူ့ကို ခနဲ့တဲ့တဲ့ ပြောခဲ့သည်များ၊ လှောင်ပြုံး ပြုံးခဲ့သည်များ၊ အထင်အမြင်သေးခဲ့သည့်ဟန် အကြည့်များ ကို ပြန်သတိရလိုက်၏။ သို့ကြောင့် မနက်က အဖြစ်ကို အပြစ်ဟု ထင်လိုက်မိတော့၏။

သည်သို့ဖြင့် တောင်ပိန္နဲစခန်းသွား လမ်းခွဲရောက်လုတွင် -

"ချာတိတ်. . မင်းနဲ့ရှယ်လီ ဘယ်လိုပတ်သက်လဲ"

ဟု မထင်မှတ်သည့်မေးခွန်းကို မေးလာသဖြင့် ထိတ်လန့်သွားမိသည်တော့ အမှန်ဖြစ်သည်။

ဘယ်သို့သဘောဖြင့် မေးလာသည်ဖြစ်စေ၊ ပြီးပြီးရော သဘောဖြင့် -

"ဘာမှ မပတ်သက်ပါဘူး"ဟုသာ ဖြေလိုက်သည်။

သည်တွင် ဦးသင်းကြိုင်က -

"သေချာရဲ့လား" မေးလာပြန်သဖြင့် -

"သေချာပါတယ်ဗျာ"ဟု ပြောလိုက်တော့သည်။

"အော်. . . ငါက မင်းနဲ့ပတ်သက်မှုရှိလျှင်ဖြင့် ညှိနှိုင်းစရာလေး ရှိလို့ပါ"

"ဗျာ"

မောင်စိုးသည် နောက်သို့ လှည့်ကြည့်လိုက်၏။ ဦးသင်းကြိုင်က သူ့ကို ရွှံ့စူးရဲရဲပြန်ကြည့်လေပြီး ခနဲ့ပြုံး ပြုံးလျှက်-

"မင်းနဲ့ ပတ်သက်မှုရှိလျှင်ဖြင့် ငါ ဆင်ခြင်ရမပေါ့"ဟု ပြောလေသည်တွင် မောင်စိုးက မျက်မှောင်ကုပ်သွားတော့၏။

ထောင်းခနဲ ဒေါသလည်း ထွက်သွားတော့၏။ ဒါ သူ့ကို သက်သက်ရိနေတာဟု ထင်လိုက်သည်၊ အံကို တင်းတင်းကြိတ်လိုက်သည်။

သို့ဖြင့် တောင်ပိန္နဲစခန်းသွား လမ်းခွဲသို့ ရောက်လာသည်တွင်-

"ကဲ. . . ရောက်ပြီ. . "ဆိုကာ သူ့ဆင်ကို မက်. . မက် ရယ်လို့ အော်ပြောလိုက်ကာ လူဆင်းရန် မြေပြင်တွင် ဝပ်တွားခိုင်းလိုက်တော့၏။

ဦးသင်းကြိုင်သည် ကျေးဇူးတင်စကားပင် မဆို. . လမ်းခွဲအတိုင်း ဝင်လျှောက်သွားလေတော့၏။

မောင်စိုးသည် အတန်ကြာကြာ ထိုလမ်းခွဲထိပ်တွင် ငေးငိုင်

ကျန်ခဲ့သေးတော့၏။

"ခွီးလ်. . ."

"ဂွီးလ်. ."

"ခွီးလ်"

ရှေ့တောင်ကြောပေါ်မှ သားကောင်တစ်ကောင်က တိရစ္ဆာန်ကောင်ငယ်တစ်ကောင်ကို တိုက်ခိုက်သတ်ဖြတ်နေသံကို ကြားလိုက်ရလေမှ သပ်ိပြန်ဝင်ခဲ့တော့၏။ တိရစ္ဆာန်ကောင်ကို နိုင်ထက်စီးနင်း တိုက်ခိုက်သတ်ဖြတ်နေသော ထိုသားရဲကောင်ကို ဘာကောင်ရယ် သူ မသိနိုင်သလို မည်သူမျှလည်း သိနိုင်လိမ့်မည်မဟုတ်။

သူ့ အသိဉာဏ်တွင် ဖျတ်ခနဲ အလင်းတစ်ခု လက်သွားတော့၏။ တောတောင်အတွင်း လူသူ အရောက်အပေါက်နည်းသော ဆိတ်ကွယ်ရာနေရာဖြစ်နေသည်ကို။ ဒါကို သူ အခွင့်ကောင်းယူရမည်။ လက်ဦးမှုတော့ ယူရပေမည်။ ဟုတ်ပြီ. . . သူ ဆုံးဖြတ်ချက်ကို ချလိုက်ပြီးဖြစ်သည်။

သူ့ဆင်ကို တောင်ပိန္နဲသွား လမ်းကြောအတိုင်း ခြေဦးလှည့်စေလိုက်တော့သည်။

သူ့ဆင်ကို ခြေလှမ်းမှန်မှန် ဟန်ချက်ညီညီ လျှောက်ခဲ့ချေပြီး ချုံနွယ်ပင်တို့ ပေါများသည့် လမ်းမြောင်လေးတစ်ခုတွင် ဦးသင်းကြိုင်ကို တွေ့လိုက်သည်ကြောင့် သူသည် ထိုလမ်းကို သိထားသည်ဖြစ်၍ လမ်းကြောလေး၏ ဘေးသို့ ဖယ်ထွက်လိုက်ကာ ရှေ့ကစ်ကွေ့သာသာတွင် ကြိုရောက်နှင့်အောင် သွားလေတော့၏။ ဆင်ခြေနှင့် လူခြေ အလွန်ကွာသည်ပဲ။

သူသည် သူ့ဆင်ကို လမ်းကွေ့လေးအထက်ပိုင်း အတော်လှမ်းလှမ်းတွင် ထားခဲ့ပြီး သူသည် အနောက်သို့ ပြန်လာကာ ချုံပုတ်ကောင်းကောင်းတစ်ခုတွင် ပုန်းခို၍ နောက်မှ လျှောက်လာနေသည့် ဦးသင်းကြိုင်

ကို စောင့်နေလိုက်တော့၏။

မောင်စိုး၏ လက်တွင်းမတော့ မျှင်ဝါးရင်းတုတ်တစ်ချောင်းကို တျစ်တျစ်ပါအောင် ဆုပ်ကိုင်ထားတော့၏။

အတန်ကြာသည့်တိုင် ဦးသင်းကြိုင် ရောက်မလာချေ။

သို့ပေမယ့် သူသည် ဦးသင်းကြိုင်တစ်ယောက် ဤလမ်းမှပင် လာရပေမည်ကို သိထားသဖြင့် စိတ်ရှည်ရှည်ဖြင့် ဆက်စောင့်နေခဲ့တော့၏။

ဤလမ်းမြောင်သာလျှင် ဦးသင်းကြိုင် သွားလိုသည့်လမ်း ဖြစ်သည်။ ဟော. . . လာပါပြီ. . . တောတိုးလျှောက်လာသံ ဖြစ်သည်။ အလျှင်စလို လျှောက်လာနေသော အသံဖြစ်သည်။

မောင်စိုး ပုန်းကွယ်နေရာ ချုံပုတ်ရှေ့ လူသွားလမ်းကလေးမှ ဦးသင်းကြိုင်ဖြတ်လျှောက်သွားတော့၏။

ဦးသင်းကြိုင်တစ်ယောက် သူ့ကို နောက်ကျောပေးသွားသည် နှင့် သူသည် ပုန်းကွယ်မနေရာမှ ပြေးထကာ သူ့လက်တွင်းရှိ ဝါးရင်းတုတ်ဖြင့် ဦးဆက်ကို လှန်ရိုက်လိုက်တော့သည်။

"ခွပ်"

ဦးသင်းကြိုင်တစ်ယောက် ဘာမှန်းပင် သိလိုက်တော့မည် မဟုတ်။ အရုပ်ကြိုးပြတ် ပုံလဲကျသွားတော့သည်။ လုံးဝ ငြိမ်သက်သွားသည်တွင် မောင်စိုးသည် ပတ်ဝန်းကျင် ဘေးဘီသို့ လှည့်ပတ်ကြည့်ကာ ထိုနေရာလေးမှ သုတ်ခြေတင် ထွက်သွားလေတော့သည်။

မမြင်ကွယ်ရာ ဆိတ်ငြိမ်သောနေရာမှ ထိုအဖြစ်အပျက်လေးကို မည်သူမျှ သိလိုက်ကြမည်မဟုတ်ဟု သူထင်လိုက်၏။ လူသား မဟုတ်သော မည်သည့်တိရစ္ဆာန် တွေ့သွားသည်ဖြစ်စေ သူ မမှုပါလေ၊ သူတို့ သည် သူ၏လုပ်ရပ်ကို မည်သူ့ကိုမျှ ပြန်ပြောမည်မဟုတ်။ ပြန်ပြော ဆတ်ကြမည်လည်း မဟုတ်ပါချေ။ ထိုသည်ကား သူ့အထင်၊ သူ့တွက်

ကိန်း. . .၊ နို့ပေမယ့် သူ၏လုပ်ရပ်ကို လူသားတစ်ယောက် အစမှ အဆုံးတိုင် မြင်တွေ့၊ ကြည့်နေခဲ့သည်ကို သူလုံးဝ မသိပါချေ။ ထိုသူသည် သူ့အား မသိသူလည်းမဟုတ်၊ ကောင်းကောင်း သိနေသူတစ်ယောက် ဖြစ်သည်။

မောင်စိုးသည် ထိုနေရာလေးနှင့် အတော်လှမ်းလှမ်းနေရာသို့ ရောက်သွားသည်တွင် ထိုသူသည် ချောင်းမြောင်းကြည့်နေရာလေးမှ ထွက်လာခဲ့တော့၏။

ဦးသင်းကြိုင်၏ သက်မဲ့ခန္ဓာကိုယ်ကြီးကို သေချာကြည့်ရှုပြီး နောက် ခေါင်းကို တစ်ချက်ခါရမ်းလိုက်ပြီး -

"မဖြစ်ဘူး ကိုစိုး၊ သည်အတိုင်းဆိုလျှင် လူသတ်တရားခံဆိုတာ သိသွားနိုင်တယ်၊ ဝါးခုတ်သမား ဒါမှမဟုတ် သစ်ခုတ်သမားတစ်ယောက် တွေ့သွားနိုင်တယ်၊ ဒီလူ လူသတ်ခံရတာပါဆိုတာ လုံးဝ မသိအောင် အလောင်းကို ဖျောက်ဖျက်လိုက်ရင် ကောင်းလေမလား စဉ်းစားလိုက်မိ၏။

အလောင်းဖျောက်တော့ကော လုံးဝ မတွေ့နိုင်ကြတော့ဘူးတဲ့လား၊ တစ်နေ့မဟုတ် တစ်နေ့တွေ့လျှင် ပြဿနာဖြစ်လာနိုင်ပြန်၏။ သို့ကြောင့် ကိုစိုးအတွက် သူ ဘာလုပ်ပေးရမည်ကို စဉ်းစားလိုက်၏။ ဟုတ်ပြီ. . . သူ ဘာလုပ်ရမည်ကို သိလိုက်ပေသည်။ သို့ကြောင့် ထိုသူသည် ဦးသင်းကြိုင်၏ သက်မဲ့ခန္ဓာကိုယ်ကို ထားခဲ့ကာ မောင်စိုး သွားရာအရပ်၏ ဆန့်ကျင်ဘက်အရပ် တောတွင်း ပြေးဝင်သွားတော့၏။

"ဝူး"

"ဝူး"

အတန်ကြာတွင် ထိုသူသည် ဆင်စီးကာ ထိုနေရာလေးသို့ ပြန်ရောက်လာခဲ့တော့၏။

ထိုသူသည် ဆင်ပေါ်မှနေ၍ ဦးသင်းကြိုင်၏ အလောင်းကို

သေချာကြည့်ပြီး -

"ခင်ဗျားက သေလူပဲ. . . ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ"ဆိုပြီး သူစီးလာသည့် ဆင်၏ နားရွက်အတွင်း အရင်းပိုင်းကို ခြေဖျားလေးဖြင့် တို့ကာ ထိုးကာဖြင့် ဦးဆက်ပြုတ် သေနေသော ဦးသင်းကြိုင်၏ ဦးခေါင်းပေါ်သို့ ဆင်ကြီး၏ ခြေထောက်ဖြင့် ဖိကြိတ် နင်းစေလေတော့၏။

အတန်ကြာတွင် ဦးသင်းကြိုင်၏ ဦးခေါင်းသည် ပုံပန်းသဏ္ဍာန်ပျက်စွာ ပြားသွားတော့၏။

ဟုတ်ပြီ. . . ထိုလူကို တခြားလူသတ်၍ သေရခြင်းမဟုတ်၊ ဆင်နင်းခံရ၍ သေဆုံးရခြင်းဟု ပြော၍ ရပေရော့မည်။ သို့သာ မှတ်ယူကြပေလိမ့်မည်။

သည့်နောက် သူသည် ထိုနေရာလေးမှ လှည့်ပြန်ခဲ့တော့၏။

❑ ❑ ❑ ❑ ❑

"တောက်"

လင်းမြင့်လှိုင်သည် တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်ကာ စိတ်ပျက်လက်ပျက် ဖြစ်သွားကာ ထိုနေရာလေးမှ ထထွက်သွားတော့၏။ ကျွန်တော်သည်လည်း မောင်စိုးကို စိမ်းစိမ်းကြီး ကြည့်လိုက်၏။

"အဲဒီလူက ဘယ်သူလဲ. . အဲလို လုပ်ပေးခဲ့တယ်ဆိုတာ မင်း ဘယ်လို သိလဲ"

"လှိုင်ညွန့်"

"သူက ဘာလို့ အဲလိုလုပ်ရတာလဲ"

"သူ့အသက်ကို ကျွန်တော် တစ်ခါကယ်ဖူးတယ်. . ဒါကြောင့် ကျေးဇူးတုန့်ပြန်တဲ့အနေနဲ့ လုပ်ပေးတာလို့ ပြောတယ်။ ပြီးတော့ သူက ကျွန်တော့်ကို အင်မတန် ခင်တွယ်ရှာတယ်။ ပြီးတော့ ကျွန်တော်နဲ့ ရှယ်လီကို မကွဲစေချင်လို့တဲ့. . . ရှယ်လီကိုလည်း သူချစ်တာကိုး"

ကျွန်တော် မောင်စိုးကို အတော်ကလေး ချီမွမ်းသွားတော့၏။ လိုင်ညွှန့်ကသာ သူ့အပေါ် တွယ်တာနေ၊ ခင်မင်ချစ်နေသူဖြစ်သည်။ သူကတော့ လိုင်ညွှန့်၏ သူ့အပေါ်ထားသည့် အချစ်၊ မေတ္တာ၊ စေတနာ၊ သံယောဇဉ် တွယ်တာခြင်းတို့ကို လုံးဝခေါင်းထဲ ထည့်မထား၊ တစ်ကိုယ်ကောင်းစိတ်သာ ရှိတော့၏။ ယောကျ်ားမပီသသော သူတစ်ယောက်သာဖြစ်တော့သည်၊ လွန်မင်းစွာ အတ္တဆန်သော လူတစ်ယောက်ဖြစ်သည်။

"ကဲ. . ကိုဒေးဗစ်. . . ခရီးဆက်ကြမယ်"

သို့ပြောကာ ကျွန်တော်သည် ရှေ့မှသွားနေသော လင်းမြင့်လှိုင်နောက် လိုက်ပါသွားတော့၏။

ထိုသည်ကား ကျွန်တော်၏ အမှားဖြစ်သည်။

ခရီးအတော်လှမ်းလှမ်းအရောက်တွင် 'အား'ဟူသော ထိတ်လန့်တကြား အသံကြောင့် နောက်သို့ လှည့်ကြည့်လိုက်သည်။

"ဟင်!"

ဘယ်လိုဖြစ်ပါလိမ့်၊ ဓာဒေးဗစ်တစ်ယောက် မြေပြင်ပေါ်တွင် မှောက်ခုံကြီး လဲကျနေ၏။ မောင်စိုးကိုတော့ဖြင့် မတွေ့၊ ဘယ်ရောက်နေပြီလဲ၊ ထိုနေရာတစ်ဝိုက် လှမ်းကဲကြည့်လိုက်၏။ အလစ် ထွက်ပြေးသွားချေပြီကော။

"ကိုပိုက်. . ဘာဖြစ်တာလဲ". . 'အား'ရယ်လို့ အော်ဟစ်သံကြီးကြားလိုက်သည်ကြောင့် လင်းမြင့်လှိုင်သည်လည်း ကျွန်တော့်အနားရောက်လာကာ မေးလေသဖြင့် ဓာဒေးဗစ်ရှိရာသို့ မေးငေါ့ပြလိုက်သည်။

"ဟာ. . ."

ဓာဒေးဗစ်အနားသို့ နှစ်ယောက်သား ရောက်သွားကြတော့သည်၊ မှောက်ခုံကြီး ဖြစ်နေသည့် ဓာဒေးဗစ် သတိမေ့နေခြင်းဖြစ်သည်ကြောင့် သတိပြန်လည်အောင် လုပ်ပေးနေရသည်ကြောင့် မောင်စိုးတစ်ယောက်ကို မျက်ခြည်ပြတ်သွားရတော့၏။ ထိုသည်ကား ပြဿနာမရှိ

ချေပြီ၊ သူပြေးဝင်သွားသော နေရာသည် စိုစွတ်သော မြေသားများနှင့် ပြည့်လျှံနေသည့် အင်းပျက်မြေပြန့် ရေစပ်စပ်ရှိနေသည့် ဖျဉ်းမတော အတွင်း ဖြစ်နေခြင်းကြောင့်ပင်၊ သူ၏ခြေရာကို ကောက်၍ လွယ်လင့် တကူ လိုက်နိုင်မည်ဖြစ်၍ပင်၊

"ဘယ်လိုဖြစ်ရတာလဲ. . စောဒေးဗစ်ရယ်"

သူ အလေးအခင်း သွားချင်တယ်ဆိုလို့ ကျွန်တော် ကြိုးဖြေ ပေးလိုက်တယ်၊ သူ အကွက်ဆင်တာပဲ. . . ကျွန်တော်ကတော့ ကျွန်တော့် ခယ်မလေးနဲ့ ပတ်သက်လို့ ကရုဏာစိတ်လေး ထားလိုက်တာမှ အလစ် အငိုက် ကျွန်တော့်ကို တိုက်ခိုက်ပြီး ပြေးတော့တာပဲဗျာ"

"ဟင်း. . . ဟင်း. . . ဟင်း. . ."

လင်းမြင့်လှိုင်သည် ဘာကို သဘောကျသွားသည် မသိ၊ သို့ နှယ် ရယ်လိုက်ပြီး -

"ကဲ. . တရားခံနောက် လိုက်ကြမယ်. . မနက်တုန်းက ကျွန် တော့် သွားရင်းလာရင်း ကျွန်တော့်ရှေ့ကနေ ဖြတ်လျှောက်သွားတဲ့ မြွေ တစ်ကောင် တွေ့လိုက်ကတည်းက ခရီးရှည်တော့မယ်ဆိုတာ သိလိုက် ရတယ်"ဟု ပြောလိုက်ကာ "ဟား. . ဟား. . ဟား. . ဟား"ရယ်လိုက်ပြီး မောင်စိုး ထွက်ပြေးသွားရာနောက်သို့ ခြေရာခံလိုက်သွားလေတော့သည်၊

ကျွန်တော်တို့သည်လည်း သူ့နောက် လိုက်သွားကြတော့သည်၊

တစ်မိုင်လောက် ခရီးတွင် လင်းမြင့်လှိုင်က တောင်သရက်ပင် ထိပ်ဖျားရှိ လင်းရှူးတစ်ကောင်ကို ပစ်ချလိုက်ပြီး -

"တုန်းပြောင်ပြောင် တစ်နေရာရှာပြီး နားနေကြဦးမယ်ဗျာ"

လင်းမြင့်လှိုင်စကားကြောင့် ကျွန်တော် လွန်မင်းစွာ အံ့ဩသွား တော့၏၊ အေးတိအေးစက်နှင့် ပါကလား ရယ်လို့လည်း တွက်လိုက်မိ၏၊

သို့ကြောင့် -

"အချိန်ရှိတုန်း တရားခံကို လိုက်ဖမ်းမှ ဖြစ်မပေါ့ဗျ"ဟု ပြော

လိုက်သည်။

"ကိုပိုက်က ဆန္ဒစောနေတာကိုးဗျ. . တရားခံက ကျွန်တော်တို့ကို ဘယ်လိုမှ မျက်ခြည် မပြတ်နိုင်ပါဘူး. . သူ့ထွက်လမ်း ဆုံးနေလောက်ပါပြီဗျာ။ ဒါကြောင့် ကျွန်တော်ငါ့ဆီပဲ ပြန်ပြေးလာပါလိမ့်မယ်"

"ဘယ်လို. . . ဘယ်လို. . ဆရာကြီး ဘယ်လိုပြောလိုက်တာလဲ"

စောဒေးဗစ်က မျက်စိမျက်နှာပျက်ဖြင့် မေးလာခြင်းကြောင့် ကျွန်တော်သည်ပင် 'စောဒေးဗစ်'ကို ဘယ်လိုဖြစ်နေပါလိမ့်ဟု ထင်လိုက်သည်။ လင်းမြင့်လှိုင်က သူ့ဝသီအတိုင်း သွားတက်လေးကို ပေါ်အောင်ရယ်လိုက်ပြီး -

"ဟင်း. . ဟင်း. . ဟင်း. . တရားခံက သူ့စရိတ်နဲ့သူ သွားမှာလာမှာပါဗျာ. . မယုံလျှင်ဖြင့် စောင့်ကြည့်နေကြဗျာ"

သို့နှယ်ပြောပြီး လင်းမြင့်လှိုင်သည် သူ ပစ်ရရှိသည့် လင်းရှူးကောင်ကို အရေစုတ်၍ တံစို့ထိုးလိုက်ပြီး ကုန်းမာမာပြောင်ပြောင် နေရာလေးတစ်ခုကို ရှာ၍ မီးဖိုလိုက်ကာ မီးကင်လိုက်တော့၏။

ကျွန်တော်သည်လည်း လင်းမြင့်လှိုင်ကို မည်သို့မျှ ပြောမနေပါတော့ချေ။ လုပ်ချင်တာ လုပ်ပါစေတော့လို့ ထားကာ သူ့နားတွင်ပင် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့သည်။

"ကိုပိုက်. . အေးအေးဆေးဆေးပေါ့ဗျာ"ဆိုပြီး ကျွန်တော့်လက်တွင်းသို့ ဝီစကီပုလင်းပြားလေးကို ထိုးပေးလာတော့၏။

ချမ်းစိမ့်စိမ့်ဖြစ်နေသည်နှင့် ကျွန်တော်သည်လည်း လင်းမြင့်လှိုင်ပေးလာသည့် ဝီစကီကို တစ်ငုံမော့သောက်လိုက်လေတော့၏။ လင်းမြင့်လှိုင်သည်လည်း ကျွန်တော် ပြန်ကမ်းပေးသည့် ဝီစကီကို သောက်ပြီး တဆင့်ဆိုသလို စောဒေးဗစ်ကို ကမ်းပေးလိုက်သည်။

"မသောက်တော့ဘူး ဆရာကြီး. . . ဆရာကြီးတို့အတွက် မလုံ

မလောက် ဖြစ်လိမ့်မယ်"ဟုပြောကာ ကျွန်တော်တို့ ထိုင်နေသည့် နေရာမှ မျက်စောင်းထိုးလောက်ရှိ မြောင်ပေါက်လေးကို စူးစိုက်ကြည့်နေလေသည်ကြောင့် -

"ကိုဒေးဗစ် ဘာကောင် တွေ့လို့လဲ"ဟု လင်းမြင့်လှိုင်က မေးလေ၏။

"ဗို. . . ဘာကောင်မှ မတွေ့ပါဘူး"ဟု ပြောကာ နေရာမှ ထလိုက်ပြီး -

"ဒီမယ် ညအိပ်စခန်းချမယ် မဟုတ်လား" မေးလာ၏။

"အေးလေဗျာ. . " လင်းမြင့်လှိုင်က ပြောသည်။

"နို့ဖြင့် ညတွက် ထင်းခြောက် သွားကောက်ဦးမယ်ဗျာ"ဆို ကာ စောဒေးဗစ်သည် ကျွန်တော်တို့အပါးမှ ထွက်သွားလေတော့၏။

"ကိုပိုက်. . ဒီညကို ကျွန်တော်တို့ တရားခံ ဖမ်းလျှင် ရပြီ" လင်းမြင့်လှိုင်က သို့ပြောလာသည်ကြောင့် -

"နို့ဆိုလျှင်ဖြင့်လည်း ဖမ်းပေါ့ဗျာ. . . မနက်မှဆိုလျှင် တစ်မျိုး တစ်မည် ဖြစ်သွားပေဦးမယ်"

ကျွန်တော့်စကားကြောင့် လင်းမြင့်လှိုင်သည် ပြုံးလိုက်ပြီး -

သည်ညကို စိတ်ချလက်ချ နောက်ဆံမတင်းပဲ အိပ်ချင်တယ်ဗျာ. . တရားခံကို ဖမ်းထားလျှင်ဖြင့် တာဝန်ကြီးတစ်ခုလို ယူနေရဦးမယ်၊ ဟော. . မနက်ကျမှ ဖမ်းလိုက်လျှင်ဖြင့် အတော်ပေပဲပေါ့ဗျာ. . ဒီညတော့ သူ့အစီအစဉ်နဲ့သူ အိပ်ပါစေ၊ ဒါမှ ကျွန်တော်တို့လည်း သက်သာသပေါ့ဗျာ"

သို့နှယ်ပြောပြီး လင်းမြင့်လှိုင်သည် မီးပုံပေါ်တွင် တံစို့ထိုး မီးကင်ထားသည့် လင်းရှူးသားကို ဖဲ့လိုက်ပြီး ပူပူလောင်လောင်ပင် ပါးစပ်တွင်း ထည့်ဝါးလိုက်၏။

"ကျက်ပြီ စားလို့ရပြီ"ဆိုသဖြင့် ကျွန်တော်သည်လည်း ဖဲ့ယူ

စားလိုက်၏။

"နေဦး"ဆိုကာ လင်းမြင့်လှိုင်သည် စာဒေးဗစ်ဝင်သွားသည့် မြောင်ထိပ်လောက်တွင်ရှိ သစ်ပုပ်ပင်ကြီး ကိုင်းတက်တစ်ခုတွင် နားနေသည့် သိန်းငှက်ကြီးတစ်ကောင်ကို လှမ်းချိန်လိုက်သဖြင့် -

"သိပ် မဝေးလွန်းဘူးလား. . ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာတုန်း. . . ကြည့်ဗျာ"ဟုဆိုပြီး မောင်းထိန်းခလုတ်ကို ဆွဲညှစ်လိုက်တော့၏။

"ဒိန်း"

"ချီးကျူးပါတယ်ဗျာ. ."

သို့ပြောပြီး ကျွန်တော်သည် ပုလင်းပြားလေးကို လှမ်းပေးလိုက်၏။

"ကိုလင်း ပစ်လို့ ကျသွားတဲ့ သိန်းငှက်ကို စာဒေးဗစ် တွေ့လျှင်ဖြင့် ကောက်လာမှာပဲ"

ကျွန်တော့်စကားကြောင့် လင်းမြင့်လှိုင်က သွားတက်ကလေးများပေါ်အောင် ရယ်မောလိုက်ပြီး -

"ဟား. . ဟား. . ဟား. . ဘယ်ကောက်ခဲ့ပါ့မလဲဗျာ. ." ပြောလာသဖြင့် ကျွန်တော်က အံ့ဩစွာဖြင့် -

"ဘာလို့တုန်း"ဟု မေးလိုက်၏။

"သူ့အကြောင်းနဲ့သူပေါ့ဗျာ. . အင်း. . တစ်ခုတော့ ရှိတယ်၊ စာဒေးဗစ် ပြန်လာလျှင်ဖြင့် သွားမမေးလေနဲ့နော်. . မသိယောင်ဆောင်နေ"

"ဟင်. . . ကျွန်တော်တော့ နားမလည်နိုင်တော့ဘူးဗျာ. . . တကယ်လို့ သူတွေ့လို့ ကောက်လာလျှင်ကောဗျာ"

"သူတွေ့လို့ ကောက်လျှင်လည်း ကျွန်တော်တို့ကို ပေးမှာမဟုတ်ဘူး။ ကျွန်တော်တို့ဆီတောင် ယူလာမှာ မဟုတ်ဘူး"

"တော်ပြီ ကိုလင်းရယ်. . . ဘာတွေမှန်းလည်း မသိဘူး"

ကျွန်တော်သည် လင်းမြင့်လှိုင်အား သို့ပြောလိုက်ပြီး ရေချိုးရန် အလို့ငှာ ချောင်းရိုးလေးရှိရာသို့ သွားလိုက်၏။

"ကျွန်တော်လည်း လိုက်မယ်ဗျာ"

လင်းမြင့်လှိုင်သည် ပုလင်းပြားလေးအတွင်းမှ လက်ကျန်ကို အပြတ်ဖြတ်လိုက်ပြီး ကျွန်တော်နှင့် လိုက်ပါလာတော့သည်။

ချောင်းရိုးလေးနား ရောက်သည်တွင် -

"ဟင်!. . . ကိုလင်း ဒီထဲမယ် မိကျောင်းများ ရှိလေသလား မသိဘူး"ဟု ပြောလိုက်ကာ ရေစပ်တွင်ရှိ မိကျောင်းခြေရာများကို ပြလိုက်၏။ လင်းမြင့်လှိုင်က ခြေရာများကို ကြည့်ပြီး -

"ပြောတတ်ဘူး. . ခြေရာကြည့်ရတာ တစ်ပတ်ဆယ်ရက် လောက်က လာသွားတဲ့ ခြေရာဗျ. . . ရေနက်နက်ထဲ မဆင်းလေဘဲ ရေ တိမ်တိမ်မှာ ခြေလက်ဆေးလျှင် တော်ပြီပေါ့ဗျာ"

လင်းမြင့်လှိုင်ပြောသလို ခြေလက်ဆေးကြောကြပြီး ထိုချောင်း လေးမှ ပြန်အလာတွင် အိပ်တန်း ဝင်လာသော တောကြက်တစ်ကောင် ပစ်ရလိုက်သေးတော့၏။ ချောင်းရိုးအစပ်တွင် ပေါက်နေသည့် ကြက်ခြမ်း ပင်မှ အသီးအမှည့်များကို စားရန် အလို့ငှာ ခူးလာလိုက်သေးတော့၏။

ကျွန်တော်တို့စခန်း ပြန်ရောက်သည်တွင် စောဒေးဗစ် ရောက် နှင့်နေသည်ကို တွေ့ရ၏။

ထင်းခြောက်တုံးများတော့ လုံလုံသောက်သောက် ပါလာ၏။ ကျွန်တော်တို့ကို မြင်သည်နှင့် -

"အလို တောကြက်တစ်ကောင် ရလာပါကလား"

"ပေး. . ပေး. . ကျွန်တော် အရေဆုတ်ပေးမယ်"ဆိုကာ လှမ်း ယူလေပြီးတော့ ကြက်အရေဆုတ်ကာ တံစို့ထိုး မီးကင်လိုက်တော့၏။

ထိုည ကျွန်တော်တို့သည် မြေပေါ်တွင်သာ ဝါးကြမ်းခင်း၍

အိပ်လိုက်ကြတော့သည်။

တစ်ရေးနိုးလာသည်တွင် နှာခေါင်းတွင်း အညှော်နံ့တစ်ခု ရလိုက်သည်ကြောင့် မီးပုံဘက် လှမ်းကြည့်လိုက်၏။

မီးပုံတွင်းရှိ အသားကင်တို့ထံမှ လာသော အသားကင်နံ့မဟုတ်ချေ။ သို့ကြောင့် လင်းမြင့်လှိုင်ကို နှိုးလိုက်သည်။

"ဘာတုန်း ကိုပိုက်"

ကျွန်တော်က ညဘက်ကြီး အသားမီးကင်နံ့ ရသည်ကြောင့် လင်းမြင့်လှိုင်ကို နှိုးရခြင်းဖြစ်ကြောင်း ပြောပြလိုက်သည်တွင်-

"ဟား. . ဟား. . ဟား. . ဟား ကိုပိုက်က အသားမီးကင်နံ့ ရတာပဲ သတိထားမိတာကိုး၊ စောဒေးဗစ်မရှိတာကို သတိမထားမိဘူး လား"

"ဟာ. . ဟုတ်ပါရဲ့"

သည်တော့မှ ကျွန်တော် သတိထားမိလိုက်၏၊ စောဒေးဗစ် မရှိပါကလား၊ ညကြီးမင်းကြီး ဘယ်သွားနေပါလိမ့်. . . သို့ကြောင့်-

"စောဒေးဗစ် ဘယ်ထွက်သွားလဲ. . ဒီ အသားကင်နံ့က ဘယ် က လာတာလဲ"

ကျွန်တော်က မေးလိုက်၏၊

"ကိုပိုက် သိချင်တာတွေ ကျွန်တော် တစ်ခုချင်း ရှင်းပြမယ်" ဆိုကာ လင်းမြင့်လှိုင်သည် အိပ်ရာမှထပြီး ထင်းမီးပုံနား သွားထိုင်လေ သဖြင့် ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နား သွားလိုက်ပြီး -

"ဆိုစမ်းပါဦးဗျာ"ဟု ပြောလိုက်၏၊

လင်းမြင့်လှိုင်သည် အသားကင်တစ်ခုကို ယူစားလိုက်ပြီး -

"နေစမ်းပါဦး. . စောဒေးဗစ်က ဘာလို့ အဲဒီသွားနေရတာလဲ၊ ညက ကျွန်တော်တို့နဲ့ တူတူပဲ မဟုတ်လား. . ကျွန်တော် မှုးပြီး အိပ်နေ တုန်း ကိုလင်းနဲ့ စကားများပြီး သူတစ်ယောက်တည်း သွားနေတာပေါ့

. . . ပြောပါဦး. . ဘာတွေဖြစ်နေကြသေးလဲ"

"ဟား. . ဟား. . ဟား. . ဟား. . ကိုပိုက် ဘာမှ မသိပါကလား . . . ညက ဒေးဗစ် ကျွန်တော်တို့နဲ့ တူတူရှိတာ မှန်တယ်၊ ကိုပိုက်တော ကျွန်တော်ပါ မှူးပြီး အိပ်သွားတော့ စောဒေးဗစ်က အဲဒီကို လစ်သွား တော့တာပဲပေါ့"

"ဟင်. . ဘာဖြစ်လို့တုန်း"

"အဲဒီမယ် မောင်စိုး ရှိတယ်လေ"

"မဖြစ်နိုင်တာ ကိုလင်းရယ်. . မောင်စိုးရှိလျှင်ဖြင့် စောဒေးဗစ် က ပြန်ဖမ်းလာတော့မပေါ့"

ကျွန်တော့်စကားကြောင့် လင်းမြင့်လှိုင်သည် 'ဟက်'ခနဲ တစ် ချက် ရယ်လိုက်ပြီး -

"မောင်စိုးကို သူဟ ဖမ်းမှာမဟုတ်ဘူး၊ ဝေးရာကို ခေါ်သွားပေး မှာလေ"

"ဘယ်လို. . . ကို. . ရှုပ်ကုန်ပြီဗျာ"

"ကျွန်တော့်အမြင့် ပြောရလျှင်ဖြင့် ကျွန်တော်တို့နဲ့ သူ မနက် ကတည်းက လိုက်လာတာဟာ အကြံနဲ့ဆိုတာ ရိပ်မိလိုက်တယ်ဗျ. . နို့ ဘာလို့ ကျွန်တော်က လက်ခံခေါ်လာသလဲဆိုတော့ စောဒေးဗစ်က ဦး သင်းကြိုင်ကို မောင်စိုး သတ်လိုက်တဲ့အခါ ဘယ်အခန်းကဏ္ဍက ပါသ လဲ သိချင်လို့ပဲဗျ"

"ဟုတ်ပါပြီတဲ့. . သူ့အကြောင်း ဘယ်လောက် သိထားပြီလဲ"

ကျွန်တော်က မေးလိုက်သည်။

"ကျွန်တော်တို့ ဇလစ်မှာ စောဒေးဗစ်က တမင်လွှတ်ပေးလိုက် တာဗျ. . ကျွန်တော်တို့မယ် ငီစကီ စ,သောက်တုန်းက ခုမြောင်လေးထဲ ကို လူတစ်ယောက် ဖျတ်ခနဲ ဝင်သါးတာ ကျွန်တော် တွေ့လိုက်သလို စောဒေးဗစ်လည်း တွေ့လိုက်တယ်. . ကျွန်တော်ကတော့ ဘယ်သူမှန်း

မရိုပ်မိလိုက်ပေမယ့် စောဒေးဗစ်က သိလိုက်တယ်။ သည်တော့ ကျွန်တော် တိုက်တဲ့အမှက်ကို မသောက်ဘဲ သစ်တုံးခြောက် မကောက်သွားမယ်လို့ အကြောင်းပြပြီး အဲဒီမြောင်ဘက် လိုက်သွားတော့တာပေါ့. . "

"ကျွန်တော် အဲဒီမှာ သိလိုက်ပြီ. . မောင်စိုးက တောကြောက်တယ်၊ တစ်ယောက်တည်း မသွားရဲ မသွားတတ်ဘူး. . ဒါကြောင့် ကျွန်တော်တို့နဲ့ ခပ်လှမ်းလှမ်းမှာပဲ ညအိပ်ဖို့ စဉ်းစားလိုက်တယ်. . ဒါကို စောဒေးဗစ်က သိတော့ ကျွန်တော်တို့ အိပ်တုန်းမှာ လစ်ထွက်သွားတာလေ. . ညနေက သွားတုန်းက အချိတ်အဆက် လုပ်ခဲ့မှာပေါ့. . ဒါကြောင့် ညဘက်မယ် လစ်သွားတာ. . . အဲဒီမှာ ညအိပ်ပြီး မနက်စောစော ထ,လစ်သွားကြလိမ့်မယ်. . အဲဒီတော့ ကိုပိုက်ရေ. . . မနက်ကို စောစောထဗျ"

"နို့. . နေပါဦး. . ကိုလင်းက ဘယ်လိုလုပ် သူတို့ အဲဒီမှာ ရှိမယ်၊ ညအိပ်မယ်ဆိုတာ အတတ်ပြောနိုင်ရတာလဲ"

ကျွန်တော်က မေးလိုက်ပြန်သည်။

"လွယ်ပါတယ် ကိုပိုက်ရယ်. . မောင်စိုး အဲဒီမယ် အိပ်မယ်ဆိုတာ ကျွန်တော်သိလို့ သိန်းငှက်ကို ပစ်ချပေးလိုက်တာပေါ့၊ ဒါဟာ သူ့ကို စားစေချင်တာရယ်. . သူ ညဘက် ဘယ်မှာ စခန်းချမယ်ဆိုတာ သိချင်လို့ပဲ"

ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားရတော့၏။

"နို့ဖြင့် စောဒေးဗစ်က ကိုသင်းကြိုင် သတ်ခံရတဲ့ အမှုမှာ ဘယ်လို ပတ်သက်နိုင်သလဲ"

"ပြောရမယ်ဆို. . ဘာမှ မပတ်သက်ဘူး. . မောင်စိုး အပေါ်မှာ ကရုဏာသက်ပြီး ကူညီချင်တာပဲ ရှိတယ်"

"အိုဗျာ. . သူ့မိတ်ဆွေလေးက လူသတ်တရားခံဘဲ၊ ဘာကြောင့် သူက ကူညီရတာလဲဗျာ. . . မဖြစ်နိုင်တာကို လုပ်ချင်တဲ့လူပဲ"

"ဒါကတော့. . ဒီလိုရှိတယ် ကိုပိုက်ရဲ့. . သူတို့တစ်တွေဟာ

တောတောင်ထဲမှာ စုစုဝေးဝေး နေကြသူတွေ ဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် သံယောဇဉ်ဆိုတာ ရှိကြမှာပေါ့၊ ဆိုးတူကောင်းဘက်တွေ ဆိုတော့ ကူညီပေးတာ ဖြစ်မပေါ့ဗျာ"

"အင်း. . . ဒါတွေအားလုံး သဘောပေါက်ပါပြီ. . ကဲ. . တရားခံ မလွတ်အောင် ကျွန်တော်တို့ ညတွင်းပဲ သွားဖမ်းကြမှာလား"

ကျွန်တော်က မေးလိုက်၏။

"ခုမှ ငှက်သားမီးကင် လုပ်စားနေကြတယ်ဆိုတော့ ဒီမယ် ညအိပ်ကြပါလိမ့်မယ်၊ သေချာပါတယ်"

လင်းမြင့်လှိုင်သည် သို့နှယ်ပြောပြီး လှဲအိပ်လိုက်တော့၏။ သည်တော့လည်း လင်းမြင့်လှိုင်တစ်ယောက် မကြာမီ အိပ်ပျော်သွားပြန်၏။

"ကိုလင်း. . ထ. . ကိုလင်းလည်း ခပ်စောစော သွားမယ်ဆို"

ကျွန်တော်က ဝီရိယရှိစွာဖြင့် လင်းမြင့်လှိုင်ကို ခပ်စောစော အချိန်တွင် ပုတ်နှိုးလိုက်၏။ သည်တွင် သူသည် လူးလဲထ,လာပြီး -

"ခင်ဗျား ပြန်အိပ်မယ်ဆိုလျှင် တစ်နာရီခွဲ၊ နှစ်နာရီလောက် အိပ်ခွင့်ရလိမ့်ဦးမယ်"ဟုပြောကာ ပြန်လှဲအိပ်လိုက်သည်ကြောင့် -

"ကိုလင်း မစောတော့ဘူးဗျ. . နောက်ကျသွားလျှင် တရားခံ လွတ်သွားနိုင်တယ်"

"ခုပဲသွားသွား မနက်မှပဲသွားသွား. . . သူတို့ကို တွေ့နိုင်လိမ့်မယ် မထင်တော့ဘူးဗျ. . ဘာလို့လဲဆိုတော့ ညကတည်းက လစ်သွားကြပြီ"

"ဒါနဲ့ ကိုလင်းဂျ မနက်ဆိုလျှင် ဖမ်းမိလောက်ပြီဆို"

ကျွန်တော်က ခနဲ့တဲ့တဲ့ပြောလိုက်၏။ ပြီးနောက် -

"ပြီးတော့ သူတို့မရှိတော့ဘူးဆိုတာ ဘယ်လိုလုပ် ပြောနိုင်ရတာတုန်း"

"သူတို့နေရာလေးကနေ ဟင်းကောင် မာန်ဖိသံကို ကြားရတယ်လေ၊ သည်ကတည်းက သူတို့ထွက်သွားပြီဆိုတာ သိရတာပေါ့"

"ကဲ. . ကိုလင်းရယ်. . ဒါတွေ ထားလိုက်ပါတော့၊ သူတို့ ခုလောက်ဆို အတော်ခရီးပေါက်လောက်ပြီ"

သို့ ကျွန်တော်က ပြောလိုက်သည်တွင် 'သူ' ကပျာကသီ ထ,လာပြီး -

"ကဲ. . လာ သွားကြမယ်"ဟုဆိုကာ ကျွန်တော့်လက်ကို ဆွဲသွားသဖြင့် -

"ဟ. . ဖွတ်ကြီးပါကလား"ရယ် ပြောလိုက်လေမှ ရပ်လိုက် ပြီး "ကိုပိုက်ပဲ တရားခံကို အမိဖမ်းချင်သပဆို"

"အဲလိုလည်း ဘယ်ဟုတ်ပါ့မလဲ ကိုလင်းရယ်. . ကျွန်တော်တို့ ကိုသင်းကြိုင်အပေါ် တာဝန်မကျေဖြစ်မှာ စိုးရိမ်လို့ပါ"

"အေး. . ဟုတ်တယ်ဗျ. . ခပ်စောစောက သွားတော့၊ ခပ်စောစော ကိစ္စပြတ်တာပေါ့ဗျာ"

သို့နှယ်ပြောပြီး သူသည် ထိုမြောင်ပေါက်လေးရှိရာသို့ သွားလိုက်၏၊ ကျွန်တော်သည် နောက်မှ ကပ်လိုက်သွားတော့၏၊

ထိုမြောင်ကြောထိပ်တွင် လင်းမြင့်လှိုင်ပြောသလို လူတွေ စခန်းချသွားပုံသိရ၏၊ သိန်းငှက်အမွေးနှင့် အရိုးအရင်းများကို တွေ့နေရ၏၊ ထိုနေရာတစ်ဝိုက်တွင် ကျားခြေရာလည်း တွေ့လိုက်ရသဖြင့် လင်းမြင့်လှိုင်ကို ချီးကျူးမိတော့၏၊

သည့်နောက် ကျွန်တော်တို့နှစ်ယောက်သည် မောင်စိုးတို့ ခြေရာကို ခံ၍ လိုက်သွားကြတော့သည်၊

သိပ် ဝေးဝေး ခြေရာခံလိုက်စရာ မလို၊ ဖျဉ်းမတောအစပ်လေးတွင် သူတို့နှစ်ယောက်ကို တွေ့လိုက်ရသည်ကြောင့် ကပျာကသီ သူတို့ရှိရာသို့ ပြေးသွားလိုက်ကာ -

"မောင်စိုး. . . မင်း ထွက်ပြေးဖို့ မကြိုးစားပါနဲ့"လို့ အော်ဟစ်လိုက်ကာ သေနတ်ဖြင့် လှမ်းချိန်ထားလိုက်တော့၏။

ကျွန်တော့်အသံကို ကြားသည်နှင့် မောင်စိုးနှင့် စောမေးဖစ်သည် တစ်ချက် လှည့်ကြည့်လာပြီး ဖျဉ်းမတောလေးအတွင်း ပြေးဝင်သွားကြတော့၏။ သို့ကြည့်နေ ငိုင်တွေဆဲမှာပင် သူတို့နောက်သို့ ဘယ်အချိန်က ရောက်နေမှန်း မသိသော ဖွတ်ကောင်ကြီးက 'ပိစ်ခ် ပိစ်ခ် ပိစ်ခ်'ရယ်လို့ အော်မြည်ကာ မောင်စိုးတို့နောက် ပြေးလိုက်သွားတော့၏။

ဖွတ်ကောင်ကြီးသည် သူ၏ ကြီးမားသော အမြီးကြီးကို ထောင်၍ လေးဖက်တွားထောက် ပြေးလိုက်သွားတော့၏။

"ဟာ. . ."

"မောင်စိုး" နှင့် 'စောဒေးဖစ်'သည် မြေပြန့်တွင် ပြေးလွှားသွားရခြင်းကြောင့် ဖွတ်ကောင်ကြီး၏ လိုက်လံတိုက်ခိုက်ခြင်းမှ ပြေးမလွတ်သာခဲ့ချေ။ စောဒေးဖစ်က ရှေ့မှ၊ မောင်စိုးသည် နောက်မှ ခြေကုန်သုတ်ပြေးနေကြပြား ဖွတ်ကောင်ကြီးက သူတို့ထက် လျင်မြန်ဖျတ်လတ်ပုံ ရလေ၏။

မောင်စိုး၏ ခြေထောက်ကို လှမ်းဟပ်လိုက်သည်နှင့် မောင်စိုးသည် မြေပေါ် လဲကျသွားတော့၏။

ကျွန်တော်သည် လက်တွင်းရှိ သေနတ်ဖြင့် ကပျာကသီ ထိုးချိန်ပစ်လိုက်သည်။

"ဒိန်း"

ဖွတ်ကောင်ကြီး၏ နောက်ခြေသလုံးသားကို ထိမှန်သွားတော့၏။ ဖွတ်ကောင်ကြီးကား ဖြုပြင်မဖြု၊ မောင်စိုး၏ ခန္ဓာကိုယ်ကြီးကို ကိုက်ချီကာ ရှေ့ဆက် ပြေးလွှားသွားတော့၏။

"ဒိန်း"

"ဒိန်း"

ကျွန်တော်ကော လင်းမြင့်လှိုင်ပါ ဝိုင်းပစ်လိုက်ကြတော့၏။ ဖွတ်ကောင်ကြီးသည် အစာကိုသာ ငမ်းနေတော့၏။ ပါးစပ်တွင်း ကိုက်ချီထား ဖျဉ်းမတောလေး၏ နောက်ဘက်ရှိ တောင်ကြောလေးပေါ် တက်ပြေးသွားတော့၏။ တကယ်တမ်း သူ့ပါးစပ်တွင်း ပါသွားသည်မှာ မောင်ဖိုး၏ ခမ်းဗိုက်နှင့် ရင်အုပ်ပိုင်းသာလျှင် ဖြစ်တော့၏။ ကျန်ရှိသော လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများသည် သူ၏ ပြေးလမ်းတစ်လျှောက်တွင် တစ်စစီ ပဲ့ကျန်ရစ်ခဲ့လေတော့သည်။

စောဒေးဝစ်တစ်ယောက်ကတော့ဖြင့် ဖွတ်ကောင်ကြီး၏ ပြေးသွားတိုက်ခိုက်ခံရမှုကြောင့် လက်တစ်ဖက် ခြေနှစ်ဖက် ကျိုးကျေသွားရတော့၏။ သူတို့အပြစ်ဒဏ်ကို သူတို့ခံလိုက်ရခြင်း ဖြစ်တော့သည်။

ဖွတ်ကောင်ကြီးကား ဘယ်သို့ ထွက်ပြေးသွားလေသည် မသိ၊ ဘယ်နေရာတွင် လဲကျသေနေမည်လည်း မသိ။

ကျွန်တော်သည် စိတ်မကောင်းစွာဖြင့် လင်းမြင့်လှိုင်ကို ငေးကြည့်လိုက်မိပေတော့သည်။

ထို အဖြစ်အပျက် ထိုမြင်ကွင်းသည် ကျွန်တော်နှင့် လင်းမြင့်လှိုင်အတွက် ဘယ်သောအခါမျှ မေ့ဖျောက်နိုင်လိမ့်မည် မဟုတ်ချေ။

လွန်စွာမှု ကြီးမားသော အံ့ဖွယ်ဖြစ်သည့် ဖွတ်ကြီးအား သော်လည်းကောင်း၊ ကျွန်တော်တို့၏ မိတ်ဆွေကြီး ကိုသင်းကြိုင်ကိုသော် လည်းကောင်း၊ သူငယ်ချင်း မိတ်ဆွေအပေါ် လွန်စွာမှု ချစ်ခင်တွယ်တာသော ခိုးလှိုင်ညွန့်ကိုသော်လည်းကောင်း၊ ယုတ်မာပက်စက်၊ ရက်စက်သော မောင်ဖိုးကိုသော်လည်းကောင်း၊ မေ့ဖျောက်မရလေသည်ကြောင့် နောင်ဆယ့်ငါးနှစ်ခန့်အကြာတွင် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ပေါင်းလောင်းချောင်းဖျားသို့ ရောက်ခဲ့ကြပြန်သည်တွင် ဖျတ်ခနဲ သူတို့အားသွား၍ သတိရလိုက်ပေသည်။

ပေါင်းလောင်းချောင်းဖျားတွင် ယခင်က ဆင်စခန်းသာ ရှိခဲ့

၏၊ ယခုမူ ရွာကလေးတစ်ရွာ ဖြစ်နေတော့၏။

ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် ဝန်ထောက်လေး မျိုးဝင်းနှင့် ခေါ်မစခန်းတွင် ချိန်းထားသောကြောင့် ရောက်လာကြခြင်းဖြစ်သည်။

"ကိုလင်းရေ. . ဒါ. . ဒီနေရာ အရင်က ဆင်ခေါင်းကြီး ကိုခင်မောင်မြင့်တို့ရဲ့ ဆင်စခန်းနေရာပေပဲဗျ. . . အခုတော့ ရွာဖြစ်နေပါကလား"

ကျွန်တော်တို့သည် ခရီးပမ်းလာသည်လည်း ဖြစ်၍ ထိုရွာကလေးတွင် ခေတ္တနားနေ အပန်းဖြေပြီးမှ မျိုးဝင်းနှင့် ချိန်းထားသောခေါ်မစခန်းသို့ ဆက်သွားရန် စီစဉ်လိုက်ကြခြင်းဖြစ်သည်။

ရွာလေးသည် ပေါင်းလောင်းချောင်း ကမ်းနဖူးတွင် တည်ထားခြင်းဖြစ်သည်။ အိမ်ခြေတော့ဖြင့် သိပ်မရှိလှချေ။ တောကြိုတောင်ကြားလေးထဲတွင် ဖိုတစ်အိမ်၊ သည်တစ်အိမ်ဆောက်ကာ နေထိုင်ကြခြင်းဖြစ်၏။ ရွာလမ်းကို ဝင်လိုက်သည်နှင့် ကျွန်တော်တို့နှစ်ယောက်ကို စူးစမ်းလေ့လာ လိုက်ပါကြည့်နေသည့် အသက်အားဖြင့် ရှစ်နှစ်ခန့်ရှိကောင်လေးတစ်ယောက်ကို သတိထားမိလိုက်၏။ သို့ကြောင့် -

"ဟိတ်ကောင် ချာတိတ်. . လာဦး"

ထိုချာတိတ်သည် ကြောက်ရွံ့ခြင်း အလျဉ်းမရှိပါချေ။ ကျွန်တော်တို့အနား တိုးကပ်လာတော့၏။

"မင်း ဒီရွာကလား" မေးလိုက်၏။

"ဟုတ်တယ်"

"ဦးလှိုင်ညွှန့်ဆိုတဲ့ လူကြီးရှိလား"

သူတို့ရှိကြလိမ့်မည် ထင်၍ မေးလိုက်ခြင်းဖြစ်၏။ သိပ်တော့မမျှော်လင့်ပါချေ။ သို့ပေမယ့် -

"ဦးလှိုင်ညွှန့်. . ဆိုတာတော့ ရှိဘူးဗျ. . လှိုင်ညွှန့်တော့ ရှိတယ်" ပြောလာသဖြင့် -

"အေး. . အေး. . ဘဘတို့ကို အဲဒီ လှိုင်ညွန့်အိမ် လိုက်ပြစမ်း"

"ဘာလုပ်မလို့လဲဗျ"

"တွေ့ချင်လို့ပေါ့ကွာ"

"အဲလိုဖြင့်လည်း. . တွေ့နေပြီပဲ ပြောလေဗျာ"

ဟင်! ချာတိတ်က အသွက်လေးပါကလား၊ သူ့နာမည်က လှိုင်ညွန့်ဆိုပါကလား. . .၊

"ဟား. . ဟား. . ဟား. . ဟား. . အတော်လာတဲ့ ချာတိတ်ပေပဲ" ဟုဆိုကာ သူ့ခေါင်းကို ပုတ်လိုက်ပြီး ထိုနေရာလေးမှ လမ်း ဆက်လျှောက်လိုက်သည်တွင် မမျှော်လင့်သော သူတစ်ယောက်ကို မြင်လိုက်ရသဖြင့် အံ့ဩသွားမိပေတော့၏၊ သေချာရန်အလို့ငှာ -

"မင်း. . . မင်း. . ရှယ်လီထွန်း မဟုတ်လား"

ရွာလမ်းတွင် မျက်နှာချင်းဆိုင် ဆုံမိကြသည်တွင် မေးလိုက်သည်၊ ထိုအမျိုးသမီးကလည်း ကျွန်တော်တို့ကို အသေအချာ စူးစိုက်ကြည့်နေပြီးမှ -

"ဟင်! ဦးလေးသင်းကြိုင် မိတ်ဆွေတွေ မဟုတ်လား"

သူမသည်လည်း အံ့ဩစွာဖြင့် မေးလာလေ၏၊

"ဟုတ်ပါ"

"ဘယ်လိုဝမ်းသာမှန်း မသိဘူး ဦးကြီးတို့ရယ်. . ကျွန်မ ရှယ်လီထွန်းပါ၊ အိမ်က ဒီနားတင် လိုက်ခဲ့ကြပါဦး"ဆိုသဖြင့် သူမအိမ်သို့ လိုက်သွားကြတော့၏၊

"ဟင်!"

သူမအိမ်တွင် စောစောက ချာတိတ်ကို တွေ့လိုက်ရသဖြင့် ပို၍ အံ့အားသင့်သွားရခြင်းဖြစ်တော့သည်၊ သို့ကြောင့် -

"နေပါဦး ရှယ်လီ. . . မင်း ယောကျ်ား လှိုင်ညွန့်ကော၊ ဆင်ဦးစီးအလုပ်ပဲ လုပ်နေသေးလား"

သို့ မေးလိုက်သည်တွင် သူမမျက်နှာသည် ညှိုးကျသွားတော့သည်။ ပြီးလေမှ -

"သူဆုံးတာ ကြာပါပြီ ဦးတို့ရယ်"

"အို . . စိတ်မကောင်းလိုက်တာ . . ဘယ်လိုကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးပါးရတာပါလိမ့်"

"ကဲ . . လာ ထိုင်၊ လက်ဖက်စား၊ အဖန်ရည်သောက်ဦး၊ ပြောပြပါ့မယ်"ဆိုကာ အိမ်တွင်း ခေါင်းရင်းခန်းတွင် ကျွန်တော်တို့အား သက်သောင့်သက်သာ ထိုင်စေလေ၏။

ပြီးလေမှ သူမက -

"လှိုင်ညွန့်အကြောင်းလည်း ဦးတို့ သိတယ် မဟုတ်လား . . သူ့သူငယ်ချင်း ကိုစိုးကို အရမ်းချစ်ခင် တွယ်တာတာကလား"

"အေးလေ . ."

ကိုစိုးဆုံးပါးသွားပြီးနောက် သူ တမှိုင်မှိုင် တတွေတွေနဲ့ရယ် . . နဂိုကမှ စကားသိပ်မပြောတဲ့သူဆိုတော့ စကားမှ ပြောတတ်ကဲ့လားလို့တောင် ထင်ရတယ်၊ အဲလိုဖြစ်သွားတယ်၊ သူ့ရဲ့ထူးခြားမှုကတော့ မုဆိုးတွေနဲ့ လိုက်ပေါင်းခဲ့တာပဲလေ၊ သည်တော့မှ ကျွန်မ ရိပ်စားမိတော့တယ်၊ ကိုစိုးကို ကိုက်သတ်သွားတဲ့ ဖွတ်ကောင်ကြီးကို ကလဲ့စားချေ သတ်ဖြတ်ချင်လို့ဆိုတာပေါ့၊ မဖြစ်နိုင်မှန်းသိတဲ့ ကျွန်မက အမျိုးမျိုး နားချပါတယ်၊ မရဘူး၊ ဒွတ်ပဲ၊ နှစ်ရှည်လများ သူကြိတ်ကြံနေတာကိုး၊ သားလေးမွေးပြီး တစ်နှစ်သားကျော်ကျော်မှာ သူ့မိတ်ဆွေ မုဆိုးတစ်ယောက်နဲ့ တောထဲ လိုက်သွားတဲ့နေ့က ကျွန်မ သူ့ကို အသက်ရှင်လျက် တွေ့လိုက်ရတဲ့ နောက်ဆုံးနေ့ဖြစ်နေတော့တယ်"

"ဟင်!"

"အို"

သူနဲ့ ပါသွားတဲ့ မုဆိုးက ကြောက်အားလန့်အားနဲ့ ပြန်ရောက်

လာတယ်၊ သူတို့ အင်မတန် ဖုံးပြဖို့ကောင်းတဲ့ ဖွတ်ကြီးနဲ့ တွေ့ခဲ့ကြောင်းကို ရှောင်ပြေးမယ် ပြောပေမယ့်. . လှိုင်ညွန့်က ကျွန်တော် ဒီတောင်ကြီးကို ရှာနေတာ ကြာပြီ၊ လက်လွတ်ခံလို့ မဖြစ်ဘူးဆိုပြီး အတင်းမြေထွက်တိုက်ခိုက်တော့တာပဲတဲ့"

"သူ့လက်ချက်နဲ့ ဖွတ်ကြီး သေနတ်သုံးချက် ထိသွားသလို လှိုင်ညွန့်တစ်ယောက်တည်း ဖွတ်ကြီးလက်ချက်နဲ့ ခန္ဓာကိုယ် တစ်စစီ ဖြစ်သွားတယ်ဆိုပဲ"

"ဟေ"

မမျှော်လင့်ဘဲ ပြန်ဆုံရခြင်း သို့ သိလိုက်ရခြင်းကြောင့် လွန်မင်းစွာ စိတ်မကောင်းဖြစ်ရတော့၏။

"နို့ဖြင့် ဒီကလေးနာမည်က. . ."

သူ့မအေနားတွင် ကြုံ့ကြုံ့လေးထိုင်ကာ ကျွန်တော်တို့အား ကြည့်၍ ငေးနေသည့် ချာတိတ်ကို ကြည့်၍ မေးလိုက်၏။

"ဟုတ်ပါတယ်. . . သူက လှိုင်ညွန့်ပဲပေါ့. . . သတိတရ မှည့်ထားတဲ့ နာမည်ပါ"

ကျွန်တော်တို့သည် မျိုးဝင်းနှင့် ချိန်းထားသည်လည်း ဖြစ်၍ မှယ်လီထွန်းကို နှုတ်ဆက်ကာ ခေါ်မစခန်းသို့ ထွက်ခဲ့ကြတော့၏။

ညနေစောင်းလေးတွင် ခေါ်မစခန်းသို့ ရောက်ခဲ့ကြတော့၏၊ မျိုးဝင်းသည် ကျွန်တော်တို့ ရောက်လာကြမည်သိ၍ အစစ အရာရာ ကြိုတင်စီစဉ်ထားပြီး ဖြစ်တော့၏၊

ခေတ္တနားနေ ရေမိုးချိုးကြပြီးနောက် အရက်ဝိုင်းတွင် စကားမြည် ပြောနေကြသည်မှာ သူ ကျွန်တော်တို့နှင့် တွေ့လိုသည့်ကိစ္စကို မေးလိုက်သည်၊

"ဒီပေါင်းလောင်းချောင်းဖျား တောနက်ထဲမယ် DOMONO DRAGON လို သတ္တဝါဆန်းတစ်ကောင်ရှိတယ်လို့ သိရတယ်ဗျ. . အဲဒါ

ဟုတ်မဟုတ် သေချာသိချင်လို့ ကွင်းဆင်းဖို့ ကိစ္စပေပဲ"

သို့ မျိုးဝင်းက ပြောလာသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးပြလိုက်၏။ ပြီး

ကျွန်တော်က DOMONO DRAGON တော့ မဟုတ်လောက်ဘူးဗျ. . လွန်ခဲ့တဲ့ ၁၀နှစ်လောက်က ကျွန်တော်တို့နှစ်ယောက် ဗီတောနက်ကြီး ထဲမှာပဲဆုံဖူးတယ်. . " ဆိုကာ ကျွန်တော်တို့ မိတ်ဆွေကြီး ကိုသင်းကြိုင်နှင့်ပတ်သက်၍ အစပြုကာ ပြောပြလိုက်လေတော့သည်။

ကျွန်တော် ပြောပြသည့်ဇာတ်ကြောင်းစုံ သိသွားသည်ကြောင့် ဝန်ထောက်လေးမျိုးဝင်းတစ်ယောက် လွန်မင်းစွာ အံ့သြသွားပေတော့သည်။

စာဖတ်ပရိသတ်အား အစဉ်လေးစားကြိုးစားလျက်

ကိုဝိုက်
၁၂–၉–၂၀၀၃
(နံနက် ၂း၂၅ နာရီ)